မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Established in 1914
အတွဲ (၅၂) အမှတ် (၁၁၄)
Myanma Alinn Daily
၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်
၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်၊ အင်္ဂါနေ့။

ထူးခြားသည့် ညအပူချိန်များ
၂၁-၁-၂၀၁၃

ဟားခါးမြို့
၁ ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့
၄ ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့
၅ ဒီဂရီစင်တီဂရိတ်

သာယာမည်
၂၂-၁-၂၀၁၃

နေ ပြည် တော် နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖင်လန်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးအား လက်ခံတွေ့ဆုံ
နှစ်နိုင်ငံ သံတမန်ဆက်ဆံမှုတိုးမြှင့်နိုင်ရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဖင်လန်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး Ms. Heidi Hautala ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

တွေ့ဆုံရာသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းရည်မြှင့်တင်ရေးကိစ္စရပ်များတွင် ပါဝင်ကူညီဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွားရေးပိတ်ဆို့မှုများ အပြီးတိုင်ဖယ်ရှားနိုင်ရန် ကူညီဆောင်ရွက်ရေး၊ အထူးအခွန်သက်သာခွင့် (GSP) ပြန်လည်ရရှိရေးကိစ္စရပ်များ ဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် သမိုင်းဝင်အခွင့်အရေးရနေချိန်ဖြစ်သည့်အလျောက် နှစ်နိုင်ငံသံတမန်ဆက်ဆံမှုတိုးမြှင့်နိုင်ရေးနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖင်လန်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး Ms. Heidi Hautala အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"ကို ဥပဒေအဖြစ် ပြဋ္ဌာန်းရေး ဆောင်ရွက်မှုအား သတင်းထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သတင်းထုတ်ပြန်ရေးအဖွဲ့
သတင်းထုတ်ပြန်ချက် (၄/၂၀၁၃)
၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်
၁၃၇၄ ခု၊ ပြာသိုလဆန်း ၁၁ ရက်

"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"ကို ဥပဒေအဖြစ် ပြဋ္ဌာန်းရေး ဆောင်ရွက်မှုအား သတင်းထုတ်ပြန်ခြင်း

၁။ **"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** အား ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးတွင် အတည်ပြုပြီး နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးရန် (၁၈-၁၁-၂၀၁၂) ရက်တွင် ပေးပို့သည်။ နိုင်ငံတော်သမ္မတက ပေးပို့လာသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေအား ဆန့်ကျင်သော ပြဋ္ဌာန်းချက်များ၊ နိုင်ငံတော် အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းပြုရန်ဖြစ်သည့် ဒီမိုကရေစီကျင့်စဉ်ကို ဆန့်ကျင်သောပြဋ္ဌာန်းချက်များပါရှိခြင်းကြောင့် ပြင်ဆင်ပေးပါရန် သဘောထားမှတ်ချက်ပြု၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၆၊ ပုဒ်မခွဲ (က)ပါ ပြဋ္ဌာန်းချက်အရ ပြည်ထောင်စုလွှတ်တော်သို့ (၂၃-၁၁-၂၀၁၂) ရက်တွင် ပြန်လည်ပေးပို့ခဲ့သည်။ [အဆိုပါ သတင်းအပြည့်အစုံအား (၂၈-၁၁-၂၀၁၂) ရက်ထုတ်သတင်းစာတွင် ဖော်ပြပြီးဖြစ်သည်။]

၂။ အဆိုပါဥပဒေကြမ်းကို ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် ထပ်မံဆွေးနွေးပြီး အတည်ပြုချက်ဖြင့် နိုင်ငံတော်သမ္မတ အတည်ပြုလက်မှတ်ရေးထိုးနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၆၊ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်အရ ပြန်လည်ပေးပို့လာသည်။ ယင်းဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များသည် ပြည်ထောင်စုလွှတ်တော်က ပထမအကြိမ်ပေးပို့လာသော ပြင်ဆင်ပြဋ္ဌာန်းချက်များအတိုင်းပင် ပြန်လည်အတည်ပြုထားခြင်းဖြစ်သော်လည်း လွှတ်တော်ကိုယ်စားလှယ်အများစု၏ သဘောဆန္ဒဖြင့် အတည်ပြုထားခြင်းဖြစ်ရာ အများဆန္ဒအား အလေးဂရုပြုသောအားဖြင့် နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုး၍ ဥပဒေနှင့်အညီ ပြန်လည်ပေးပို့ခဲ့သည်။ ထိုသို့ နိုင်ငံတော်သမ္မတလက်မှတ်ရေးထိုးပေးပို့သည့် သဝဏ်လွှာအပြည့်အစုံအား အများပြည်သူသိရှိနိုင်ရန် အောက်တွင်ဖော်ပြသည်-

"ရည်ညွှန်းချက်။ (၁) နိုင်ငံတော်သမ္မတထံသို့ ပြည်ထောင်စုလွှတ်တော် နာယက က ၁၈-၁၁-၂၀၁၂ ရက်စွဲပါစာအမှတ်၊ ၁/ပထ(စည်းဝေး) ၉/၂၀၁၂-၇၉ ဖြင့်ပေးပို့သည့် သဝဏ်လွှာ

(၂) နိုင်ငံတော်သမ္မတမှ ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ၂၃-၁၁-၂၀၁၂ ရက်စွဲပါစာအမှတ်၊ ၁၀၇(၃)/၈/သမ္မတရုံးဖြင့် ပေးပို့သည့် သဝဏ်လွှာ

စာမျက်နှာ ၈ ကော်လံ ၁ ▲

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အညွန့်တလူလူ

အိမ်ဘေးနားက ခဝဲစင်ကြီးတွင် ခဝဲညွန့်များ တလူလူ ထွက်နေကြသည်ကို အမှတ်မထင် တွေ့လိုက်ရ၏။ ထိုခဝဲညွန့်တိုင်းသည် အပွင့်ပွင့်ပြီး အသီးသီးရန် အားယူနေခြင်းပင်ဖြစ်၏။ အညွန့်သည် အပွင့်နှင့်အသီးသီးရန် အရေးကြီးဆုံးသော အားပင်ဖြစ်၏။ အညွန့်အားကောင်းမှ ပွင့်လည်းပွင့်နိုင်သလို သီးလည်းသီးနိုင်သောကြောင့် အညွန့်အားကောင်းရန် လို၏။

သစ်ပင်တိုင်းသစ်ပင်တိုင်းသည် အညွန့်အားကောင်းမှ သီးပွင့်နိုင်စွမ်းရှိ၏။ ဤသို့ဆိုလျှင် အညွန့်အားကောင်းရန်ကား စိုက်ပျိုးထားသော သီးပင်စားပင်တို့သည် မြေဆီမြေနှစ် မြေဩဇာကောင်းပါမှ အညွန့်လည်း အားကောင်းနိုင်၏။ ရေလောင်းပေါင်းသင် မြေဩဇာကျွေးပါမှ အပင်တို့ ရှင်သန်ကြီးထွားစေနိုင်၏။ အညွန့်အပွေးတို့သည် အပင်ကြီးထွားခြင်း၏အစပင်ဖြစ်၏။

ကျွန်ုပ်တို့လူ့ဘောင်လောကကြီးတွင်လည်း လူတိုင်းလူညွန့်ရှိ၏။ သီးပင်စားပင်တို့တွင် အညွန့်အားကောင်းသဖြင့် အပွင့်အသီးတို့ သီးပွင့်နိုင်ကြသကဲ့သို့ လူတို့သည်လည်း လူညွန့်အားကောင်းပါမှ ဘဝတစ်လျှောက်လုံး အညွန့်တလူလူတိုးတက်ကြီးပွားနိုင်ကြပေ၏။

ဤသို့ဆိုလျှင် လူတိုင်းသည် လူညွန့်အားကောင်းစေရန် ပြုစုပျိုးထောင်အပ်၏။ ငယ်စဉ်တောင်ကျေးကလေးဘဝတွင် အသိပညာဗဟုသုတများ တိုးပွားအောင် ကြိုးစားအားထုတ်ခြင်း၊ သိပ္ပံခေတ်နှင့်အညီ လောကဓာတ် အတတ်ပညာများ တိုးပွားရင့်ကျက်စေရန် လေ့လာသင်ယူခြင်း၊ စာများများ ဖတ်ရှုခြင်းတို့ဖြင့် လူတို့၏အညွန့်သည် အားကောင်းစေနိုင်ပါသည်။ လူညွန့်အားကောင်းပါမှ လူ့ဘဝတစ်လျှောက်လုံး အညွန့်တလူလူဖြင့် တိုးတက်အောင်မြင်ကြီးပွားခြင်းသို့ ရောက်ရှိနိုင်ပါသည်။

ယနေ့ လူတစ်ဦးနှင့်တစ်ဦး ဘဝအခြေအနေများ မတူကွဲပြားနေရခြင်းအကြောင်းတရားများသည်လည်း လူညွန့်ကောင်းခြင်း၊ မကောင်းခြင်းဆိုသည့်အချက်သည် များစွာတည်မှီနေပါသည်။ လူ့လောကကြီးတွင် ကြီးပွားတိုးတက်နေကြသူအားလုံးတို့သည် အခြေခံအားဖြင့် လူညွန့်ကောင်းအောင် ကြိုးစားအားထုတ်ခဲ့ကြ၍ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မိဘတိုင်းက မိမိတို့သားသမီးများ အညွန့်တလူလူတိုးတက်နေသော လူသားများအဖြစ် ပြုစုပျိုးထောင်ကြသလို လူငယ်လူရွယ်တို့ကိုယ်တိုင်ကလည်း အညွန့်တလူလူဖြင့် တိုးတက်နေသော လူသားဖြစ်စေရန် အပေါင်းအသင်းမမှားစေဘဲ ခေတ်နှင့်အညီ ဝိဇ္ဇာ၊ သိပ္ပံပညာရပ်အလီလီတို့ အမြဲမပြတ် သင်ယူလေ့ကျင့် အားထုတ်နေကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့များပိုမိုပေးအပ်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ တိုးချဲ့ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၁

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား European Union မှ Asia Central Asia and the Pacific ၏ Director Mr. Dirk Meganck ဦးဆောင်သောအဖွဲ့သည် ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ပညာရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာကဏ္ဍ တက္ကသိုလ်များမှ ဥရောပသမဂ္ဂ၏ ထောက်ပံ့မှုဖြင့် ပညာသင်စေလွှတ်ခဲ့မှုများ၊ အဆင့်မြင့်သုတေသနပူးပေါင်းဆောင်ရွက်မှုများ၊ ပြင်သစ်နိုင်ငံ Montpellier 2 တက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်တို့ ချိတ်ဆက်၍ ပညာရပ်နယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုများ၊ အမေရိကန်နိုင်ငံ Johns Hopkins တက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ်တို့ ပူးပေါင်းပြီး Centre of Excellence တည်ထောင်မှု အခြေအနေ၊ ဂျပန်နိုင်ငံ Nagoya တက္ကသိုလ်နှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေ၊ နိုင်ငံတကာတက္ကသိုလ်များမှ ဧည့်ပါမောက္ခများ ပြည်တွင်းတက္ကသိုလ်သို့လာရောက်ပို့ချနေမှု အခြေအနေများ၊ အခြေခံပညာကဏ္ဍတွင် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး၊ ကျောင်းနေမြဲရေးအတွက် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးစာအုပ်နှင့် ဗလာစာအုပ်များ အခမဲ့ထောက်ပံ့ပေးနိုင်မှုများကို ရှင်းလင်းဆွေးနွေးရာ ဧည့်သည်တော်များကလည်း မြန်မာနိုင်ငံ၏ ပညာရေးပြုပြင်ပြောင်းလဲ တိုးတက်ရေးဆောင်ရွက်မှုများကို တွေ့ရှိအသိအမှတ်ပြုပါကြောင်း၊ ဆက်လက်၍ နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့များ ပိုမိုပေးအပ်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထို့ပြင် အသက်မွေးဝမ်းကျောင်းပညာရပ်များ တိုးချဲ့သင်ကြားရေးကဏ္ဍတွင်လည်း တိုးချဲ့ပူးပေါင်းဆောင်ရွက်မည် ဖြစ်ကြောင်းတို့ကို ပြန်လည်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ထင်သာမြင်သာ ပြုပြင်စရာ

ပြုပြင်သင့်က ပြုပြင်ကြစေချင်

ရုပ်မြင်သံကြား ဖန်သားပြင်နှင့် သတင်းစာ၊ ဂျာနယ် စာမျက်နှာများပေါ်တွင် တွေ့မြင်နေရသော မြင်ကွင်းနှင့် ဓာတ်ပုံများနှင့်ပတ်သက်၍ စာရေးသူ၏ အမြင်ကို တင်ပြလိုပါသည်။ သဘောထားအမြင် မတူညီသူများလည်း ရှိနိုင်ပါသည်။ ဥပမာအားဖြင့် ဂုဏ်ပြုဆုချီးမြှင့်ခြင်း၊ လက်ဆောင်ပစ္စည်းပေးအပ်ခြင်းစသည့် အခမ်းအနားဓာတ်ပုံများတွင် ဓာတ်ပုံဆရာက၊ ကင်မရာမင်းက ချိန်တွယ်ရိုက်ကူးရာတွင် ဓာတ်ပုံအရိုက်ခံရသည့်ပေးသူသည်လည်း ကောင်း၊ လက်ခံရယူသူသည်လည်းကောင်း မျက်နှာမူရာအရပ် လွဲမှားနေသည်ဟု ထင်မြင်ယူဆပါသည်။

ပေးအပ်ချီးမြှင့်သူနှင့် လက်ခံရယူသူတို့သည် တစ်ဦးနှင့်တစ်ဦးလက်ဆွဲနှုတ်ဆက်ခြင်း၊ ပေးအပ်လက်ခံခြင်းဖြင့် မိမိတို့နှစ်ဦး၏ မျက်နှာမူရာသည် ကင်မရာဘက်သို့ မဖြစ်သင့်ပါ။ မိမိတို့၏ တစ်ဦးမျက်နှာတစ်ဦးသာ ဦးတည်ရာဖြစ်သင့်ပါသည်။ မိမိတို့သည် ဇာတ်လမ်း၊ ဇာတ်ကွက်တစ်ခုကို သရုပ်ဆောင်နေကြခြင်းမဟုတ်ကြပါ။ မိမိတို့တာဝန်ရှိသည့်အလျောက် လုပ်သင့်လုပ်ထိုက်သည့်အလုပ်ကို လုပ်နေကြခြင်းဖြစ်ရာ ကင်မရာဘက်သို့ မျက်နှာမလှည့်သင့်ဟု ထင်မြင်ယူဆပါသည်။ သတင်းဓာတ်ပုံတစ်ခုကို သတင်းထောက်က၊ ကင်မရာမင်းက သူ့ရှုထောင့်ကသူ ရိုက်သွားပါလိမ့်မည်။ ဒီဇင်ဘာ ၃၀ ရက် ညနေက ရုပ်မြင်သံကြားဖန်သားပြင် အကယ်ဒမီမြင်ကွင်း၌ ကင်မရာကို ကြည့်သူများ အလွန်များနေသည်ကို တွေ့မြင်ရပါသည်။

တစ်ဆက်တည်း တင်ပြလိုသည်မှာ ဆုရသူတချို့၏ ဆုရရှိခြင်းအပေါ် ခံစားရသည့် ရင်တွင်းစကားသံဖြစ်ပါသည်။ မကျေနပ်ဆုံး၊ နားအခါးဆုံးအချက်မှာ အနန္တဂိုဏ်းဝင်ကျေးဇူးရှင်မိခင်၊ ဖခင်နှင့် ဆရာသခင်များအပေါ် အပေါ်ယံလျှာဖျားပေါ်မှ ပေါ်ထွက်လာသောအသံဖြစ်ပါသည်။ ကျေးဇူးတင်ပါသည်ဟူသော အသုံးအနှုန်းကို ဆုရသူအချို့ ပြောသွားခြင်းဖြစ်သည်။ အနှိုင်းမသိ၊ အနှိုင်းမရှိ အနန္တဂုဏ်အင် ကျေးဇူးရှင်များအပေါ် ဦးခိုက်ရှိခိုးကော်ရော်ပူဇော်လိုက်ကြောင်းသာ ဖြစ်သင့်ပါသည်။ ဆုရသူအချို့ကတော့ သူတို့၏ ရင်တွင်းစကားတွင် မိဘဆရာသမားတို့အပေါ် အလေးအနက်ထား၍ ဦးခိုက်သွားသည်ကို တွေ့မြင်ကြားသိရ၍ ဝမ်းသာမိပါသည်။

နောင်ကျင်းပမည့် ပွဲလမ်းများတွင် ထိုသို့သောမသိတတ်သူများအတွက် ပွဲစီစဉ်သူများက ကြိုကြိုတင်တင် သွန်သင်ဆုံးမ၍ မည်သည့်ပုဂ္ဂိုလ်များနှင့်ပတ်သက်၍ မည်သို့သောစကားလုံးကို ရွေးချယ်သုံးစွဲသင့်ကြောင်း အကြံပြုသင်ပြထားသင့်ပါသည်။ ရုပ်မြင်သံကြားအစီအစဉ်များတွင်လည်း ထိုသို့သောအဆီအငေါ်မတည့်သည့် ရင်တွင်းစကားသံများကို တွေ့မြင်ကြားသိနေရရာ တာဝန်ရှိပုဂ္ဂိုလ်များက ဝိုင်းဝန်းထိန်းသိမ်းပြုပြင်သင့်ပါကြောင်း တင်ပြလိုက်ရပါသည်။

စိန်လှိုင်ဗိုလ်

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မောင်းမကန်ကမ်းခြေ၌ ဇန်နဝါရီ ၁၉ မှ ၂၀ ရက်အထိ ကျင်းပခဲ့သည့် သဲပန်းပုပြပွဲတွင် ပြသထားသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း သဲပန်းပုရုပ်တုကို တွေ့ရစဉ်။ (ကိုကြီးသာ)

ဘဝအမောပြေ

ရှိတယ်

တစ်နေ့သ၌ ချစ်သူမိန်းကလေးအိမ်သို့ အလည်အပတ်ရောက်ရှိနေသည့် အမျိုးသားက -

အမျိုးသား ။ ။ အရမ်းသတိရလို့လာတာ..။
မိန်းကလေး ။ ။ အင်းပါ..
အမျိုးသား ။ ။ ကိုယ့်ကိုရောသတိရနေလား..။
မိန်းကလေး ။ ။ အင်း..
အမျိုးသား ။ ။ မင်းကိုထွေးပွေ့ထားချင်တယ်..။
မိန်းကလေး ။ ။ မောင်လေးရှိတယ်..
အမျိုးသား ။ ။ ဒါဆို...မင်းရဲ့လက်လေးကိုင်ထားချင်တယ်..။
မိန်းကလေး ။ ။ မောင်လေးရှိတယ်..။
အမျိုးသား ။ ။ ကဲ...ဒါဆိုလည်းပြန်တော့မယ်..။
မိန်းကလေး ။ ။ အင်း (ခြံဝသို့လိုက်ပို့သည်။)
အမျိုးသား ။ ။ ဒါထက် မောင်လေးကအသက်ဘယ်လောက်ရှိပြီလဲ..
မိန်းကလေး ။ ။ နှစ်နှစ်
အမျိုးသား ။ ။ " ဘာ "

ဝေယံဦး-ရေးသားသည်

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အထက(၈)၌ စုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၉ ရက်က ကျင်းပရာ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် စတုတ္ထတန်းမှ ထူးချွန်ဆုရရှိသော မမေရှူပါအေးအား ကျောင်းအကျိုးတော်ဆောင်တစ်ဦးက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

မြဝတီရုပ်မြင်သံကြား

၂၂-၁-၂၀၁၃ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၃ တရားတော်
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း

ညပိုင်း

၄း၁၃ မျိုးချစ်တပ်မတော်
၄း၅၅ ၂၀၁၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုသင်ခန်းစာ (ရူပဗေဒ)
၅း၂၂ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
ဟာသလွင်ပြင်ဒုတိယတွဲ (အပိုင်း-၇၂)
၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
တိမ်လွှာထက်ကဖန်ရဲတိုက် (အပိုင်း-၁၈)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
နိုင်ငံတကာသတင်း
မိုးလေဝသသတင်း
ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
ပြည်သူ့တရားရှင်ပေါင်းချိန် (အပိုင်း-၁)
မြဝတီရုပ်မြင်သံကြားသတင်း

မူဆယ်မြို့ (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်တွင် ဇန်နဝါရီ ၂၀ ရက်က မြန်မာ့ပို့ကုန် ဖရဲသီး၊ သခွားမွေးသီးများကို တရုတ်ကုန်သည်များ သစ်သီးကြည့်စင်များပေါ်မှ ကြည့်ရှုဝယ်ယူနေကြစဉ်။ (အဆိုပါနေ့တွင် သခွားမွေး(၁)ကီလိုလျှင် တရုတ်ငွေ လေးယွမ်မှ ငါးယွမ်ကျော် အသီးအခြေအနေပေါ်မူတည်ပြီး ဈေးရရှိကြသည်။ ကားခမှာ ခြောက်ဘီးကား မုံရွာမှ မူဆယ်ထိ ငွေကျပ် ခုနစ်သိန်းတစ်သောင်း ရှိကြောင်း သိရှိရသည်။) လင်း(မူဆယ်)

Y.E.S. Since 1994
B.A.(Hons.)(English), M.A.(ESL)(Hawaii, USA)
International English Language Centre

Basic Spoken English
Mon to Thurs-7:30- 9:30 am 21 Jan
Sat & Sun - 12:30-3:30 pm 26 Jan
Mon to Thurs-5:00-7:00 pm 14,28 Jan
Sat & Sun - 3:45-6:45 pm 19 Jan
Mon to Thurs- 10:30-12:30am 21 Jan
Mon to Thurs-1:00-3:00pm 21Jan,4Feb

Pre-Intermediate English
Mon toThurs- 10:00-12:00 am 14 Jan
Mon toThurs- 1:00- 3:00 Pm 28 Jan

Vocabulary Enrichment Course
Sat & Sun - 10:00- 12:00 am 26 Jan

Grammar Foundation Course
Mon to Thurs- 7:30- 9:30 am 21 Jan
Mon to Thurs- 3:30- 5:00 pm 28 Jan

Structure & Written Expression
Sat & Sun - 9:00-12:00 am 19 Jan
Sat & Sun - 12:30-3:30 pm 26 Jan
Mon to Thurs- 5:00- 6:30 pm 28 Jan

Intermediate English Proficiency
Mon to Thurs - 1:00-3:00 pm 4 Feb

Basic Writing Course
Mon to Thurs - 10:00-12:00 am 14 Jan

IELTS,IELTS (SPEAKING) ,SAT,API,AWC,TOEFL

No.190, 2nd Flr:,28th St:(Upper), Pabedan Tsp. ☎ 243950

ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃ ။)
၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်
(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၁၁(က)တွင် ပါရှိသော "ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဖြစ်စေ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ဖြစ်စေ နိုင်ငံတော်၏ အရအသုံးစာရင်းများ စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ထူးခြားသော အခြေအနေကို အခါအားလျော်စွာ တင်ပြခြင်း" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဖြစ်စေ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ဖြစ်စေ၊ နိုင်ငံတော်၏ အရအသုံးစာရင်းများ စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ်တင်ပြခြင်း၊ ထူးခြားသော အခြေအနေကို အခါအားလျော်စွာ တင်ပြခြင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၁၁(ည)တွင် ပါရှိသော "မိမိ၏ ဆောင်ရွက်ချက်ကို နိုင်ငံတော်သမ္မတမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း၊" ဆိုသည့် စကားရပ်ကို "မိမိ၏ ဆောင်ရွက်ချက်များနှင့် စစ်ဆေးတွေ့ရှိချက်များကို နိုင်ငံတော်သမ္မတထံသို့ တင်ပြသည်နှင့်တစ်ပြိုင်တည်း ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း၊" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၁၁(ဋ)၏ နောက်တွင် (ဌ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဌ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုကို စစ်ဆေးရန် ပြည်ထောင်စုလွှတ်တော်က တာဝန်ပေးအပ်လာလျှင် စစ်ဆေး၍ ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကိုပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကိုပြင်ဆင်သည့် ဥပဒေ
(၂၀၁၃ခုနှစ်၊ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄ ။)
၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်
(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေတွင်-

(က) ပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၆။ နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့် အဖွဲ့ဝင် ၃ ဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင် ၃ ဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင် ၃ဦး၊ စုစုပေါင်း ရွေးချယ်ထားသည့် အဖွဲ့ဝင် ၉ ဦး၏ အမည်စာရင်းကို လည်းကောင်း၊ ယင်းတို့အနက် ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့်ညှိနှိုင်း၍ ရွေးချယ်သည့် အဖွဲ့ဝင်တစ်ဦး၏ အမည်ကို လည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့တင်သွင်းပြီး သဘောတူညီချက်ရယူရမည်။"

(ခ) ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဇ)၏နောက်တွင် ပုဒ်မခွဲ(ဈ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဈ) မိမိတို့၏လုပ်ငန်းတာဝန်များ ဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ မိမိတို့အားရွေးချယ်သည့် သက်ဆိုင်ရာ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ အသီးသီးအစီရင်ခံခြင်း။"

၃။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေတွင် ပုဒ်မ ၂၃ ကို ပုဒ်မ ၂၄အဖြစ် လည်းကောင်း၊ ပုဒ်မ ၂၄ ကို ပုဒ်မ ၂၃ အဖြစ် လည်းကောင်း ပြန်လည်အမှတ်စဉ်ရမည်။ ထိုသို့ပြန်လည်အမှတ်စဉ်သည့် ပုဒ်မ ၂၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၄။ ပုဒ်မ ၂၃ အရ ချမှတ်သောခုံရုံး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။"

၄။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေတွင် ပုဒ်မ ၂၅ ကို ပယ်ဖျက်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အနာဂတ်တွင် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၁

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးအား အရှေ့တောင်အာရှဒေသ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး အကြီးအကဲ Ms. Matilda Bonger နှင့် ဒုတိယအကြီးအကဲ Ms. Heike Alefsen တို့သည် ယနေ့ညနေ ၃ နာရီတွင် အဆိုပါဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် အခြေအနေ အရပ်ရပ်နှင့်စပ်လျဉ်း၍ ဖြစ်စဉ်ဖြစ်ရပ်များ၊ ဖြစ်ပွားရသည့် အခြေခံအကြောင်းတရားများ၊ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများ၊ လက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ၊ အနာဂတ်တွင် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မည့် အလားအလာဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✻ ကျောဖုံးမှ

စပစ်ဖိုင်းယား တိုက်လေယာဉ်များ ရှာဖွေရေးအဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အနီးတွင် ရှာဖွေတူးဖော်လျက်ရှိရာ သီတင်းနှစ်ပတ်မျှကြာမြင့်ခဲ့ပြီးနောက် ၎င်းတို့တူးဖော်လျက်ရှိသည့် နေရာတွင် မြေအောက်ဓာတ်အားလိုင်းများ၊ လေဆိပ်မှအသုံးပြုလျက်ရှိသည့် နည်းစနစ်ပိုင်းဆိုင်ရာ ကိရိယာများနှင့် မလွတ်မကင်း ဖြစ်နေကြောင်း၊ တူးဖော်မှုကို ခေတ္တရပ်ဆိုင်းပြီး ဒုတိယမြောက်နေရာဖြစ်သည့် မြစ်ကြီးနားတွင် ရွှေ့ပြောင်းတူးဖော်သွားမည်ဖြစ်ကြောင်း သတင်းများလည်း ထွက်ပေါ်လာသည်။

ပြန်လည်ဖြေကြား

စပစ်ဖိုင်းယားတိုက်လေယာဉ်များ ရှာဖွေတူးဖော်ရာတွင်ပါဝင်သော မြန်မာနိုင်ငံမှကုမ္ပဏီတစ်ခုဖြစ်သည့် ရွှေတောင်ပေါ်ကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးထွန်းကျော်ထံ လေယာဉ်တူးဖော်မှုဆိုင်ရာ အခြေအနေများနှင့်ပတ်သက်၍ မြန်မာ့အလင်းက ဆက်သွယ်မေးမြန်းခဲ့ရာတွင် လေယာဉ်များကို ရှာဖွေရန် ရွှေတောင်ပေါ်ကုမ္ပဏီက မင်္ဂလာဒုံတွင် တိုင်းတာလျက်ရှိကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

"ဆာဗေးလုပ်တယ်ဆိုတာ တစ်နေရာတည်းမှာ လုပ်ရတာမဟုတ်ပါဘူး။ ဖြစ်နိုင်တဲ့ ၊ရှိနိုင်တဲ့နေရာတွေမှာ ဆာဗေးလုပ်နေတာဖြစ်ပါတယ်။ ဒီလို ဆာဗေးလုပ်ရာမှာလည်း အချိန်အတိုင်းအတာ အကန့်အသတ်တွေ ရှိပါတယ်။ ဥပမာ လေယာဉ်ဆင်းချိန်၊ တက်ချိန်မျိုးတွေပေါ့။ ဒါ့အပြင် လေယာဉ်ကွင်းဝန်းကျင်မှာရှိတဲ့ မြေအောက် ပိုက်လိုင်းတွေကို ရှောင်ကွင်းပြီး အခက်အခဲတွေကြားက လုပ်နေရတော့ အချိန်ပိုယူရပါတယ်" ဟု ဦးထွန်းကျော်က ပြောကြားသည်။

ထည့်သွင်းမြှုပ်နှံ

မြစ်ကြီးနားတွင် တူးဖော်မှုကို လောလောဆယ် ရပ်ထားကြောင်း၊ ပေ ၃၀ ခန့် တူးဖော်အပြီးတွင် ရေများ ဒလဟောထွက်လာခြင်းကြောင့် ဖြစ်ကြောင်း၊ စမ်းသပ်ကိရိယာများနှင့် စမ်းသပ်ခဲ့ရာတွင် တိုက်လေယာဉ်များကို သေတ္တာများနှင့် ထည့်သွင်းမြှုပ်နှံခဲ့သည့် အနေအထားမျိုး ခန့်မှန်းတွေ့ရှိထားကြောင်း ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။

စပစ်ဖိုင်းယားတိုက်လေယာဉ်များကို ဗြိတိန်ဘုရင့်လေတပ်မတော်တွင် ၁၉၃၈ မှ ၁၉၅၇ ခုနှစ်အထိ သုံးစွဲခဲ့သည်။ စုစုပေါင်းစင်းရေ ၂၀၀၀၀ ကျော် ထုတ်လုပ်ခဲ့ပြီး မျိုးကွဲ ၂၄ မျိုးအထိရှိသည်။ အမြန်ဆုံး တစ်နာရီလျှင် ၃၆၂ မိုင်နှုန်း ပျံသန်းနိုင်ပြီး ပေ ၁၉၀၀၀ အမြင့်ထိ တက်ရောက်ပျံသန်းနိုင်သည်။ လက်နက်အနေဖြင့် ဘရောင်နင်စက်သေနတ်ရှစ်လက်တပ်ဆင်ထားကာ ဒုတိယကမ္ဘာစစ်ကာလတွင် နာမည်ကျော် တိုက်လေယာဉ်တစ်မျိုးဖြစ်ခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၁

ကလေးသူငယ်များသည် အနာဂတ်နိုင်ငံတော်၏ အဓိက အရင်းအမြစ်များဖြစ်သည့်အတွက် ကလေးသူငယ်ဖွံ့ဖြိုးရေးနှင့်ပတ်သက်ပြီး ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းနိုင်ဖို့ရန်အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သည့်ပြင် မြန်မာနိုင်ငံ ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒကိုလည်း ရေးဆွဲလျက်ရှိပါကြောင်း။

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ တားဆီးကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းစီမံချက် သဘောတူစာချုပ်ကိုလည်း အစိုးရနှင့် မြန်မာနိုင်ငံ စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေး လုပ်ငန်းအဖွဲ့တို့အကြား လက်မှတ် ရေးထိုးနိုင်ခဲ့ပါကြောင်း၊ တပ်မတော်တွင် အသက်မပြည့်သေးသည့် စစ်မှုထမ်းဆောင်နေသော ကလေးသူငယ် ၄၂ ဦးအား မိသားစုနှင့် ပြန်လည်ပေါင်းစည်းနိုင်ရေးအတွက် အသိပညာပေးသင်တန်းဖွင့်လှစ်ကာ မိဘရပ်ထံ ပြန်လည်စေလွှတ်နိုင်ခဲ့ပါကြောင်း။

ယခုလို ဆောင်ရွက်သွားနိုင်ရန် ကလေးသူငယ်များ၏ အခွင့်အရေးများကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန်အတွက် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများ ပြန်လည်ဖွဲ့စည်းသွားမည်ဖြစ်ပြီး မိမိတို့သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေသူများ၊ ကျွမ်းကျင်ပညာရှင်များဖြင့် ပြန်လည်ဖွဲ့စည်းပေးနိုင်ရေးအတွက် အဆိုပြုပေးနိုင်ကြရန် လိုအပ်ပါကြောင်းဖြင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ၁/၂၀၁၃ အစည်းအဝေး၌ ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက CRC ပြဋ္ဌာန်းချက်ပါ အဓိက အခွင့်အရေးလေးခုကို အကောင်အထည်ဖော်ရာတွင် အမျိုးသားကော်မတီ (NCRC)၏ အခန်းကဏ္ဍ၊ လုပ်ပိုင်ခွင့်များနှင့် တာဝန်များ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ ခရိုင်၊ မြို့နယ် CRC ကော်မတီ၏ အခန်းကဏ္ဍများ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်သဘောပေါက်ပြီး ကလေးသူငယ်များ၏ အကောင်းဆုံး အကျိုးစီးပွားကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် ရှေ့လုပ်ငန်းစဉ်များကို လည်းကောင်း၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ လူမှုရေးဝန်ကြီးများနှင့် တာဝန်ရှိသူများက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြခဲ့ကြသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ ပထမအကြိမ် အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၌ အမျိုးသမီးများအား တန်းတူညီမျှ ဆက်ဆံရေးကို ဖော်ညွှန်းသည့် ပြဋ္ဌာန်းချက်ပါရှိပါကြောင်း၊ ယင်းပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဦးဆောင်လမ်းညွှန်မှုပေးရန် နိုင်ငံတော်အဆင့်ယန္တရားဖြစ်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီသည် သွက်လက်ထက်မြက်စွာ လှုပ်ရှားရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီအနေဖြင့် ၂၀၀၄ ခုနှစ် ဩဂုတ်လတွင် မြန်မာနိုင်ငံ၏ကုလသမဂ္ဂ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်အပေါ် မြန်မာနိုင်ငံအစိုးရ၏ အကောင်အထည်ဖော်ဆောင်ရွက်မှု စတုတ္ထနှင့် ပဥ္စမအကြိမ် ပူးတွဲအစီရင်ခံစာ ရေးသားပေးပို့ရန်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဦးဆောင်ရေးဆွဲလျက်ရှိသော အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာလုပ်ငန်းစဉ် (၂၀၁၃-၂၀၂၂) အားပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ရယူရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ကျား/မ တန်းတူညီမျှမှုဆိုင်ရာ အသိပညာပေးမှုအစီအစဉ်များ ဆက်လက်ဆောင်ရွက်ရန်နှင့် အမျိုးသမီးများနှင့် သက်ဆိုင်သော ဥပဒေရေးဆွဲရန်တို့ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်အစိုးရသစ်၏မူဝါဒနှင့်အညီ မြန်မာအမျိုးသမီးထုတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးစွမ်းဆောင်ရည် မြင့်မားရေးအတွက် မြန်မာအမျိုးသမီးရေးရာ ကော်မတီအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်သွားရန် လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီမှ အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် ရှေ့လုပ်ငန်းစဉ်များကို လည်းကောင်း၊ ဒုတိယဝန်ကြီးများနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများက မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၏ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်း

ပြဒါးကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု ဟန့်တားရန် သဘောတူညီ

ဂျီနီဗာ ဇန်နဝါရီ ၂၁

ပြဒါးကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို ဟန့်တားရန် ဥပဒေအရ တရားဝင်တားဆီးမှုကို ကုလသမဂ္ဂ ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံပေါင်း ၁၄၀ ကျော် သဘောတူညီခဲ့ကြသည်။

ဂျီနီဗာတွင် နိုင်ငံကိုယ်စားပြု ကိုယ်စားလှယ်များက သဘာဝပတ်ဝန်းကျင်၌ အဆိပ်ပြဒါးခေါ် မာကျူရီပမာဏ လျှော့ချခြင်းဖြင့် အဆိပ်ပါဝင်မှု မြင့်မားသောသတ္တုများ အသုံးပြုခြင်းကို ထိန်းချုပ်နိုင်မည့် စီမံချက်ကို သဘောတူဆွေးနွေးခဲ့သည်။

အဆိုပါပြဒါးခေါ် မာကျူရီသည် အာရုံကြောဆိုင်ရာ ဖွဲ့စည်းမှုစနစ် ပျက်စီးစေပြီး လူသားတို့၏ ကျန်းမာရေး အကျိုးဆက်ချို့ယွင်းမှုဖြစ်စေသည်။မကြာသေးမီက ကုလသမဂ္ဂက မာကျူရီ ထုတ်လွှတ်မှုသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မြင့်မားနေသည်ဟူသောအချက်ကို ထုတ်ပြန်ခဲ့သည်။ ယခုဥပဒေအရ ပြဒါး ထုတ်လွှတ်မှုအပေါ် စည်းမျဉ်းကန့်သတ်ချက်ကို တစ်ညလုံးဆွေးနွေးညှိနှိုင်းခဲ့ရပြီးနောက် နိုင်ငံ ၁၄၀ကျော်က သဘောတူညီခဲ့ကြခြင်းဖြစ်သည်။

"ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိတဲ့ သတ္တုတွင်းကို ကမ္ဘာမြေမှ ဖယ်ရှားတဲ့လုပ်ငန်းအစပျိုးလိုက်တဲ့ ယခုစာချုပ်ကို ဇန်နဝါရီ ၁၉ ရက် နံနက်ခင်းမှာ သဘောတူလက်မှတ်ရေးထိုးခဲ့ကြတာပါ" ဟု ကုလသမဂ္ဂပတ်ဝန်းကျင် ထိန်းသိမ်းရေးအစီအစဉ်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ နစ်ချ်တောက ပြောကြားခဲ့သည်။ **(ဘီဘီစီ)**

အင်ဒိုနီးရှားကမ်းလွန်၌ ငါးဖမ်းယာဉ်နှစ်စင်းနစ်မြုပ်

ဂျကာတာ ဇန်နဝါရီ ၂၁

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်ကမ်းလွန်တွင် ဇန်နဝါရီ ၂၀ ရက်က ငါးဖမ်းယာဉ်နှစ်စင်း နစ်မြုပ်ခဲ့ကြောင်း၊ ငါးဖမ်းသမားအချို့ ပျောက်ဆုံးလျက်ရှိကြောင်း အင်ဒိုနီးရှား မီဒီယာများက ဇန်နဝါရီ ၂၁ ရက်၌ ဖော်ပြသည်။ ဂျန်ဒါနှင့် ကီပိုဒန်အမည်ရှိ ငါးဖမ်းယာဉ်နှစ်စင်းသည် အရှေ့ဂျာဗားပြည်နယ် ကမ်းလွန်ရေပြင်သို့ ယင်းနေ့ ည ၉ နာရီခန့်က ငါးဖမ်းရန် ထွက်ခွာခဲ့ကြပြီးနောက် နစ်မြုပ်ခဲ့ကြခြင်းဖြစ်သည်ဟု အင်ဒိုနီးရှား ဘေးအန္တရာယ်ကာကွယ်လျော့နည်းကျဆင်းရေး အေဂျင်စီက ပြောကြားသည်။

အဆိုပါ ငါးဖမ်းယာဉ်နှစ်စင်းပေါ်တွင် ငါးဖမ်းသမားစုစုပေါင်း ၂၇ ဦး ပါရှိသွားရာ ငါးဖမ်းယာဉ်နစ်မြုပ်မှုဖြစ်ပွားပြီးနောက် ငါးဖမ်းသမားကိုးဦး ပျောက်ဆုံးလျက်ရှိသည်။ ကျန်ငါးဖမ်းသမား ၁၈ ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ၎င်းအေဂျင်စီက ပြောကြားသည်။ ပင်လယ်ပြင်တွင် လေပြင်းမုန်တိုင်း တိုက်ခတ်ခံရမှုကြောင့် ယင်းငါးဖမ်းရေယာဉ်နှစ်စင်း နစ်မြုပ်ခဲ့ခြင်းဖြစ်ပြီး ပျောက်ဆုံးနေသူများကို ရှာဖွေမှုများ ပြုလုပ်လျက်ရှိသည်။ **(ဆင်ဟွာ)**

တင်မောင်လွင် - စုစည်းသည်

ပီကေကေကို ဆက်တိုက်မည်ဟု တူရကီဝန်ကြီးချုပ်ပြော

အင်ကာရာ ဇန်နဝါရီ ၂၁

ကာဒစ်အလုပ်သမား ပါတီ(ပီကေကေ) အကြမ်းဖက်တိုက်ခိုက်ရေးသမားများ ပြည်ပသို့ ရုပ်သိမ်းသွားသည့်တိုင်အောင် တူရကီစစ်တပ်က ၎င်းတို့၏ ထိုးစစ်ဆင်တိုက်ခိုက်မှုကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တူရကီဝန်ကြီးချုပ် ရီဆက်တေယက်အာရ်ဒိုဂန်၏ ပြောကြားချက်ကို ဇန်နဝါရီ ၂၁ ရက်က ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ပီကေကေ အကြမ်းဖက်အဖွဲ့ အစည်းအနေဖြင့် ယင်းတို့၏ အကြမ်းဖက်တိုက်ခိုက်မှု၊ လက်နက်ချမှုနှင့် ပြည်ပသို့ ရုပ်သိမ်းမှုတို့ကို အဆုံးသတ်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်လျှင် မိမိတို့အနေဖြင့် အဆိုပါလုပ်ငန်းစဉ်များအတွက် အကောင်းဆုံးထောက်ပံ့မှုပေးမည်ဖြစ်ကြောင်း နိုင်ငံတောင်ပိုင်း ဂါဇီယန်တက်ပြည်နယ်တွင် ဝန်ကြီးချုပ် အာရ်ဒိုဂန်က ဇန်နဝါရီ ၂၀ ရက်၌ ပြောကြားခဲ့ခြင်းဖြစ်သည်။ ပီကေကေ တိုက်ခိုက်ရေးသမားများ နိုင်ငံအတွင်းမှ ဆုတ်ခွာမည်ဆိုလျှင် တူရကီတပ်မတော်က တိုက်ခိုက်မှုများ လုပ်ဆောင်မည် မဟုတ်ကြောင်းလည်း ၎င်းကထပ်လောင်းပြောကြားသွားခဲ့သည်။

တူရကီအစိုးရက မည်သည့်ခွဲထွက်ရေးလှုပ်ရှားမှုမျိုးကိုမဆို နိုင်ငံအတွင်း လုပ်ဆောင်ရန် ခွင့်ပြုမည်မဟုတ်ကြောင်း အာရ်ဒိုဂန်က ဆက်လက်ပြောကြားသည်။

ပီကေကေ တိုက်ခိုက်ရေးသမားများသည် ၁၉၈၀ ပြည့်ကတည်းက ၎င်းတို့ ကာဒစ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တစ်ခုထူထောင်ရန်အတွက် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ အင်ကာရာနှင့်ပီကေကေတို့သည် ငြိမ်းချမ်းရေးအစီအစဉ် တစ်ရပ်ကို ရရှိထားခဲ့ပြီဖြစ်ကြောင်း ဇန်နဝါရီ ၉ ရက်က ထုတ်ပြန်ခဲ့သည်။ **(ပရက်စ်တီဗွီ)**

ကန်သင်္ဘောသောင်တင်မှု ဖိလစ်ပိုင်သန္တာကျောက်တန်းများထိခိုက်

မနီလာ ဇန်နဝါရီ ၂၁

ဖိလစ်ပိုင်နိုင်ငံ အနောက်ပိုင်းကမ်းလွန်တွင် သောင်တင်ခဲ့သော အမေရိကန်ယူအက်စ်အက်စ်ဂါဒီးယန်းသင်္ဘောကြောင့် ပင်လယ်သန္တာကျောက်တန်းများ ထိခိုက်ပျက်စီးရမှုအတွက် လွန်စွာစိတ်မကောင်းဖြစ်ရကြောင်း အမေရိကန်ရေတပ် တပ်မှူးတစ်ဦးဖြစ်သူ စကော့ဆွစ်က ဇန်နဝါရီ ၂၁ ရက်၌ ထုတ်ဖော်ပြောကြားသည်။

အဆိုပါသင်္ဘောသည် ဖိလစ်ပိုင်နိုင်ငံ အနောက်ပိုင်း ဆူလူပင်လယ်ပြင်ရှိ တူဘာတာဟာ ကျောက်တန်းပေါ်တွင် သောင်တင်ခဲ့ခြင်းဖြစ်သည်။ ပင်လယ်ပြင် သဘာဝအရင်းအမြစ်နှင့် သယံဇာတများ မတော်တဆဖြစ်ရပ်ကြောင့် ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်ခဲ့ရသည့်အတွက် ဝမ်းနည်းမှုဖြစ်ရကြောင်း ၎င်းက အမေရိကန်ရေတပ်၏ အမှတ် (၇)ရေတပ် ဝက်ဘ်ဆိုက်၌ ဖော်ပြထားသည်။

ဖိလစ်ပိုင်နိုင်ငံ၏ အရေးကြီးသည့် တူဘာတာဟာ သဘာဝသန္တာကျောက်တန်းဥယျာဉ်သည် ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်နေရာတစ်ခုလည်းဖြစ်သည်။ ပင်လယ်ပြင်ရှိ သဘာဝသန္တာကျောက်တန်းများကို ထိန်းသိမ်းကာကွယ်ရန် လိုအပ်မှုမှာ မိမိတို့တွင်လည်း တာဝန်ရှိကြောင်း ၎င်းကဆက်လက်ဖော်ပြထားသည်။

အဆိုပါယူအက်စ်အက်စ် ဂါဒီးယန်းသင်္ဘောသည် ဆူလူပင်လယ်ပြင်ကို ဖြတ်ကာ အင်ဒိုနီးရှားနိုင်ငံသို့ ရေကြောင်းအတိုင်းမောင်းနှင်လာစဉ် တူဘာတာဟာ ကျောက်တန်း၌ ဇန်နဝါရီ ၁၇ ရက်က သောင်တင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းသင်္ဘောသောင်တင်မှုမည်သို့ ဖြစ်ပွားရသည်ကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ **(ဆင်ဟွာ)**

ကိုလံဘီယာနိုင်ငံတွင် သူပုန်များအပစ်အခတ်ရပ်စဲမှုအဆုံးသတ်

ဟာဗားနား ဇန်နဝါရီ ၂၁

ကိုလံဘီယာနိုင်ငံတွင်းရှိ ဖားစ်သူပုန်များ နှစ်လအကြာအပစ်အခတ်ရပ်စဲထားသည်ကို အဆုံးသတ်လိုက်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဇန်နဝါရီ ၂၀ ရက်က ဖော်ပြသည်။

ကိုလံဘီယာသမ္မတ ဂျူယန်မန်နျူရယ်ဆန်တိုစ်က လုံခြုံရေးတပ်ဖွဲ့ဝင်များကို လက်နက်အသင့်ပြင်ထားရန် မိန့်ကြားလိုက်ပြီးနောက် ဖားစ်သူပုန်တို့၏ ယခုကြေညာချက် ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

ကျူးဘားနိုင်ငံအတွင်း ငြိမ်းချမ်းရေးဆွေးနွေးစဉ် ဖားစ်သူပုန်များသည် အတိုက်အခိုက်ရပ်စဲရေးကို ကြေညာခဲ့သည်။ သူပုန်များက လက်နက်ဆက်လက်ကိုင်စွဲခွင့်ကို အစိုးရဘက်က ကန့်ကွက်ငြင်းဆန်ခဲ့သည်။

ကိုလံဘီယာနိုင်ငံအတွင်း ဆယ်စုနှစ်ငါးခုအကြာ လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်ရေးအတွက် နှစ်ဖက်အုပ်စုတို့က ကျူးဘားနိုင်ငံ ဟာဗားနားမြို့တွင် တွေ့ဆုံဆွေးနွေးကြခြင်းဖြစ်သည်။ အစိုးရနှင့် ဖားစ်သူပုန်တို့၏ စစ်ပွဲများအတွင်း သေဆုံးသူ ၆၀၀၀၀၀ ခန့်ရှိသည်။

"ကျွန်တော်စိတ်ဒုက္ခဖြစ်ရပါတယ်။ ဘယ်သူမှမလိုလားတဲ့ စစ်ပွဲများဆီ ပြန်လည်ဦးတည်သွားပြီဖြစ်ပါတယ်" ဟု ဖားစ်သူပုန်ခေါင်းဆောင်၏ကိုယ်စားလှယ် အိုင်ဗင်မာကွတ်ဇ်က ကိုလံဘီယာအစိုးရဘက် ကိုယ်စားလှယ်အဖွဲ့နှင့်မတွေ့ဆုံမီ သတင်းထောက်များအား ပြောကြားခဲ့သည်။ **(ဘီဘီစီ)**

ကနေဒါသံရုံးဝန်ထမ်းများအား မာလီပဋိပက္ခကြားမှ ရွှေ့ပြောင်းပေးခဲ့ရ

ဘာမာကို ဇန်နဝါရီ ၂၁

ကနေဒါ ဗဟိုအစိုးရသည် အနောက်အာဖရိကနိုင်ငံဖြစ်သည့် မာလီနိုင်ငံ၏ပဋိပက္ခကြားမှ ၎င်းတို့သံရုံးဝန်ထမ်းများနှင့် ယင်းတို့၏ မိသားစုဝင်အများစုကို နေရာရွှေ့ပြောင်းပေးခဲ့ရကြောင်း ဇန်နဝါရီ ၂၀ ရက်က ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြသည်။ (အပေါ်ပုံ)

သံရုံးလုပ်ငန်းတွင် ထိထိရောက်ရောက် အကျိုးပြုသည့် ဝန်ထမ်းအဖွဲ့သာ မာလီနိုင်ငံ မြို့တော်ဘာမာကိုရှိ သံရုံးတွင်ဆက်လက်နေသွားမည်ဖြစ်ကြောင်း ကနေဒါနိုင်ငံခြားရေးဝန်ကြီးဌာန၏ ဇန်နဝါရီ ၂၀ ရက်က ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြသည်။

လုပ်ငန်း၌ မလိုအပ်သည့်ဝန်ထမ်းနှင့် ကလေးများအပါအဝင် မှီခိုနေထိုင်သူ ၂၉ ဦးကို ဘာမာကိုမြို့ရှိ အထူးတာဝန်ထမ်းဆောင်ရေးအဖွဲ့မှ နေရာရွှေ့ပြောင်းပေးခဲ့ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ထပ်မံဖော်ပြသည်။

ထို့အပြင် မာလီနိုင်ငံအတွင်းရှိ ကျန်ရှိသည့် ကနေဒါနိုင်ငံသား မည်သူမဆို ချက်ချင်းထွက်ခွာရန် ကနေဒါအစိုးရက ထပ်မံခေါ်ယူခဲ့သည်။ အာဖရိကနိုင်ငံအတွင်း တိုက်ခိုက်ရေးသမားများ တိုးမြင့်လာမှုကို ဟန့်တားရန် ဟူသောအချက်ဖြင့် ပြင်သစ်က ဇန်နဝါရီ ၁၁ ရက်တွင် စစ်ပွဲကို စတင်ခဲ့သည်။

စစ်ပွဲတွင် ပြင်သစ်အားကူညီရန် စစ်ဘက်ထောက်ပံ့ရေးလေယာဉ်ပို့ဆောင်မှုကို ဇန်နဝါရီ ၁၄ ရက်က စီစဉ်ခဲ့ကြောင်း ကနေဒါဝန်ကြီးချုပ် စတက်ဖန်ဟာပါက ထုတ်ပြန်ကြေညာခဲ့သည်။ **(ပရက်စ်တီဗွီ)**

ဆီးရီးယားနယ်စပ်အနီး၌ နေတိုးဒုံးကျည် ဖြန့်ကြက်မှု တူရကီနိုင်ငံတွင် ပြည်သူများကန့်ကွက်ဆန္ဒပြ

အင်ကာရာ ဇန်နဝါရီ ၂၁

ဆီးရီးယားနယ်စပ်အနီး နေတိုးပက်ထရော့ဒုံးခွင်းဒုံးများ တိုးမြှင့်ဖြန့်ကြက်မည့်အစီအမံကို တူရကီပြည်သူများစွာတို့ လမ်းများပေါ်သို့ရောက်ရှိပြီး ကန့်ကွက်ဆန္ဒပြခဲ့ကြောင်း ဇန်နဝါရီ ၂၁ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

အဆိုပါ ကန့်ကွက်ဆန္ဒပြမှုကိုတူရကီနိုင်ငံအရှေ့တောင်ပိုင်း အင်တက်ခ်ယာမြို့တွင် ဇန်နဝါရီ ၂၀ ရက်က ပြုလုပ်ခဲ့သည်။ ယင်းလူစုလူဝေးသည် တူရကီနိုင်ငံအတွင်း ဒုံးခွင်းဒုံးတပ်စုများချထားရန် လက်နက်ကိုင်တပ်ဖွဲ့ဝင် ၂၄၀ခန့် ရောက်ရှိသည့်နေရာ **(ဝဲပုံ)**၌ ပြည်သူများက ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

ယင်းနေတိုးဒုံးခွင်းဒုံးတပ်ခွဲစုများကို တူရကီနိုင်ငံအရှေ့တောင်ပိုင်း ဝါဇီယန်တက်၊ ခါရာမန်မာရတ်စ်နှင့် အဒန်နာမြို့များတွင် ဖြန့်ကြက်ချထားလျက်ရှိသည်။ ဆန့်ကျင်ဆန္ဒပြသူများသည် ယင်းတို့၏ ဒေသအတွင်း လောလောဆယ် နိုင်ငံခြားတပ်ဖွဲ့ဝင်များကို ဆန့်ကျင်သည့် ဆောင်ပုဒ်များနှင့် အမေရိကန်၊ ဂျာမနီနှင့် နယ်သာလန်နိုင်ငံတို့အား မနှစ်သက်မှုကို ပြင်းထန်သော အော်ဟစ်သံများဖြင့် ကြွေးကြော်ခဲ့ကြသည်။ အမေရိကန်နှင့် ဂျာမနီသည် ဒုံးခွင်းဒုံးတပ်စုနှစ်စုနှင့် တပ်ဖွဲ့ဝင်ပေါင်း ၄၀၀ ကို ဖြန့်ကြက်ရန် စီစဉ်ထားပြီး နယ်သာလန်ကလည်း တပ်ဖွဲ့ဝင်ပေါင်း ၃၆၀ နှင့် အခြားတပ်စုနှစ်စုကိုလည်း ဖြန့်ကြက်ချသွားမည်ဟု ဆိုသည်။ **(ပရက်စ်တီဗွီ)**

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အကျဉ်းထောင်၊ အလုပ်စခန်းများရှိ အကျဉ်းသား အကျဉ်းသူ လုပ်အားရှင်များ ကျွေးမွေးရန်အတွက် ရိက္ခာဆန်စပါးများ ဝယ်ယူဖြည့်သွင်းရန် ရှိပါသည်။

၂။ ရိက္ခာဆန်စပါး တင်သွင်းလိုသူ လုပ်ငန်းရှင်များထံမှ ချိပ်ပိတ်ဈေးနှုန်းလွှာများကို ၂၉-၁-၂၀၁၃ ရက် ၁၀း၀၀နာရီ နောက်ဆုံးထားတင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ ချိပ်ပိတ်ဈေးနှုန်းလွှာ တင်သွင်းလိုသူများသည် တင်ဒါပေးသွင်းရမည့် အချက်အလက်များ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၇၁-၂၃၂၀၅၊ ၀၇၁-၂၃၂၀၆ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

ရိက္ခာစပါးတင်ဒါခေါ်ယူရေးအဖွဲ့

အကျဉ်းဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး၊ မုံရွာမြို့

ပထမအကြိမ် အထက-မိကျောင်းရဲ (၁၉၄၇ မှ ၂၀၁၂ အထိ ပင်စင်စား ဆရာ ဆရာမကြီးများ) မြတ်ဆရာပူဇော်ပွဲ

မိကျောင်းရဲ အထက ကျောင်းသား ကျောင်းသူများ၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် မိကျောင်းရဲ အထက၌ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသား ကျောင်းသူဟောင်းများအား ဖိတ်ကြားအပ်ပါသည်။

အလှူငွေများလှူဒါန်းရန်-

၁။ ဒေါ်မြတ်အေးကြူ(ခ)ဒေါ်မွေးချို ဖုန်း-၀၉-၅၀၆၃၇၀၃

၂။ ဦးအောင်သင်း(ရန်ကုန်) ဖုန်း-၀၉-၇၃၀၇၂၂၉၅

၃။ ဦးသက်ဦး(မိကျောင်းရဲ) ဖုန်း-၀၉-၄၀၁၆၆၂၅၃၉

၄။ မသဲနှင်းကိုကို(ကမ္ဘောဇဘဏ်၊ မကွေး) ဖုန်း-၀၉-၄၃၀၅၈၀၅၄

ပျောက်ဆုံး

R'TWO Traders Co., Ltd. ၏ ကုမ္ပဏီကတ်ပြားနှင့် ထသက ကတ်ပြားအပါအဝင် စာရွက်စာတမ်းအချို့သည် ပန်းဘဲတန်းမြို့နယ်အတွင်း ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း -၀၁-၉၆၉၀၃၀၃

အမည်ပြောင်း

ဦးမျိုးသူ ၁၂/ရကန(နိုင်)၀၇၇၉၄၉ ၏သမီး ဂျူဂျူး(ခ)မခိုင်နှင်းထွေးအား မခိုင်သဉ္ဇာမျိုးသူဟု ပြောင်းလဲခေါ်ပါရန်။ **မခိုင်သဉ္ဇာမျိုးသူ**

ပြည်တွင်းသတင်း

ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌအား အရှေ့တောင်အာရှဒေသလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးအကြီးအကဲတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၁

ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးဌေးဦးအား အရှေ့တောင်အာရှဒေသ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး အကြီးအကဲ Ms. Matilda Bogner နှင့် ဒုတိယအကြီးအကဲ Ms. Heike Alefsen တို့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အဆောင်အမှတ်(၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ၊ ပြောင်းလဲကျင့်သုံးနေသည့် စနစ်သစ်နှင့် လိုက်လျောညီထွေ ဖြစ်လာသော ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ၊ လူ့အခွင့်အရေးနှင့် ပတ်သက်သည့် လွှတ်တော်အတွင်း၊ လွှတ်တော်ပြင်ပ ဆောင်ရွက်နေမှုများ၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် တည်ငြိမ်အေးချမ်းမှုရရှိရေး ကိစ္စရပ်များနှင့် နိုင်ငံတကာဆက်ဆံရေး ကိစ္စရပ်များကိုရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(ယာပုံ)**

တက်ရောက်

တွေ့ဆုံပွဲသို့ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီအတွင်းရေးမှူး ဦးတင်မောင်ဝင်းနှင့် ကော်မတီဝင်လေးဦး တက်ရောက်ကြသည်။

(သတင်းစဉ်)

ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး ရန်ကုန်မြို့တွင်း လှည့်လည်ကြည့်ရှုလေ့လာ

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်မြို့၌ ရောက်ရှိနေသော ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Mr. Kang Chang-hee နှင့်ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Kim Hae-Yong နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၉ နာရီ မိနစ် ၅၀ တွင် ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန်သို့ ရောက်ရှိလာကြရာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌသည် အာဇာနည်ဗိမာန်၌ လွမ်းသူ့ပန်းခွေချ ဂါရဝပြုကြပြီး အာဇာနည်ဗိမာန်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် အမျိုးသားပြတိုက် (ရန်ကုန်)သို့ ရောက်ရှိကြပြီး ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဧည့်သည်တော် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် ညနေ ၃နာရီခွဲတွင် ရွှေတိဂုံစေတီတော်သို့ ရောက်ရှိကြပြီး ဧည့်ခံတန်ဆောင်း၌ ရွှေတိဂုံစေတီတော်အား ပန်း၊ ဆီမီးတို့ဖြင့် ကပ်လှူပူဇော်ပြီး စေတီတော်အတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဧည့်သည်တော်အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်အား ဖူးမြော်ကြည်ညိုကြပြီး ရွှေတိဂုံစေတီပြတိုက်၊ ပိဋကတ်တိုက်နှင့် မော်ကွန်းတိုက်တို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။ **(ဝဲပုံ)**

(သတင်းစဉ်)

ကုန်သည်/စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌများနှင့် မကာအိုမှ စီးပွားရေးလုပ်ငန်းရှင်များတွေ့

ရန်ကုန် ဇန်နဝါရီ ၂၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်နှင့် ဦးထွန်းအောင်၊ ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များနှင့် အသင်းအဖွဲ့မှပုဂ္ဂိုလ်များအား မကာအို အထူးအုပ်ချုပ်ရေးဒေသရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများအသင်း (SME Association of Macau) မှ စီးပွားရေးလုပ်ငန်းရှင် ၂၀ ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၁၀ ရက် မွန်းလွဲပိုင်းတွင် အသင်းချုပ်၌ လာရောက်တွေ့ဆုံခဲ့သည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် မကာအို SME Association ဥက္ကဋ္ဌ Mr. Stanley Au တို့က နှုတ်ခွန်းဆက်စကားပြောကြားကြပြီး မြန်မာနိုင်ငံ၌ ပြည်ပမှရင်းနှီးမြှုပ်နှံသော လုပ်ငန်းရှင်များအတွက် ဥပဒေအသစ်ပြဋ္ဌာန်းပြီး နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်း ဥပဒေများရေးဆွဲရန် ဆောင်ရွက်နေသည့်ကိစ္စ၊ မြန်မာနိုင်ငံ၏ အသေးစားနှင့် အလတ်စားလုပ်ငန်းများ စဉ်ဆက်မပြတ် ရှင်သန်ဖွံ့ဖြိုးရေးနှင့် အသင်းချုပ်၏ SME ဆိုင်ရာ ဆောင်ရွက်နေသည့်ကိစ္စများ၊ မကာအိုလုပ်ငန်းရှင်များက မြန်မာနိုင်ငံတွင် အထည်ချုပ်လုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ ကျောက်မျက်လုပ်ငန်း၊ သတ္တုတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းကိစ္စများ၊ အလုပ်သမားငှားရမ်းအသုံးပြုမှုနှင့် အလုပ်သမားဥပဒေဆိုင်ရာကိစ္စများ၊ မကာအို SME အသင်း၏ ဆောင်ရွက်ချက်များကို ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

တရုတ်ပြည်သူ့လွှတ်မြောက်ရေးတပ်မတော်ဒုတိယစစ်ဦးစီးချုပ်နှင့်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

နေပြည်တော် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တရုတ်ပြည်သူ့လွှတ်မြောက်ရေးတပ်မတော် ဒုတိယစစ်ဦးစီးချုပ် Lieutenant General Qi Jianguo နှင့်အဖွဲ့သည် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်တင်မောင်ဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာ၊ စစ်သံမှူး Senior Colonel Xiong Shawei နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၉ နာရီတွင် ရွှေတိဂုံစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများပေးအပ်ကာ သာသနိကအဆောက်အအုံများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဆန်းဦးက ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ပြန်လည်ထွက်ခွာ

တရုတ်ပြည်သူ့ လွှတ်မြောက်ရေးတပ်မတော် ဒုတိယစစ်ဦးစီးချုပ်နှင့် အဖွဲ့သည် ညနေ ၃ နာရီတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ဖားကန့်မြို့၌ KIAအဖွဲ့က ကုမ္ပဏီဝန်ထမ်းအိပ်ဆောင်အား မီးရှို့ဖျက်ဆီး

KIA အဖွဲ့က လက်ပစ်ဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သော ကုမ္ပဏီပိုင် ပါဂျဲရိုးယာဉ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၁

ဇန်နဝါရီလ ၁၉ ရက် ညနေ ၅ နာရီခွဲခန့်က ဖားကန့်မြို့နယ် မရှိုကထောင် ရပ်ကွက်ရှိ ဝေအောင်ကမ္ဘာ ကုမ္ပဏီ အုပ်ချုပ်ရေးရုံးခန်းသို့ KIA အဖွဲ့မှခုနစ်ဦးခန့်ရောက်ရှိလာပြီးကုမ္ပဏီ ဝန်ထမ်းအိပ်ဆောင်အား ခေတ်ဆီလောင်းမီးရှို့ခဲ့သဖြင့် အရှည်ပေ ၁၀၀ ရှိ နှစ်ထပ်အိပ်ဆောင် မီးလောင်ပျက်စီးခဲ့ကြောင်း၊ ထို့ပြင် ကုမ္ပဏီပိုင် ပါဂျဲရိုးယာဉ် တစ်စီးကိုလည်း လက်ပစ်ဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ သိရှိရသည်။

KIA အဖွဲ့အနေဖြင့် သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက် (၃/၂၀၁၃) ထုတ်ပြန်ပြီးနောက် ယခုအကြိမ်အပါအဝင် အရပ်ဘက်ဆိုင်ရာများအား တိုက်ခိုက်မှုမှာ တတိယအကြိမ်မြောက် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

KIA အဖွဲ့က အပြစ်မဲ့ပြည်သူငါးဦးအား ဖမ်းဆီးခေါ်ဆောင်

နေပြည်တော် ဇန်နဝါရီ ၂၁

KIA တပ်ရင်း (၅)မှ ၁၅ ဦးခန့်သည် ဇန်နဝါရီ ၁၈ ရက် နံနက် ၃ နာရီတွင် ရွှေကူမြို့နယ် ဒေသအခေါ် စလိကျော်သစ်ခုတ်/ ဝါးခုတ်စခန်းသို့ ရောက်ရှိလာပြီး အမျိုးသားလေးဦးနှင့် အမျိုးသမီးတစ်ဦး စုစုပေါင်းငါးဦးအား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ကချင်ပြည်နယ်အစိုးရထံမှ ကနဦး သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ-ဩစတြီးယား စီးပွားရေးလုပ်ငန်းများအလိုက် ဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၁

ဩစတြီးယားနိုင်ငံ Austrian Federal Economic Chamber ၏ President and Economic Minister, Mr.Christoph Leitl နှင့် စီးပွားရေးလုပ်ငန်းရှင် ၄၁ဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာ-ဩစတြီးယား စီးပွားရေးလုပ်ငန်းများအလိုက် ဆွေးနွေးပွဲကို ဇန်နဝါရီ ၃၀ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ချက်ထရီယန်ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါ ဆွေးနွေးပွဲသို့ တက်ရောက်လိုသည့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များသည်အသင်းချုပ်အပြည်ပြည်ဆိုင်ရာဆက်ဆံရေးဌာန ဖုန်း-၂၀၄၃၄၄ မှ ၂၁၄၃၄၉ လိုင်းခွဲနံပါတ် ၁၂၀၊ ၁၂၂ သို့ အမည်စာရင်း ပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လွှတ်တော်ရေးရာကဏ္ဍ

ပြည်သူ့လွှတ်တော်

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရွေးချယ်ရာ၌ ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းမရှိပါက တင်ပြတိုင်ကြားနိုင်

နေပြည်တော် ဇန်နဝါရီ ၂၁

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ မေးခွန်း(၁၀)ခုကို မေးမြန်းဖြေကြားခဲ့ကြသည်။

အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးက **ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်ချုပ်ရေးမှူး ရွေးချယ်ခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုကြောင်း** မေးမြန်းရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးရဲချုပ်ကျော်ကျော်ထွန်းက ဖြေကြားရာတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၆ နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေ ၃ တွင် "မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရန်အတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အတွင်းရှိ အများကြည်ညိုလေးစားပြီး သြဇာတိက္ကမရှိသည့် ရပ်မိရပ်ဖငါးဦးကို ရွေးချယ်၍ ကြီးကြပ်ရေးအဖွဲ့အဖြစ် တာဝန်ပေးအပ်ရမည်"ဟူ၍ ပြဋ္ဌာန်းထားပါကြောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ရန် ကြီးကြပ်ရေးအဖွဲ့ကို ရွေးချယ်တာဝန်ပေးအပ်ရာတွင် ပါတီနိုင်ငံရေး ကင်းရှင်းရမည်၊ အသက်(၄၅)နှစ်အထက် ဖြစ်ရမည်ဟူ၍ အမိန့်ညွှန်ကြားချက် ထုတ်ပြန်ထားခြင်း မရှိပါကြောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေ ၂ (ဃ)၊ ၃၊ ၆၊ ၈ တို့နှင့်အညီ မဆောင်ရွက်ခဲ့ကြောင်း တိုင်ကြားခြင်း မရှိသဖြင့် မသိနိုင်ပါကြောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေနှင့် နည်းဥပဒေအရ ဆောင်ရွက်ခြင်းမရှိကြောင်း သိရှိပါက အချက်အလက် ပြည့်စုံစွာဖြင့် သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ တိုင်ကြားနိုင်ပါကြောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေး ဥပဒေပုဒ်မ ၅(ည)တွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးသည် "တာဝန်ထမ်းဆောင်ဆဲအစိုးရဝန်ထမ်း မဟုတ်ခြင်း"ဟု ဖော်ပြထားရှိပါသဖြင့် လက်ရှိတာဝန်ထမ်းဆောင်ဆဲ အစိုးရဝန်ထမ်းများသည် ဆယ်အိမ်စုကိုယ်စားလှယ်အဖြစ် ဝင်ရောက်ရွေးချယ်ခံခွင့် မရှိပါကြောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေနှင့် နည်းဥပဒေများ ထုတ်ပြန်ထားပြီးဖြစ်၍ လုံလောက်မှုရှိပါသဖြင့် သီးခြားအမိန့် ကြော်ငြာစာနှင့် အမိန့်များ ထုတ်ပြန်ထားခြင်း မရှိပါကြောင်း၊ သို့ရာတွင် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ရွေးချယ်ဆောင်ရွက်သွားရန် ညွှန်ကြားထားပါကြောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးချယ်ရာ၌ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်ညီညွတ်မှုမရှိဘဲ ဆောင်ရွက်ခဲ့ခြင်းများရှိပါက သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ အချက်အလက်ပြည့်စုံစွာဖြင့် တင်ပြတိုင်ကြားနိုင်ပါကြောင်း၊ တိတိကျကျ တိုင်ကြားမှုများရှိပါက စုံစမ်းစစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးပြီး မှန်ကန်ပါက ဝန်ထမ်းဖြစ်လျှင် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ဝန်ထမ်းမဟုတ်ပါက တည်ဆဲ ဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါ ဖြေကြားချက်အပေါ် "တိုင်ကြားမှုတွေက ခရိုင်အဆင့်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်အဆင့်အထိတော့ တိုင်ကြားမှုတွေရှိပါတယ်။ ဒုတိယဝန်ကြီး ပြောသွားသလို အဆင့်ဆင့်ကနေ အရေးယူဆောင်ရွက်တာမရှိလို့ ပြည်ထဲရေးဝန်ကြီးဌာနကိုတိုင်ကြားရင် အရေးယူဆောင်ရွက်ပေးမယ်ဆိုတာ သိရတဲ့အတွက် ဒါကို ပြည်သူတွေဆီ ဖြန့်ဝေပေးသွားပါမယ်"ဟု ဦးသိန်းထွန်းဦးက ပြောပြခဲ့သည်။

မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုးက **နိုင်ငံရပ်ခြားရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၊ အထူးသဖြင့် ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ဥပဒေနှင့်အညီရရှိသင့်သည့် အခွင့်အရေးများရရှိရေးနှင့်စပ်လျဉ်း၍ သိရှိလိုကြောင်း** မေးမြန်းရာ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ဖြေကြားရာတွင် ပြည်ပတွင် သွားရောက်အလုပ်လုပ်နေသည့်မြန်မာအလုပ်သမားများ သက်ဆိုင်ရာနိုင်ငံ၏ အလုပ်သမားများနှင့်တန်းတူ အကျိုးခံစားခွင့်ရရှိရေးနှင့် အလုပ်သမားအခွင့်အရေးများရရှိရေး၊ အလုပ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးတို့အတွက် ပိုမိုဆောင်ရွက်နိုင်ရန် ၁၉၉၉ ခုနှစ် ပြည်ပအလုပ်အကိုင်ဥပဒေကို ပြင်ဆင်ရေးဆွဲလျက်ရှိပါကြောင်း၊ ထိုင်းနိုင်ငံရောက် အထောက်အထားမဲ့ အလုပ်သမားများအတွက် မြန်မာ-ထိုင်းနှစ်နိုင်ငံ ပူးပေါင်း၍ အလုပ်သမားများ ခန့်ထားခြင်း၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၀၃ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်ခဲ့ရာ ၂၀၀၉ ခုနှစ်တွင် တာချီလိတ်၊ မြဝတီ၊ ကော့သောင်း နယ်စပ်စခန်း(၃)ခုနှင့် ရနောင်းမြို့များတွင် စခန်းများဖွင့်လှစ်ကာ နိုင်ငံသားစိစစ်ခြင်း၊ ယာယီမြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးခြင်း၊ ပြည်ပအလုပ်သမား သက်သေခံကတ်ပြားထုတ်ပေးခြင်းတို့ကို စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၂ ခုနှစ် မတ်လဆန်းအထိ (၇)သိန်းခန့် ထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ အစိုးရသစ်ကာလတွင် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်ဖြင့် ဗန်ကောက်၊ ချင်းမိုင်၊ မဟာချိုင်၊ စမုတ်ပရာကန်၊ စူရတ်ဌာနီ(၅)နေရာတွင် စခန်းများဖွင့်လှစ်ကာ ယာယီမြန်မာနိုင်ငံကူးလက်မှတ်များ ထုတ်ပေးရေး ဆောင်ရွက်ခဲ့ရာ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ယခုချိန်ထိ (၆)သိန်းခန့် လုပ်ဆောင်ပေးနိုင်ခဲ့ပါကြောင်း၊ သို့ဖြစ်၍ စုစုပေါင်း (၁ ဒသမ ၃)သန်းခန့် ထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ အလုပ်သမားများ၏ လုပ်ခလစာမှာ တစ်ရက်လျှင် ဘတ်(၃၀၀)ခန့် ရရှိနေပြီး လုပ်ငန်းခွင် အခက်အခဲများကိုလည်း မြန်မာသံရုံးနှင့် သက်ဆိုင်ရာဝန်ထမ်း Labour Attache တို့ကလိုက်လံဖြေရှင်းပေးလျက်ရှိပါကြောင်း၊ ယာဉ်မောင်းလိုင်စင် (Driving Licence)၊ ဘဏ်ငွေစာရင်း (Bank Account)ဖွင့်ခွင့်ရရှိခြင်းတို့က ၎င်းတို့အတွက် လူနေမှုဘဝကို ပိုမိုတိုးတက်စေခဲ့ပါကြောင်း။

ကျန်သည့် အလုပ်သမား(၈)သိန်းမှ (၁)သန်းခန့်ကိုလည်း ထိုင်းနိုင်ငံအစိုးရနှင့် ညှိနှိုင်းဆွေးနွေးပြီး တရားဝင် အလုပ်သမားဖြစ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် ဒီဇင်ဘာ ၁၄ ရက်က ထိုင်းနိုင်ငံဥပဒေအရ အထောက်အထားမဲ့ မြန်မာအလုပ်သမားများကို Registration ပြုလုပ်ရာတွင် သက်တမ်းတိုးမပေးတော့ဘဲ အလုပ်သမားများအား နယ်စပ်သို့ပြန်လွှတ်ကာ MoU အလုပ်သမားအဖြစ် ပြန်လည်လက်ခံခဲ့မှု အစီအစဉ်ကို ထိုင်းဘက်က အဆိုပြုလာခဲ့ပါကြောင်း၊ မြန်မာအလုပ်သမားတွေ သွားလာရေး၊ လုံခြုံရေး၊ စရိတ်စကများ သာမက ထိုင်းအလုပ်ရှင်များကလည်း အခက်အခဲ အနည်းနှင့်အများ ကြုံတွေ့လာနိုင်သည့်အတွက် ထိုင်းဝန်ကြီးချုပ်နှင့် ဒီဇင်ဘာ ၁၇ ရက်က ထားဝယ်၌ တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတကိုယ်တိုင် ဆွေးနွေးတောင်းဆိုချက်အရ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လပ်ရှင်နာဝပ်က အချိန်ကာလ(၃)လ ထပ်မံတိုးမြှင့်ဆောင်ရွက်ပေးရန် သဘောတူညီမှုရရှိခဲ့ပြီး ယာယီမြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးစခန်း ယခင်(၅)ခုကိုပိတ်သိမ်း၍ ယခုအခါ (၁၀)ခုအထိ ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ခွင့်ပြုပေးခဲ့ပါကြောင်း၊ အဆိုပါ ထိုင်းနိုင်ငံအတွင်း လုပ်ငန်းဆောင်ရွက်ရန် နှစ်နိုင်ငံညှိနှိုင်းမှုအရ ယာယီမြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအတွက် စမုတ်ပရာကန်၊ စမုစခွန်(မဟာချိုင်)၊ စူရတ်ဌာနီ၊ ချင်းမိုင်၊ လရောင်၊ ပထုံဌာနီ၊ ကန်ချနဘူရီ၊ နခွန်ရတ်ချ်စီမာ၊ ခွန်ခန်နှင့် ဆွန်ခလာမြို့များတွင် စခန်းများအား လျာထား၍ အလုပ်သမားများ အလုပ်လုပ်ကိုင်နေသည့် ဒေသအခြေအနေ၊ မှတ်ပုံတင် လာရောက်ပြုလုပ်မှုအခြေအနေပေါ်မူတည်၍ အတည်ပြုရွေးချယ်သွားမည်ဖြစ်ပြီး စခန်းများဖွင့်လှစ်၍ အထောက်အထားထုတ်ပေးရေးလုပ်ငန်းစဉ်များကို ၂၀၁၃ခုနှစ် မတ်လမတိုင်မီ စတင်ဆောင်ရွက်နိုင်ရန် သဘောတူညီခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မှုကြောင့် ထိုင်းနိုင်ငံအတွင်းရှိ အထောက်အထားမဲ့ မြန်မာအလုပ်သမားများအနေဖြင့် ယာယီမြန်မာနိုင်ငံကူးလက်မှတ်၊ ဗီဇာနှင့် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်များအား ထိုင်းနိုင်ငံအတွင်းရှိ ၎င်းတို့နှင့်နီးစပ်ရာ ယာယီမြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးစခန်းများတွင် ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများရရှိခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ အလုပ်အကိုင်မပျက် အထောက်အထား ပြုလုပ်နိုင်ခြင်း၊ နယ်စပ်စခန်းများသို့ ပြန်သွားရပါက တွေ့ကြုံရနိုင်သည့် လမ်းခရီးအန္တရာယ်များမှ စာမျက်နှာ ၇ ကော်လံ ၁

တက်ရောက်

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပရာ တက်ရောက်ကြသူများအား တွေ့ရစဉ်။
(သတင်းစဉ်)

အမျိုးသားလွှတ်တော်

မြန်မာ့ဆေးဝါးစက်ရုံမှ ခွေးရူးရောဂါကာကွယ်ဆေး တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လုံလောက်စွာထောက်ပံ့ပေးလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၁

ပထမအကြိမ်အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့တွင် အစီအစဉ် (၁၀)ခုဖြင့် ကျင်းပပြီး မေးခွန်း(၅)ခုကို မေးမြန်းဖြေကြားကြသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာတင်ရွှေ၏ **တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် နှစ်စဉ် ခွေးရူးရောဂါ ဖြစ်ပွားမှုနှုန်းနှင့် ခွေးရူးကိုက်ခံရပါက ကာကွယ်သည့် ထိုးဆေးများ မြန်မာနိုင်ငံဆေးဝါးစက်ရုံမှ ထုတ်လုပ်သော ဆေးများလုံလောက်မှု ရှိ/မရှိ သိရှိလိုခြင်း** မေးမြန်းချက်နှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဖြေကြားရာတွင် မြန်မာနိုင်ငံတွင် ၂၀၁၀ ခုနှစ်အတွင်း ခွေးရူးရောဂါဖြစ်ပွားသူပေါင်း (၂၀၅) ဦးနှင့် သေဆုံးသူပေါင်း (၂၀၅) ဦးရှိပြီး ၂၀၁၁ ခုနှစ်အတွင်း ခွေးရူးရောဂါဖြစ်ပွားသူပေါင်း (၂၄၀)နှင့် သေဆုံးသူပေါင်း (၂၄၀) ရှိခဲ့ပါကြောင်း၊ ၂၀၁၁ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခွေးရူးရောဂါ ဖြစ်ပွားမှုနှင့် သေဆုံးသူဦးရေမှာ ကချင်ပြည်နယ်တွင် (၃)ဦး၊ ကယားပြည်နယ်တွင် (၁)ဦး၊ ကရင်ပြည်နယ်တွင် (၂)ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် (၄၂)ဦး၊ တနင်္သာရီတိုင်းဒေသကြီးတွင် (၄)ဦး၊ ပဲခူးတိုင်းဒေသကြီးတွင် (၄၈)ဦး၊ မကွေးတိုင်းဒေသကြီးတွင် (၂၅)ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် (၅၀)၊ မွန်ပြည်နယ်တွင် (၈)ဦး၊ ရခိုင်ပြည်နယ်တွင် (၃)ဦး၊ ရန်ကုန်တိုင်းဒေသကြီးတွင် (၂၀)၊ ရှမ်းပြည်နယ်တွင် (၆)ဦးနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် (၂၈)ဦး စုစုပေါင်း (၂၄၀) ဖြစ်ပါကြောင်း၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံဆေးဝါးစက်ရုံမှထုတ်လုပ်သော ခွေးရူးရောဂါ ကာကွယ်ဆေးစုစုပေါင်း (၁၇၄၅၆)လုံးကို လည်းကောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် (၁၆၇၂၅)လုံးကို လည်းကောင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ထောက်ပံ့ပေးခဲ့ပါသဖြင့် ခွေးရူးရောဂါ ကာကွယ်ဆေး လုံလောက်မှုရှိပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေ၏ **ဝေးလံသီခေါင်ပြီး သွားလာရေးခက်ခဲသည့်ဒေသမှ ဆရာဝန်ဘွဲ့ရရှိပြီး ဆမရထားသူဒေသခံလူငယ်များ ဝန်ထမ်းရွေးချယ်မှု ခေါ်ယူစစ်ဆေးသည့်စာမေးပွဲတွင် အကြိမ်ကြိမ်ဖြေဆိုသော်လည်း ရွေးချယ်ခံရခြင်းမရှိ၍ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု အခက်ကြုံနေရသည်ကို ဖြေရှင်းပေးမည့်အစီအစဉ်ကို သိရှိလိုခြင်း** မေးမြန်းချက်နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ပြန်တမ်းဝင်အရာရှိအဆင့်ဖြစ်သော လက်ထောက်ဆရာဝန်ရာထူးအတွက် တိုက်ရိုက်ရွေးချယ်ခန့်ထားခွင့် မရှိပါကြောင်းနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ တာဝန်ယူ၍ ဆောင်ရွက်နေပါကြောင်း၊ သို့သော် ယခင်(၃)နှစ် (၄)နှစ်ခန့်က လုပ်ငန်းလိုအပ်ချက်နှင့် ဖွဲ့စည်းပုံလစ်လပ်ချက်အရ နှစ်ကန့်သတ်၍ ၎င်းနှစ်များတွင် M.B.B.S ဘွဲ့ရရှိပြီးသူအားလုံးကို ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့်ညှိနှိုင်းပြီး ကျန်းမာရေးဝန်ကြီးဌာနကဦးစီး၍ လျှောက်ထားသူများအားလုံး ခန့်ထားဆောင်ရွက်ခဲ့ပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး မေးမြန်းစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၂ တွင် **"နိုင်ငံတော်သည် အလုပ်အကိုင်ခန့်ထားရာတွင်ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းရွေးချယ်တာဝန်ပေးရာတွင်ဖြစ်စေ သတ်မှတ်သော အရည်အချင်းနှင့်ပြည့်စုံပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာ ဘာသာသာသနာ၊ အမျိုးသား၊ အမျိုးသမီးကို အကြောင်းပြုလျက် ရာထူးရွေးချယ်ခန့်ထားခြင်းကို ခွဲခြားမှု မပြုရ"** ဟူ၍ပြဋ္ဌာန်းထားသည်နှင့်အညီ ပြည်ထောင်စု ရာထူးဝန်အဖွဲ့အနေဖြင့် တရားမျှတစွာ စစ်ဆေးရွေးချယ်မှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရေးဖြေစာမေးပွဲ အောင်မြင်သူများကို လူတွေ့နှုတ်ဖြေ စစ်ဆေးသည့်အခါများ၌မူ ဝေးလံခေါင်သီသည့် ပြည်နယ်ဒေသတို့မှ လာရောက်ဖြေဆိုသူများကို အတတ်နိုင်ဆုံး သက်ညှာစွာဖြင့် စစ်ဆေးရွေးချယ်ပေးလျက်ရှိပါကြောင်း။

ယခု လက်ထောက်ဆရာဝန်ရာထူး ရွေးချယ်မှုဆောင်ရွက်ရာတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ကသာ စစ်ဆေးရွေးချယ်ခြင်းမဟုတ်ဘဲ ကျန်းမာရေးဝန်ကြီးဌာနမှ စာမျက်နှာ ၇ ကော်လံ ၁

ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်း အဝေး စတုတ္ထနေ့တွင် ပြည် ထောင် စု ဝန်ကြီးဒေါက်တာ ဖေ သက် ခင် ဖြေကြားစဉ်။
(သတင်းစဉ်)

ရှုထောင့်ရေးရာကဏ္ဍ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကော်မတီဥက္ကဋ္ဌများနှင့်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၁

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကော်မတီဥက္ကဋ္ဌများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိခန်းမဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ကော်မတီဥက္ကဋ္ဌများက သက်ဆိုင်ရာကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာသူများက အထွေထွေဆွေးနွေးကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

လုပ်ငန်းညှိနှိုင်းစည်းဝေး **ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကော်မတီဥက္ကဋ္ဌများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။** (သတင်းစဉ်)

ပြည်သူ့လွှတ်တော်မှ

ကင်းဝေးနိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နေစဉ်တွင် အထောက်အထားမဲ့ မြန်မာအလုပ်သမားများ ထပ်မံမတိုးပွားလာအောင် မြန်မာ-ထိုင်းနှစ်နိုင်ငံ သဘောတူညီချက်အရ ထိုင်းနိုင်ငံသို့ မြန်မာအလုပ်သမားအသစ် (၄၀၀၀၀)ကျော်ကို MoU စနစ်ဖြင့် စေလွှတ်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ သားသမီးများကို မြန်မာနိုင်ငံသားဖြစ်ကြောင်း အထောက်အထားများ ထုတ်ပေးရေးနှင့် ကလေးများ ပညာသင်ကြားပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ကြောင့် မိမိတို့အနေဖြင့် ထိုင်းနိုင်ငံရောက် အထောက်အထားမဲ့ မြန်မာအလုပ်သမားများအားလုံး တရားဝင်ဖြစ်လာအောင်နှင့် အလုပ်သမား အခွင့်အရေး(Labour Right)ကို ထိုင်းနိုင်ငံသားနှင့်မခြားရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့တွင် အလုပ်သမားအရာရှိများ ထားရှိပြီး အလုပ်သမားစေလွှတ်သောနိုင်ငံများ၏ တာဝန်ဝတ္တရားများနှင့်အညီ သက်ဆိုင်ရာ နိုင်ငံများ၏အလုပ်သမားဥပဒေအရ ကာကွယ်ပေးခြင်း၊ လူမှုအာမခံစနစ်၊ ကျန်းမာရေး အာမခံစနစ်များရရှိအောင် ဆောင်ရွက်ပေးခြင်း၊ အခါအားလျော်စွာ စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်ကြည့်ရှုအားပေးခြင်း၊ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ လုပ်ခလစာများ သင့်မြတ်ကောင်းမွန်စွာရရှိရေး၊ လုပ်ငန်းခွင် မတော်မဆ ထိခိုက်ဒဏ်ရာရရှိမှုနှင့် နစ်နာမှုများအတွက် ရထိုက်သည့် အခွင့်အရေးများ ရရှိအောင် ဆောင်ရွက်ပေးခြင်း၊ အလုပ်ပြောင်းလဲခြင်းအတွက် ကူညီပေးခြင်း၊ မိခင်နိုင်ငံသို့ ပြန်လည်ထွက်ခွာခြင်းအတွက် အကာအကွယ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ သက်ဆိုင်ရာဝန်ထမ်းများ (Labour Attache) များကိုလည်း မြန်မာအလုပ်သမားအများစုရှိသည့် နိုင်ငံများကို ထပ်မံစေလွှတ်နိုင်အောင် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မလေးရှား၊ ကူဝိတ်နိုင်ငံများသို့လည်း မကြာမီ စေလွှတ်နိုင်တော့မည် ဖြစ်ပါကြောင်း၊ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် မြန်မာနိုင်ငံအနေဖြင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ပြီး ရွှေ့ပြောင်းအလုပ်သမားရေးရာကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်၍ ပြည်ပသို့ စေလွှတ်သည့် လုပ်ငန်းစဉ်များ လွယ်ကူမြန်ဆန်စေရေး၊ အလုပ်အကိုင်မှန်ကန်စေရေး၊ ကုန်ကျစရိတ် အနည်းဆုံးနှင့်ပြည်ပနိုင်ငံများတွင် အလုပ်လုပ်နေစဉ်ဖြစ်ပေါ်လာသော ပြဿနာများကို ထိရောက်စွာ ဖြေရှင်းနိုင်ရေးတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုတင်ပြချက်များသည် နိုင်ငံရပ်ခြားရောက် မြန်မာရွှေ့ပြောင်း အလုပ်သမားဥပဒေနှင့်အညီ ရရှိသင့်သည့်အခွင့်အရေးများ ရရှိအောင်ဆောင်ရွက်ပေးခြင်းပင် ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

အဆိုတင်သွင်းခြင်းကဏ္ဍ၌ ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်က **“ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၆၄ နှင့်ပုဒ်မ ၂၃၂(ဋ)တို့၏ ပြဋ္ဌာန်းချက်တွင် ပါရှိသော ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ ဟူသည်ကို တိကျရှင်းလင်းစွာ အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးပါရန်”** အဆိုကို တင်သွင်းသည်။

အဆိုနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းလုပ်ငန်းတာဝန်ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့ အပ်နှင်းထားပါကြောင်း၊ ၎င်းခုံရုံးမှအပ အခြားအဖွဲ့အစည်းတစ်ခုခုက အဓိပ္ပာယ်ဖွင့်လျှင် ဥပဒေကအပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျော်လွန်သုံးစွဲရာရောက်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အဆိုနှင့်စပ်လျဉ်းပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ပေါ်ပေါက်မှသာ ၎င်းခုံရုံးက အနက်အဓိပ္ပာယ်ဖွင့်ဆိုရန် သင့်လျော်မည်ဖြစ်ပြီး ဥပဒေနှင့်လည်း ကိုက်ညီမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ဦးဝင်းမြင့်၏ အဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြောကြားရာတွင် ယခုအဆိုကို လွှတ်တော်က မှတ်တမ်းတင်ထားရှိပြီး ဥက္ကဋ္ဌအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၅ အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ အဓိပ္ပာယ်ဖွင့်ဆိုချက် တောင်းခံသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လွှတ်တော်အတွင်း ဆွေးနွေးရန်ခွင့်ပြုမည်မဟုတ်ဘဲ ခုံရုံးပေါ်ပေါက်လာသည့်အခါ အဆိုကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အမြန်ပေါ်ပေါက်ရေးနှင့် ပေါ်ပေါက်လာသည့်အခါ ယခုအဆိုအပေါ် မူတည်၍ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်က ဆုံးဖြတ်ဆောင်ရွက်ခဲ့သည်။

ယနေ့အစည်းအဝေးကို အစီအစဉ် (၉)ခုဖြင့်ဆောင်ရွက်ခဲ့ပြီး အစည်းအဝေးပဉ္စမနေ့ကို ဇန်နဝါရီ ၂၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်မှ

တွဲဖက်ပေးသည့် ပါမောက္ခချုပ်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ပူးတွဲစစ်ဆေးကာ သင့်လျော်သူများကို ရွေးချယ်ခန့်ထားပေးခြင်းဖြစ်ပါကြောင်း။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ နည်းဥပဒေပုဒ်မ ၇ (က)တွင် **“ဝန်ထမ်းအဖွဲ့အစည်းအသီးသီးတွင် ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့် ရာထူးနေရာ လစ်လပ်မှုရှိသဖြင့် ပြင်ပပုဂ္ဂိုလ်အား ခန့်အပ်လိုပါက အဖွဲ့ကသာ ရွေးချယ်ပေးရမည်”** ဟူ၍ လည်းကောင်း၊ ပုဒ်မ ၈ တွင် **“ဝန်ထမ်း အဖွဲ့အစည်းများသည် လစ်လပ်သော ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့် ရာထူးနေရာများတွင် ပြင်ပပုဂ္ဂိုလ်အား ခန့်အပ်လိုပါက ရွေးချယ်ပေးရမည့်အရေအတွက်သတ်မှတ်ချက်များဖော်ပြ၍ ရွေးချယ်ပေးရန် အဖွဲ့သို့** အဆိုပြုရမည်” ဟူ၍လည်းကောင်း သတ်မှတ်ထားရာ ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ပြန်တမ်းဝင်အရာရှိ အဆင့်ဖြစ်သော လက်ထောက်ဆရာဝန် ရာထူးအတွက် တိုက်ရိုက်ရွေးချယ်ခန့်ထားခွင့် မရှိခြင်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် ယနေ့အချိန်ကာလအထိ တစ်နိုင်ငံလုံးမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူတိုင်း ဝေးလံခေါင်သီသည့်ဒေသမှ ကျောင်းသား ကျောင်းသူများအပါအဝင် သတ်မှတ်အရည်အချင်းပြည့်မီသူများကို စိစစ်လက်ခံပြီး ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ မန္တလေးဆေးတက္ကသိုလ်နှင့် မကွေးဆေးတက္ကသိုလ်တို့တွင် သင်ကြားပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ သတ်မှတ်အရည်အချင်းပြည့်မီမှုကြောင့် စိစစ်မှုကိုအောင်မြင်စွာ ကျော်လွှားနိုင်သည့်အတွက် ဆေးတက္ကသိုလ် ကျောင်းသားကျောင်းသူများအဖြစ် သင်တန်းတက်ရောက်ခွင့်ရရှိကာ ဆေးတက္ကသိုလ်များမှ M.B.B.S ဘွဲ့ကိုရခဲ့သူများဖြစ်၍ ဆရာဝန်မှတ်ပုံတင်နှင့် ဆေးကုသခွင့်လိုင်စင်(ဆမ)များရရှိခဲ့ခြင်းဖြစ်ပါကြောင်း။

ယခု လက်ထောက်ဆရာဝန်ရာထူးခန့်ထားရန်ရွေးချယ်မှုသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ အဖွဲ့ဝင်များသာမက ကျန်းမာရေးဝန်ကြီးဌာနမှ တွဲဖက်ပေးသည့် ပါမောက္ခချုပ်၊ ညွှန်ကြားရေးမှူးချုပ်များ ပါဝင်သည့် စိစစ်ရေးအဖွဲ့မှ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၂ နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့နည်းဥပဒေပုဒ်မ ၇(က)နှင့် ပုဒ်မ(၈)နှင့်အညီ စိစစ်ရွေးချယ်ခြင်းဖြစ်ပါကြောင်း။

ဒီမိုကရေစီကျင့်စဉ်အရ ယှဉ်ပြိုင်ရွေးချယ်ခံရမည်ဖြစ်ပါကြောင်း၊ အရေအတွက်အစား အရည်အချင်းကို ဦးစားပေးမှသာ နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်မည်ဖြစ်၍ သတ်မှတ်အရည်အချင်းပြည့်မီရေးမှာ ယှဉ်ပြိုင်အရွေးခံသူများတွင် တာဝန်ရှိပါကြောင်း၊ အရည်အသွေး အရည်အချင်း မပြည့်မီသူ တစ်ဦးတစ်ယောက်ကိုစိစစ်ခြင်းမရှိဘဲ တိုက်ရိုက်ခန့်ထားမှုကြောင့် ဒေသခံလူထု၏အသက်အန္တရာယ်ဖြစ်ပေါ်လာပါက တာဝန်ယူ၊ တာဝန်ခံရသည့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နစ်နာသူဖြစ်သော ဒေသခံလူထုလက်ခံနိုင်အောင် နှစ်သိမ့်ဖြေရှင်းချက်ပေးရန် အခက်အခဲရှိသကဲ့သို့ ဒေသခံလူထုအတွက်လည်း ကျန်းမာရေးစောင့်ရှောက်မှု အာမခံချက် နည်းနိုင်ပါကြောင်း၊ သို့ဖြစ်ပါ၍ ဒေသခံလူထုအတွက် ကျန်းမာရေးဆိုင်ရာ လုံခြုံမှုနှင့် ပတ်သက်၍ အားနည်းချက်အနည်းဆုံးဖြစ်အောင် စိစစ်ရွေးချယ်ရေးအဖွဲ့မှ အချိန်ကုန်၊ ငွေကုန်၊ အပင်ပန်းခံပြီး စေတနာအပြည့်ဖြင့် ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ညဏစိုး၏ **အငှားယာဉ်(ဆိုက်ကား) လိုင်စင်များ ထပ်မံချထားပေးခြင်း မရှိသဖြင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးအတွက် အငှားယာဉ်လုပ်သားများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဘဝအဆင့်အတန်းအတွက် စီမံဆောင်ရွက်ပေးမည့် အစီအစဉ်ကို သိရှိလိုကြောင်း** မေးမြန်းချက်နှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက ဖြေကြားရာတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ကော်မတီလက်အောက်ရှိ မြို့နယ်(၃၂)မြို့နယ်တွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ၃၀-၉-၂၀၁၂ ရက်နေ့အထိ လိုင်စင်ခွင့်ပြုထားသည့် အငှားယာဉ် စုစုပေါင်း ၂၆၇၁၄ စီးရှိပြီး ၁-၄-၂၀၀၂ ရက်နေ့မှစ၍ ယနေ့အထိ လိုင်စင်သစ်များ ခွင့်ပြုခဲ့ခြင်းမရှိပါကြောင်း၊ အငှားယာဉ်(ဆိုက်ကား)နင်းသားများ အလုပ်အကိုင်ရရှိရေးတစ်ခုကိုသာ ဦးတည်ပြီး အငှားယာဉ်(ဆိုက်ကား) လိုင်စင်သစ်များ ချထားပေးပါက မြို့နယ်အလိုက် အကျယ်အဝန်း၊ လူဦးရေလိုအပ်ချက်နှင့် မျှတမှုမရှိဘဲ မူလလိုင်စင်ရှိ အငှားယာဉ် (ဆိုက်ကား) ပြေးဆွဲနေသူ ပိုင်ရှင်/နင်းသားများ၏ ဝင်ငွေထက်ဝက်ခန့်ကျသွားနိုင်ခြင်း၊ ပိုမိုများပြားလာသော မော်တော်ယာဉ်များနှင့် ယှဉ်လျှင် အငှားယာဉ်(ဆိုက်ကား) များ၏ ဖွဲ့စည်းပုံသည် နင်းသူရောစီးသူများအတွက်ပါ ဘေးကင်းမှုအဆင့်အတန်းနိမ့်ကျခြင်း၊ လမ်းများပိတ်ဆို့ခြင်း၊ ယာဉ်တိုက်မှုများ များပြားလာနိုင်ခြင်း စသည့်မြို့ပြဖွံ့ဖြိုးတိုးတက်မှုကို အနှောင့်အယှက်ဖြစ်စေမည့် ဆိုးကျိုးများဖြစ်ပေါ်စေနိုင်သဖြင့် အငှားယာဉ်စီးရေကန့်သတ်ခြင်းနှင့် စည်းကမ်းထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်နေရခြင်းဖြစ်ပါကြောင်း။

ဆင်းရဲနွမ်းပါးမှုပပျောက်ရေးအတွက် အငှားယာဉ်လုပ်သားများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဘဝအဆင့်အတန်းမြင့်မားရေးအတွက် ကဏ္ဍအသီးသီးမှဆောင်ရွက်လျက်ရှိရာ အငှားယာဉ် လုပ်သားများကဲ့သို့ လက်လုပ်လက်စားများကို ကုန်ထုတ်လုပ်ငန်းများတွင် နေရာယူနိုင်ရေးဦးတည် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေများအရ ပေါ်ပေါက်လာမည့် အထူးစက်မှုစီးပွားရေးဇုန်များ ထူထောင်ပြီးပါက စက်မှုလုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိလာနိုင်ပြီး လူနေမှုအဆင့်အတန်းများ မြင့်မားတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ထို့ပြင် မြို့ပြဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်အရ ပြည်သူများ နေ့စဉ်လုံခြုံချောမွေ့စွာနှင့် လျင်မြန်စွာသွားလာနိုင်ရေးအတွက် ခေတ်မီခရီးသည်ပို့ဆောင်ရေးအစီအမံများလည်း ချမှတ်သွားရန်ရှိပါကြောင်း၊ ၎င်းအခြေအနေတွင် အငှားယာဉ်လုပ်သားများအား ပိုမိုကောင်းမွန်သင့်လျော်သော ဆက်စပ်သည့် တက္ကစီယာဉ်များမောင်းနိုင်ရေး၊ ပိုင်ဆိုင်မှုရရှိလာစေရေးအတွက် မျှော်မှန်းဆောင်ရွက်ရန် အစီအစဉ်ရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးစိုးညွန့်က **အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား** လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ ဦးအောင်မြင့်သိန်းက ထောက်ခံဆွေးနွေးပြီး ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်က ဆွေးနွေးစဉ်းစားရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

ဆက်လက်၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်းတင်သွင်းထားသည့် **ဝေးလံခေါင်ပါး၍ လူမှု ရေးခက်ခဲသောဒေသရှိ ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးအားဖွံ့ဖြိုးမှုရှိသောဒေသများထက် လျော့ပေါ့၍ အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးပါ ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်ရှစ်ဦးတို့က ဆွေးနွေးကြပြီး အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ရပ်နားလိုက်သည်။

ပဉ္စမနေ့အစည်းအဝေးကို ဇန်နဝါရီ ၂၂ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကချင်ပြည်နယ် မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

နေပြည်တော် ဇန်နဝါရီ ၂၁

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်းသည် ဇန်နဝါရီ ၁၉ ရက် ည ၁၀ နာရီခွဲက မီးလောင်မှုဖြစ်ပွားခဲ့သော မြစ်ကြီးနားမြို့ ကွန်းပင်သာရပ်ကွက် နယ်မြေ(၂)နေရာသို့ ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး မီးဘေးသင့်အိမ်ထောင်စု ၁၀ စုတို့မှ မိသားစုများအား တွေ့ဆုံအားပေးစကားပြောကြားကာ ကချင်ပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းသော စောင် ၆၄ ထည်၊ ဆန် ၁၀ အိတ်၊ ပြည်နယ်ကြက်ခြေနီအသင်းမှ လှူဒါန်းသော မိသားစုသုံးပစ္စည်း ၁၀ မျိုးနှင့်ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ လှူဒါန်းသော မီးဖိုချောင်သုံးပစ္စည်း ၁၀ မျိုးတို့ကို တာဝန်ရှိသူများနှင့်အတူ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရပ်စောက်မြို့နယ် အင်တောမြို့နယ်ခွဲအတွင်းရှိ ကျောက်ဂူရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များစတင်ထုတ်လွှင့်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၁

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် အင်တောမြို့နယ်ခွဲအတွင်း၌ ကျောက်ဂူရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၆ ရက်တွင် လုပ်ငန်းများပြီးစီးခဲ့သဖြင့် အဆိုပါစက်ရုံမှ လွှင့်အား(၅၀)ဝပ်၊ လှိုင်းနှုန်း (UHF Channel J-13) ဖြင့် ဇန်နဝါရီ ၁၇ ရက် ညနေ ၄ နာရီမှ စတင်၍ ရုပ်သံအစီအစဉ်များကို အရုပ်/အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၂-၁-၂၀၁၃ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀ နံနက်ခင်းသတင်း
၇း၅၀ ကိုယ်စိတ်ကျန်းမာလေ့ကျင့်ပါ
၈း၄၀ International News

ညပိုင်း

၄း၃၀ ၂၀၁၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (ရူပဗေဒဘာသာရပ်)
၆း၀၀ ညနေခင်းသတင်း
၇း၀၀ ပြည်တွင်းသတင်း
၈း၀၀ ပြည်တွင်းသတင်း
- မြန်မာရုပ်ရှင် **ဟုတ်ကဲ့အစ်ကိုကြီး**
၁၀း၀၀ ပြည်တွင်းသတင်း

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီ ကောလိပ်နှင့် ကောလိပ်များမှ ကျောင်းသား၊ ကျောင်းသူများ၏ဗဟိုအဆင့် အင်္ဂလိပ်ဘာသာ ကျပန်းစကားပြောပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

▲ ရှေ့ဖုံးမှ

(၃) နိုင်ငံတော်သမ္မတထံသို့ ပြည်ထောင်စုလွှတ်တော်နာယကက ၁၅-၁-၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ၁/ပထ (စည်းဝေး) ၉/၂၀၁၃-၄ ဖြင့် ပေးပို့သည့်သဝဏ်လွှာ

၁။ ရည်ညွှန်း(၂)ပါ စာဖြင့် မိမိကသဘောထားမှတ်ချက်ပြု၍ ပြန်လည်ပေးပို့သည့် **"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း"** အပေါ် ရည်ညွှန်း(၃)ပါစာဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၆၊ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်အရ ပြန်လည်ပေးပို့လာသော ဥပဒေကြမ်းအား လက်ခံရရှိပါသည်။

၂။ အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၆ ပါ ပြဋ္ဌာန်းချက်ဖြစ်သည့် **"တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်"** ဟု ပြဋ္ဌာန်းထားချက်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်ဖြစ်သည့် **"နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းတို့ပြုသည်"** ဆိုသည့် ဒီမိုကရေစီကျင့်စဉ်ဆိုင်ရာ ပြဋ္ဌာန်းချက်တို့ကို ဆန့်ကျင်လျက်ရှိကြောင်း သဘောထားမှတ်ချက်ပေးပို့ခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ရာတွင် အဆိုပါဥပဒေကြမ်းအား ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် ဒုတိယရှေ့နေချုပ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၊ ပြည်သူ့လွှတ်တော်မှ တပ်မတော်သားကိုယ်စားလှယ်တစ်ဦးနှင့် အမျိုးသားလွှတ်တော်မှ တပ်မတော်သားကိုယ်စားလှယ်တစ်ဦးတို့က ဆွေးနွေးကြပြီး မဲခွဲဆုံးဖြတ်ရာ လွှတ်တော်ကိုယ်စားလှယ် အများစု၏သဘောတူညီချက်အရ ပြည်ထောင်စုလွှတ်တော်ကပေးပို့သည့် မူလပြဋ္ဌာန်းချက်များအတိုင်း အတည်ပြုရန် ဆုံးဖြတ်ကြောင်း သိရှိရပါသည်။

၄။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း၊ မညီညွတ်ခြင်းသည် ဖြစ်ပေါ်လာမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ ခုံရုံး၏အဆုံးအဖြတ်အပေါ်၌သာ မူတည်ပါမည်။ မိမိအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်အများစု၏ သဘောဆန္ဒအရ အတည်ပြုထားသော **"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** အပေါ် အများဆန္ဒအား အလေးဂရုပြုသောအားဖြင့် အတည်ပြုလက်မှတ်ရေးထိုး၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၆၊ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်အရ ပြန်လည်ပေးပို့အပ်ပါသည်။

၅။ ဖွဲ့စည်းပုံအခြေခံဥပဒေ **"ဥပဒေပြုရေးအခန်း"** တွင် ဥပဒေများ၏အကျိုးသက်ရောက်မှုနှင့်စပ်လျဉ်း၍ ပုဒ်မ ၁၉၈၊ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်သည် အထူးအလေးဂရုပြုသင့်ကြောင်း အောက်တွင်ဖော်ပြပါသည်-

"၁၉၈။ လွှတ်တော်အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့် ဥပဒေများ၏ အကျိုးသက်ရောက်မှုမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) **ပြည်ထောင်စုလွှတ်တော်၊** တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က **ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည်လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်သည် လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်၊"**

၆။ သို့ပါ၍ နိုင်ငံတော်သမ္မတ အတည်ပြုလက်မှတ်ရေးထိုးပြီးသော **"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ"** အား ဆက်လက်ဆောင်ရွက်နိုင်ပါရန် သဝဏ်လွှာပေးပို့အပ်ပါသည်။"

၃။ နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးရန် အထက်အပိုဒ်(၂)ရည်ညွှန်းချက်(၁)ပါ သဝဏ်လွှာဖြင့် ပေးပို့လာသည့် အဆိုပါ ဥပဒေကျမ်း၏ မူလပြဋ္ဌာန်းချက်များ၊ ရည်ညွှန်းချက်(၂)ပါ သဝဏ်လွှာဖြင့် ပြန်လည်ပေးပို့သည့် ပြဋ္ဌာန်းချက်အလိုက် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များ၊ ရည်ညွှန်းချက်(၃)ပါ သဝဏ်လွှာဖြင့် ပြည်ထောင်စုလွှတ်တော်က နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၆၊ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်အရ ပြန်လည်ပေးပို့လာသည့် အပြီးသတ် အတည်ပြုချက်တို့ကို နှိုင်းယှဉ်လျက် အောက်တွင်ဖော်ပြသည်-

ပြည်ထောင်စုလွှတ်တော်၏ မူလပြဋ္ဌာန်းချက် (အထက်အပိုဒ် ၂၊ ရည်ညွှန်းချက် ၁ သဝဏ်လွှာပါ။)	နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက် (အထက်အပိုဒ် ၂၊ ရည်ညွှန်းချက် ၂ သဝဏ်လွှာပါ။)	အပြီးသတ်အတည်ပြုချက် (အထက်အပိုဒ် ၂၊ ရည်ညွှန်းချက် ၃ သဝဏ်လွှာပါ။)
၁	၂	၃
❖၂။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေတွင်- (က)ပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည်- "၆။ နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့် အဖွဲ့ဝင် သုံးဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦးနှင့်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦး စုစုပေါင်း ရွေးချယ်ထားသည့် အဖွဲ့ဝင် ကိုးဦး၏ အမည်စာရင်းကို လည်းကောင်း၊ ယင်းတို့အနက် ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် ညှိနှိုင်း၍ ရွေးချယ်သည့် အဖွဲ့ဝင်တစ်ဦး၏ အမည်ကို လည်းကောင်း ပြည်ထောင်စု လွှတ်တော်သို့ တင်သွင်းပြီး သဘောတူညီချက် ရယူရမည်။"	ဥပဒေကြမ်း၏ပုဒ်မ ၂၊ ပုဒ်မခွဲ(က)နှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၁ ၌ **"နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့်အဖွဲ့ဝင်သုံးဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦး စုစုပေါင်းကိုးဦး၏အမည်စာရင်းကို လည်းကောင်း၊ ယင်းတို့အနက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် အဖွဲ့ဝင်တစ်ဦး၏ အမည်ကိုလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက်ရယူရမည်။"** ဟု ပြဋ္ဌာန်းထားပါသည်။ လွှတ်တော်၏ ပြင်ဆင်ပြဋ္ဌာန်းလိုချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအား ဆန့်ကျင်လျက်ရှိရာဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ အရ ပြဋ္ဌာန်းခဲ့သည့် ဥပဒေ ၂၂ ခုတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအား မဆန့်ကျင်သော ပြဋ္ဌာန်းချက်သာလျှင် အတည်ဖြစ်သည်ဟု ပုဒ်မ ၄၄၆ တွင် ပြဋ္ဌာန်းပြီးဖြစ်ရာ ဆန့်ကျင်ပြဋ္ဌာန်းလျှင် အလိုအလျောက် ပျက်ပြယ်မည်ဖြစ်ပါသည်။	ပြည်ထောင်စုလွှတ်တော်၏ မူလပြဋ္ဌာန်းချက်အတိုင်း အတည်ပြုသည်။
❖၂။ (ခ) ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဇ)၏ နောက်တွင် ပုဒ်မခွဲ(ဈ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်- "(ဈ) မိမိတို့၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ချက်နှင့် စပ်လျဉ်း၍ မိမိတို့အား ရွေးချယ်သည့် သက်ဆိုင်ရာ နိုင်ငံတော်သမ္မတ၊ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ထံသို့ အသီးသီး အစီရင်ခံခြင်း။"	ဥပဒေကြမ်း၏ ပုဒ်မ ၂၊ ပုဒ်မခွဲ(ခ)နှင့် စပ်လျဉ်း၍ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေပုဒ်မ ၁၂ သည် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ် ၃၂၂ နှင့် ၃၂၃ တို့၏ ပြဋ္ဌာန်းချက်များတွင်ပါရှိသော ခုံရုံး၏ လုပ်ငန်းတာဝန်များအား စုစည်းဖော်ပြထားခြင်းဖြစ်ပါသည်။ ဖြည့်စွက်သည့် ပုဒ်မခွဲ(ဈ) ပါ ဖော်ပြချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်ခြင်းမရှိသည့်အပြင် ထိုသို့ ဖြည့်စွက်ပြဋ္ဌာန်းပါက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အမြင့်ဆုံး တရားရုံးဖြစ်သည့် ထိုခုံရုံး၏ လွတ်လပ်စွာ တရားစီရင်ဆုံးဖြတ်နိုင်ခွင့်ကို ထိခိုက်မည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် တရားစီရင်ရေးကဏ္ဍအား ဝင်ရောက်စွက်ဖက်မှုဖြစ်လာပါမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်အရ လွတ်လပ်စွာတရားစီရင်ရေးမူကိုလည်း ဆန့်ကျင်နေပါသည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)ပါပြဋ္ဌာန်းချက်အား ဆန့်ကျင်လျက်ရှိရာ ဒီမိုကရေစီအနှစ်သာရ ပီပြင်စေရေး အထူးစောင့်ထိန်းရမည့်အချက်ဖြစ်သဖြင့် ဖြည့်စွက်ပြဋ္ဌာန်းရန်မသင့်ကြောင်း တွေ့ရှိရပါသည်။	ပြည်ထောင်စုလွှတ်တော်၏ မူလပြဋ္ဌာန်းချက်အတိုင်း အတည်ပြုသည်။
❖၃။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေတွင် ပုဒ်မ ၂၃ ကို ပုဒ်မ ၂၄ အဖြစ် လည်းကောင်း၊ ပုဒ်မ ၂၄ ကို ပုဒ်မ ၂၃ အဖြစ်လည်းကောင်း ပြန်လည် အမှတ်စဉ်ရမည်။ ထိုသို့ ပြန်လည်အမှတ်စဉ်သည့် ပုဒ်မ ၂၄ ကို အောက်ပါအတိုင်း အစားထိုးရမည်- "၂၄။ ပုဒ်မ ၂၃ အရ ချမှတ်သော ခုံရုံး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။"	ဥပဒေကြမ်း၏ပုဒ်မ၃နှင့်စပ်လျဉ်း၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေပုဒ်မ ၂၃နှင့် ပုဒ်မ ၂၄ကို ပြင်ဆင်အစားထိုးပါက အပြီးအပြတ်အတည်ဖြစ်သော ခုံရုံး၏ ဆုံးဖြတ်ချက်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဆ)ပါ တရားရုံးတစ်ရုံးက တင်သွင်းသောအကြောင်းကိစ္စအပေါ် ဆုံးဖြတ်သည့် ဆုံးဖြတ်ချက် တစ်ခုနှင့်သာသက်ဆိုင်စေမည်ဖြစ်ပါသည်။ ကျန်အကြောင်း ကိစ္စများနှင့်စပ်လျဉ်း၍ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ ဆုံးဖြတ်ချက်များသည် အပြီးအပြတ်ဖြစ်မည်မဟုတ်သဖြင့် အယူခံပြင်ဆင်တက်ရောက်နိုင်ခွင့်ရှိသော ဆုံးဖြတ်ချက်အဖြစ်သို့ သက်ရောက်စေပါသည်။ ယင်းပြင်ဆင်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၄ပါပြဋ္ဌာန်းချက်ဖြစ်သော **"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်"** ဆိုသည့်ပြဋ္ဌာန်းချက်အား ဆန့်ကျင်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၆ ပါ ပြဋ္ဌာန်းချက်အရ ပျက်ပြယ်မည်သာ ဖြစ်ပါသည်။	ပြည်ထောင်စုလွှတ်တော်၏ မူလ ပြဋ္ဌာန်းချက် အတိုင်း အတည်ပြုသည်။
၄။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေတွင် ပုဒ်မ ၂၅ ကို ပယ်ဖျက်ရမည်။	ဥပဒေကြမ်း၏ ပုဒ်မ ၄ နှင့်စပ်လျဉ်း၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေပုဒ်မ ၂၅ မှာ ခုံရုံးဆုံးဖြတ်ချက်များသည် သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များသို့လည်းကောင်း၊ သက်ဆိုင်ရာနေရာဒေသအသီးသီးသို့လည်းကောင်း အာဏာသက်ရောက်စေရန် ပြဋ္ဌာန်းချက်ဖြစ်ပါသည်။ ပုဒ်မ ၂၅ ၏ အနှစ်သာရမှာ ခုံရုံး၏ဆုံးဖြတ်ချက် အကျိုးသက်ရောက်မှုအပေါ် အငြင်းပွားမှုမရှိစေရန် ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။ ယင်းသို့ပြဋ္ဌာန်းထားခြင်းမရှိပါက ခုံရုံး၏အကျိုးသက်ရောက်မှုအပေါ် အငြင်းပွားခြင်း၊ အဓိပ္ပာယ်ဖွင့်ဆိုရခြင်းများ ရှိလာနိုင်သဖြင့် မူလဥပဒေပြဋ္ဌာန်းချက် ပုဒ်မ ၂၅ ကို ပယ်ဖျက်၍မရကြောင်း တွေ့ရှိရပါသည်။	ပြည်ထောင်စုလွှတ်တော်၏ မူလပြဋ္ဌာန်းချက်အတိုင်း အတည်ပြုသည်။

၄။ **"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို ဥပဒေအဖြစ် ပြဋ္ဌာန်းရေး ဆောင်ရွက်မှုအား အများပြည်သူသိရှိနိုင်ရန် သတင်းထုတ်ပြန်အပ်ပါသည်။

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များမှ ကျောင်းသား၊ ကျောင်းသူများ၏ ဗဟိုအဆင့် အင်္ဂလိပ်ဘာသာ ကျပန်းစကားပြောပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား တက်ရောက်အားပေး

နေပြည်တော် ဇန်နဝါရီ ၂၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ညနေ ၄ နာရီတွင် နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပသည့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များမှ ကျောင်းသား၊ ကျောင်းသူများ၏ဗဟိုအဆင့် အင်္ဂလိပ်ဘာသာ ကျပန်းစကားပြောပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့်ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ အုပ်ချုပ်သူ ဆရာ ဆရာမများ၊ ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘွဲ့ကြိုအဆင့် ကျပန်းစကားပြော ပြိုင်ပွဲဝင်များဖြစ်ကြသည့် မအဲမွန်စီ၊ မောင်ခန့်ကိုကိုနှင့် မစုထက်တို့က မဲစနစ်ဖြင့် ကျရာအကြောင်းအရာကို အင်္ဂလိပ်ဘာသာ စွမ်းရည်ပြည့်ဝစွာဖြင့် စွမ်းရည်ပြသ ပြောဆိုကြပြီး အကဲဖြတ်ဒိုင်များ၏ အထွေထွေဗဟုသုတဆိုင်ရာ မေးခွန်းများကို ပြန်လည်ဖြေကြားကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက နိုင်ငံတော်သစ်ကို ထူထောင်ရာတွင် ပညာရေးကဏ္ဍအနေဖြင့် စွမ်းရည်မြင့်မားသည့် အနာဂတ်မျိုးဆက်သစ် ခေါင်းဆောင်များ ပြုစုပျိုးထောင်ခြင်းနှင့် နိုင်ငံ့အကျိုးပြု လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးခြင်းဆိုသည့် မိမိတို့၏တာဝန်များကို ကျေပွန်အောင် စွမ်းစွမ်းတမံထမ်းဆောင်ကြရန် မှာကြားပြီး ဘွဲ့လွန်အဆင့်၊ ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိကြသည့် မဂျယ်ဒီမူဖော၊ မခိုင်မြတ်သွယ်အောင်၊ မငြိမ်းကျော့ကေခိုင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက ဘွဲ့ကြိုအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် မအဲမွန်စီ၊ မစုထက်၊မောင်ခန့်ကိုကိုတို့ထံ ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်က အကဲဖြတ်ဒိုင်အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများကိုပေးပြီး အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ ကိုယ်စား Mrs. Dorothy Guyot က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီးများသည် အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ဆုရရှိကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အားပေးစကားပြောကြား

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အကဲဖြတ်ဒိုင် အဖွဲ့ဝင်များနှင့် ဆုရရှိကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး အားပေးစကားပြောကြားသည်။

(သတင်းစဉ်)

နိုင်ငံတော် သမ္မတ ဦးသိန်းစိန် ပြိုင်ပွဲတွင် ဆုရရှိသူများအား အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

နှစ်နိုင်ငံအကြား ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေး အလားအလာများ အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၁

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ဖင်လန်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး Ms. Heidi Hautala နှင့် အဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံအကြား ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး အလားအလာများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ဖင်လန်နိုင်ငံ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး Ms. Heidi Hautala ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၁

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Christoph Burgener ဦးဆောင်သောအဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲ၌ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီးက မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွစ်ဇာလန်နိုင်ငံမှ ကူညီပံ့ပိုးပေးလိုပါကြောင်း၊ နိုင်ငံတော်၏ပြုပြင်ပြောင်းလဲရေးများကို လွန်စွာအားရကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အပြည်ပြည်ဆိုင်ရာ ဆွေးနွေးပွဲများ၊ ဆောင်ရွက်ချက်များမှာလည်း အားရဖွယ်ကောင်းကြောင်း၊ ယင်းကိစ္စရပ်များတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့်ပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပလိုပါကြောင်း အကြံပြုဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုရှေ့နေချုပ်က ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အခန်းကဏ္ဍနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာကိစ္စရပ်များတွင် လက်တွေ့ ပါဝင်ဆောင်ရွက်နေမှုများ၊ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ဥပဒေရေးရာ ပြုပြင်ပြောင်းလဲမှုများ၌ ပါဝင်ဆောင်ရွက်နေမှုများနှင့် ဆွစ်ဇာလန်နိုင်ငံအစိုးရနှင့်လည်း ဥပဒေရေးရာကဏ္ဍများ၌ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒရှိပါကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❊ ကျောဖုံးမှ

အားဖြစ်ခြင်း၊ ပုဂ္ဂလိကကဏ္ဍအရှိန်အဟုန်၏ ကျောထောက်နောက်ခံဖြစ်ခြင်း၊ တီထွင်ဆန်းသစ်မှု၏ အရေးပါသော အရင်းအမြစ်ဖြစ်ခြင်း၊ ဈေးကွက်လွတ်လပ်မှုပေးခြင်းမှ ပေါ်ထွက်လာမည့်စိန်ခေါ်ချက်များကို တုံ့ပြန်နိုင်စွမ်းရှိခြင်း၊ စီးပွားရေးအကျပ်အတည်းကာလများတွင် ဖွံ့ဖြိုးတိုးတက်မှု ဟန်ချက်ကို ထိန်းကျောင်းပေးနိုင်ခြင်း စသည့် ဝိသေသလက္ခဏာများကြောင့်အနာဂတ် ဖွံ့ဖြိုးတိုးတက်မှု၏အင်ဂျင်ဟုလည်း တင်စားခေါ်ဝေါ်ကြပါကြောင်း။

ထို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် SME သည် အသက်သွေးကြောပမာ အရေးပါလှပါကြောင်း၊ နိုင်ငံ၏ စီးပွားရေးမောင်းနှင်အားသည် SME များတွင်ရှိနေကြောင်း၊ မြန်မာနိုင်ငံသည်လည်း ခြွင်းချက်မဟုတ်ပါကြောင်း၊ ယနေ့နိုင်ငံ့စီးပွားရေးယန္တရား လည်ပတ်အောင် စွမ်းဆောင်ပေးနေခြင်းသည် SME များဖြစ်၍ ယင်းစီးပွားရေးလုပ်ငန်းများ ရှင်သန်တိုးတက်ဖွံ့ဖြိုးအောင် အားပေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ ဈေးကွက်ကြီးမားသော လူဦးရေများပြားသည့် နိုင်ငံကြီးများအကြားတွင် တည်ရှိခြင်း၊ မြေပေါ် မြေအောက်သယံဇာတ အရင်းအမြစ်ပေါများ ကြွယ်ဝခြင်း၊ ရာသီဥတုမျှတ၍ စိုက်ပျိုးရေးထွက်ကုန်နှင့် ရေထွက်စားသောက်ကုန်ပေါများခြင်း၊ အလုပ်သမားပေါများခြင်း စသည့်အခွင့်အလမ်းကောင်းများရှိနေသည့်အတွက် SME လုပ်ငန်းများအား ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပါက အာရှဒေသတွင် မကြာမီဖွံ့ဖြိုးတိုးတက်လာမည့် အလားအလာကောင်းသော နိုင်ငံတစ်ခုဖြစ်ကြောင်း အများကရှုမြင်သုံးသပ်ကြပါကြောင်း၊ ယနေ့လက်ရှိအခြေအနေတွင်မူ မြန်မာနိုင်ငံရှိ SME လုပ်ငန်းများသည် အိမ်နီးချင်းနိုင်ငံများမှ နယ်စပ်ကုန်သွယ်မှုဖြင့် တင်သွင်းလာသော ဈေးနှုန်းသက်သာသည့် ကုန်ပစ္စည်းများကြောင့် ကြီးစွာသောယှဉ်ပြိုင်မှုကို ရင်ဆိုင်နေကြရပါကြောင်း၊ ထို့အပြင် အာဆီယံနိုင်ငံများနှင့် သဘောတူစာချုပ်အရ ၂၀၁၅ ခုနှစ်တွင် အာဆီယံဒေသအတွင်း လွတ်လပ်စွာ ကုန်သွယ်မှုကို အကောင်အထည်ဖော်ရမည်ဖြစ်၍ ထိုအချိန်၌ ကုန်သွယ်မှုအတားအဆီးများကို ဖယ်ရှားပြီး လွတ်လပ်စွာ ကုန်စည်စီးဆင်းမှုကို လက်ခံဆောင်ရွက်ရတော့မည်ဖြစ်ရာ ယခုထက်ပိုမိုကြီးမားသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရတော့မည်ဖြစ်ပါကြောင်း။

လက်ရှိမြန်မာနိုင်ငံ၏ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများသည် အိမ်နီးချင်း အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အရေအတွက်နည်းပါးပြီး ဈေးကွက်ယှဉ်ပြိုင်နိုင်မှု နိမ့်ကျနေခြင်းမှာ မြန်မာနိုင်ငံ၌ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဆိုင်ရာမူဝါဒများ၊ ဥပဒေများနှင့် ပံ့ပိုးကူညီမှုများ အားနည်းခြင်းကြောင့်ဖြစ်သည်ဟု သုံးသပ်ထားကြပါကြောင်း၊ ထို့ကြောင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများအပေါ်တွင်မူတည်ပြီး ဥပဒေ၊ နည်းပဒေ၊ လုပ်ထုံးလုပ်နည်းများ ပြန်လည်သုံးသပ်ပြုစုပြဋ္ဌာန်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကိုလည်း အမျိုးသားစီမံကိန်းနှင့် မကြာမီရေးဆွဲပြဋ္ဌာန်းမည့် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတို့နှင့် ဆီလျော်ကိုက်ညီအောင် လုပ်ငန်းကော်မတီက တာဝန်ယူရေးဆွဲပြဋ္ဌာန်းပြီး မဟာဗျူဟာ၊ နည်းဗျူဟာများချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဟု နိုင်ငံတော်သမ္မတကြီးက လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ မူဝါဒများ၊ မဟာဗျူဟာများ ရေးဆွဲရာတွင် အဓိကကျသည့် အချက်များအဖြစ်တွေ့ရှိရသည်မှာ လုပ်ငန်းသစ်များ အစပျိုးနိုင်ရေးအခက်အခဲ အတားအဆီးများဖယ်ရှားပေးခြင်း၊ ရင်းနှီးမတည်ငွေစီးဝင်စေခြင်း၊ လေ့ကျင့်ပညာပေးခြင်းဖြင့် စွန့်ဦးတီထွင်လုပ်ငန်းများ အားကောင်းစေခြင်း၊ ကျယ်ကျယ်ပြန့်ပြန့် သတင်းဖြန့်ချိ အသုံးချနိုင်မည့် ကွန်ရက်စနစ်အားကောင်းစေခြင်းတို့ပင် ဖြစ်ပါကြောင်း။

SME များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မူဝါဒချမှတ်သူများအနေဖြင့် အဓိကထားရမည့် နယ်ပယ်(၆)ရပ်ရှိပါကြောင်း၊ ယင်းနယ်ပယ်များမှာ လုပ်သာကိုင်သာရှိသော ပတ်ဝန်းကျင်ကောင်းဖန်တီးရေး၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ဘဏ္ဍာငွေအရင်းအနှီးစီးဝင်စေရေး၊ လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု ဝန်ဆောင်မှုပေးရေး၊ တီထွင်ဖန်တီးမှုနှင့် နည်းပညာရယူရေး၊ ဈေးကွက်ဝင်ဆံ့မှုရရှိရေးတို့ပင် ဖြစ်ပါကြောင်း၊ ယင်းနယ်ပယ်အသီးသီးအတွက်လည်း လိုက်နာဆောင်ရွက်သင့်သည့် မူဝါဒနှင့် လုပ်ငန်းအကောင်အထည်ဖော်ရေး အခြေခံသဘောတရားများရှိပါကြောင်း၊ မိမိတို့နိုင်ငံ၏ SME များ ရပ်တည်ရှင်သန်နိုင်ရေးအတွက် လိုအပ်သောအကာအကွယ်နှင့် ပံ့ပိုးအားပေးမှုများပေးနိုင်ရန် အခြေအနေနှင့်ကိုက်ညီသော အခက်အခဲ အတားအဆီးနှင့် ပြဿနာများကို ဖြေရှင်းပြီး လက်တွေ့ဆောင်ရွက်နိုင်စွမ်းရှိသည့် မူဝါဒနှင့် အစီအမံများကို အထက်ပါ အခြေခံသဘောတရားများနှင့်အညီ ရေးဆွဲအကောင်အထည်ဖော်သွားကြမည် ဖြစ်ပါကြောင်း။

တစ်နိုင်ငံလုံးတွင်ရှိသည့် SME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်များတွင် အဖွဲ့အစည်းများ၊ ကော်မတီများဖွဲ့စည်းပြီး လိုအပ်နေသည့်ကဏ္ဍတိုင်းတွင် ထိထိရောက်ရောက် စွမ်းဆောင်ပံ့ပိုးသွားကြရမည် ဖြစ်ပါကြောင်း၊ နယ်ပယ်ဖွဲ့စည်းရာတွင် SME ၏ အဓိကသက်ဆိုင်သူများဖြစ်သည့် အစိုးရဌာနများ၊ ပုဂ္ဂလိကစီးပွားရေးကဏ္ဍ၊ ပညာရှင်အဖွဲ့များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် လူမှုအဖွဲ့များမှ ပုဂ္ဂိုလ်များဖြင့် ဘက်စုံပါဝင်ပြီး ခိုင်မာသောဖွဲ့စည်းမှု မူဘောင်ဖြစ်ရန် လိုပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် SME ဖွံ့ဖြိုးရေးဆိုင်ရာ ဌာနခွဲများဖွင့်လှစ်ပြီး ပြည်သူများကိုယ်တိုင် စီးပွားရေးလုပ်ငန်းဆိုင်ရာ အသိအမြင်ဗဟုသုတများပွင့်လင်းလာပြီး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လာရေး စည်းရုံးသွားရန်လိုအပ်သကဲ့သို့ SME လုပ်ငန်းများ စတင်တည်ထောင်ခြင်းမှ ဖွံ့ဖြိုးတိုးတက်ပြီး ခိုင်ခိုင်မာမာရပ်တည်ရှင်သန်ကာ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားလာသည်အထိ One Stop Shop- OSS များအဖြစ် ပံ့ပိုးကူညီပေးသွားရန်လည်း လိုအပ်ပါကြောင်း၊ ကော်မတီအလိုက် လုပ်ငန်းတာဝန်များကိုတိကျစွာပြဋ္ဌာန်းပြီး လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ရလဒ်များကို စောင့်ကြည့်အကဲဖြတ် တွန်းအားပေးနိုင်မည့် (Monitoring and Evaluation) စနစ်ကိုပါ တည်ဆောက်သွားရန် ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ မြန်မာနိုင်ငံရှိ SME လုပ်ငန်းများ၏ အတိတ်ကာလဖြစ်စဉ်များနှင့် လက်ရှိအခြေအနေပေါ် သုံးသပ်၍ လိုအပ်ချက်၊ အားနည်းချက်နှင့် အခက်အခဲများကို ဖော်ထုတ်ပြီး ပြုပြင်ပြောင်းလဲကာ လုပ်ငန်းတည်ထောင်ရေး၊ ရှင်သန်ရပ်တည်နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အုပ်ချုပ်စီမံခန့်ခွဲမှု၊ ဘဏ္ဍာငွေအရင်းအနှီးစီးဝင်မှု၊ နည်းပညာနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုဆိုင်ရာ ပံ့ပိုးမှုများအတွက် လိုက်လျောညီထွေသော မူဝါဒ၊ ဥပဒေ၊ စည်းမျဉ်း၊စည်းကမ်းနှင့် စနစ်များချမှတ်ဆောင်ရွက်နိုင်ရန် သက်ဆိုင်သူအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (SME)များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့်အားသာချက်၊ အားနည်းချက်နှင့် အကျိုးကျေးဇူးများ၊ ဒေသတွင်းနိုင်ငံများ၌ SME များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့မှုများ၊ မြန်မာနိုင်ငံရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးမှုဖြစ်စဉ်များ၊ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များကို အကျယ်တဝင့် ရှင်းလင်းတင်ပြပြီး လုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဆက်အောင်က SME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော ကဏ္ဍများကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဝင်များက ကော်မတီ၏လုပ်ငန်းတာဝန်များနှင့် ကဏ္ဍအလိုက် ပံ့ပိုးဆောင်ရွက်သွားမည့်အစီအစဉ်များ၊ လုပ်ငန်းပိုင်းဆိုင်ရာလိုအပ်ချက်များကို အသီးသီး အကြံပြု ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာ၌ ယခုကျင်းပသည့် အစည်းအဝေးတွင် လုပ်ငန်းကော်မတီဝင်များက လုပ်ငန်းများအောင်မြင်ရန် တက်တက်ကြွကြွ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ဆွေးနွေးမှုရလဒ်များကိုလည်း အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအစည်းအဝေး၌ မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများကို အကျိုးပြုနိုင်မည့် မူဝါဒနှင့် ဥပဒေများ၊ ဘဏ္ဍာငွေအရင်းအနှီး၊ နည်းပညာနှင့် သုတေသနလုပ်ငန်းများ၊ ဈေးကွက်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ၊ ကျွမ်းကျင်မှုနှင့် စီမံခန့်ခွဲမှုနည်းစနစ်များကို National Level, Regional Level နှင့် Local Level တို့ဖြင့် အစိုးရတာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရှင်များနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များက အဖွဲ့အစည်းအသွင်သာမက ကော်မတီများအသွင်ဖြင့် အသီးသီးဖွဲ့စည်း၍ ပံ့ပိုးပေးရန်၊ လိုအပ်သည့်ကဏ္ဍတိုင်းတွင် ထိရောက်စွာပံ့ပိုးပေးသွားရန် အဓိကထားဆွေးနွေးခဲ့ကြသည်။

အဆိုပါ လုပ်ငန်းကော်မတီအစည်းအဝေးသို့ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်နိုင်သိန်း၊ ဦးအေးမြင့်၊ ဦးဝင်းမြင့်၊ ဒေါက်တာကိုကိုဦးနှင့် ဦးဌေးအောင်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

အာဆီယံအသိုက်အဝန်းအတွင်း ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှု ခေတ်သစ်ဆိုင်ရာအလုပ်ရုံ ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၁

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ပြည်သူ့ရေးရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ရုံး၏ ဖိတ်ကြားချက်အရ ဗန်ကောက်မြို့ Novotel Hotel ၌ ကျင်းပသည့် အာဆီယံ အသိုက်အဝန်းအတွင်း ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှု ခေတ်သစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (New Era for the Public Sector Reform in the ASEAN Community) သို့ တက်ရောက်ခဲ့ပြီး ဇန်နဝါရီ ၁၉ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၁၇ ရက်နှင့် ၁၈ ရက်များတွင် အာဆီယံ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများ၊ ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့မှ ပညာရှင်များနှင့်အတူ ဗန်ကောက်မြို့ Novotel Hotel ၌ ကျင်းပသည့် အာဆီယံအသိုက်အဝန်းအတွင်း ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှု ခေတ်သစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲတွင် ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့မှ ပညာရှင်များက အာဆီယံစီးပွားရေး အသိုက်အဝန်း ၂၀၁၅ နှင့်ဆက်စပ်သည့် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှုဆိုင်ရာများ၊ နိုင်ငံတကာမျက်နှာစာတွင် အာဆီယံ၏ အရေးပါမှု အခန်းကဏ္ဍ၊ ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့၏ အတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးကြပြီး အာဆီယံနိုင်ငံများ၌ ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှုဆိုင်ရာ တွေ့ခေါ်မှုများနှင့် မျှော်မှန်းချက်များအပေါ် ဆွေးနွေးသုံးသပ်မှုများ၊ အစိုးရဌာနအဖွဲ့အစည်းများ၏ စီမံအုပ်ချုပ်မှုစနစ် တိုးတက်ကောင်းမွန်စေရေးအတွက် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများတွင် ပြုပြင်ပြောင်းလဲ ဆောင်ရွက်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လိုင်စင်မဲ့ဆိုက်ကားတစ်သောင်းကျော် သိမ်းဆည်းနိုင်ခဲ့

သတင်း-မြင့်မောင်စိုး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်တိုင်းဒေသကြီးအတွင်း လွန်ခဲ့သော နှစ်များမှစပြီး လိုင်စင်မဲ့ ဆိုက်ကားများအား သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ဖမ်းဆီးအရေးယူလျက်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီမှ တာဝန်ရှိသူ တစ်ဦးက မြန်မာ့အလင်းသို့ ပြောကြား သည်။

"ရန်ကုန်တိုင်း ဒေသကြီးအတွင်း ၂၀၀၁ ခုနှစ်လောက်ကစပြီး တရားမဝင် လိုင်စင်မဲ့ဆိုက်ကားတွေကို သက်ဆိုင်ရာ မြို့နယ်တွေအလိုက် ဖမ်းဆီးအရေးယူတာတွေရှိခဲ့ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း တရားမဝင်လိုင်စင်မဲ့ ဆိုက်ကားများ သိမ်းဆည်းခဲ့ရာမှာ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ စီးရေ ၁၀၁၉၅ အထိ ရှိသွားပါပြီ။ ဆက်လက်ပြီးတော့လည်း တရားမဝင် လိုင်စင်မဲ့ ဆိုက်ကားများကို သိမ်းဆည်းလျက်ရှိပါတယ်" ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

အဆိုပါ လိုင်စင်မဲ့ဆိုက်ကားများကို ဆိုက်ကားထောင်ထားသူများ၊ ဆိုက်ကားနင်းသူများက လိုင်စင်မဲ့ဝယ်ယူပြီး နင်းသူများအား အုံနာကြေးယူ၍ ငှားစားကြခြင်းဖြစ်သည်။ အချို့သော ဆိုက်ကားပိုင်ရှင်များကလည်း မိမိတို့ရှိ ဆိုက်ကားနံပါတ်အတိုင်း အပွားအဖြစ် ပြုလုပ်ထားကြသည်။ အချို့သော ဆိုက်ကားနင်းသူ အချို့သည် ရန်ကုန်မြို့ မဝင်ရ ခြောက်မြို့နယ်အတွင်းမှာပင် ဆိုက်ကားများ ညအချိန်တွင် ဝင်ရောက်ဆွဲနေဆဲဖြစ်သည်။ ယင်းအတွက် သက်ဆိုင်ရာ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့် မြို့တော်စည်ပင်မှ တာဝန်ရှိသူများက ကြပ်မတ်ဖမ်းဆီး အရေးယူလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဖမ်းဆီးအရေးယူခဲ့ရာတွင် ဆိုက်ကားအထောက်အထားဖြစ်သည့် ဝိုးတက်၊ ချလန်၊ မီးတံဆိပ်အစရှိသည်တို့ မှန်ကန်ကြောင်း ပြနိုင်ပါက ပြန်လွှတ်ပေးပြီး မှန်ကန်မှုအထောက်အထားမရှိပါက အပြီးသိမ်းကြောင်း သိရသည်။ အချို့သော ဆိုက်ကားသမားများသည် အမှန်အကန် ဆိုက်ကားဖြစ်သော်လည်း မဝင်ရနယ်မြေအတွင်း ဝင်ရောက်ခြင်း၊ မိမိနယ်မြေမဟုတ်ဘဲ ဝင်ရောက်နင်းခြင်းများလည်းရှိသည်။ ယင်းကဲ့သို့ နယ်မြေကျော်၍ နင်းသောဆိုက်ကားများကို အနည်းဆုံးဒဏ်ကြေး ငွေကျပ် ၁၀၀၀၀ (ကျပ်တစ်သောင်း)အထိ ဒဏ်ရိုက်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရွာအပြန်ယာဉ်မှောက်မှု ၃၃ ဦးဒဏ်ရာရ

တပ်ကုန်း ဇန်နဝါရီ ၂၁

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့မြောက်ဘက် နေပြည်တော် ဥတ္တရသီရိလမ်းခွဲတွင် ယာဉ်တိမ်းမှောက်သဖြင့် ခရီးသည် ၃၃ ဦးထိခိုက်ဒဏ်ရာ ရရှိသွားကြောင်း သိရသည်။ **(ဝဲပုံ)**

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၈ ရက် မွန်းလွဲ ၂ နာရီ ၃၅ မိနစ်က ယာဉ်မောင်း ကိုအောင်စိုး မောင်းနှင်လာသည့် တပ်ကုန်း-ဉသျှစ်ကုန်းရွာ ပြေးဆွဲနေသော Hino(၈ျ/. . . .)သည် ဈေးကုန်ပစ္စည်းများနှင့် ခရီးသည်များတင်ဆောင်၍ ရွာသို့အပြန် နေပြည်တော် ဥတ္တရသီရိလမ်းခွဲ အကွေ့တွင် အရှိန်လွန်၍ တိမ်းမှောက်သွားရာ ကားပေါ်တွင်လိုက်ပါလာသည့် ဉသျှစ်ကုန်း၊ သဖန်းချောင်းကျေးရွာများမှ ခရီးသည် ၃၃ ဦး ထိခိုက်ဒဏ်ရာရရှိသဖြင့် တပ်ကုန်းမြို့ ခုတင် (၁၀၀) ဆေးရုံသို့ တင်ထားရကြောင်း သိရသည်။

ကားမှာ စထွက်ကတည်းက ယိမ်းထိုးနေပြီး ယာဉ်မောင်းမှာ မူးနေကြောင်း၊ ဖြည်းဖြည်းမောင်းရန် အော်ပြောနေရင်းက ကားတိမ်းမှောက်သွားကြောင်း၊ ရွာများမှ မြို့သို့ပြေးဆွဲနေကြသည့် ခရီးသည်တင်ကားများ၊ ထော်လာဂျီယာဉ်များ အပါအဝင် ကားများမှာ ကြံ့ခိုင်မှုမရှိခြင်း၊ ယာဉ်မောင်းများမှာ ကျွမ်းကျင်မှုမရှိခြင်းတို့ကြောင့် မကြာခဏဆိုသလို ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများ ဖြစ်နေကြပြီး ခရီးသည်များသေဆုံး၊ ထိခိုက်ဒဏ်ရာရမှုများဖြစ်နေကြောင်း ဆေးရုံရောက် ဒဏ်ရာရရှိသူလူနာတစ်ဦးက ပြောကြားသွားသည်။ **(၂၀၁)**

ဥပဒေဘောင်အတွင်း
နေထိုင်ခြင်း
ဘေးကင်းရန်ကွာ
စိတ်ချမ်းသာ

ငွေကျပ် သိန်း ၁၀၀၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

သီပေါ ဇန်နဝါရီ ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုး မူးယစ်(အထူး) တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၇ ရက် နံနက် ၁၀ နာရီက လားရှိုးမြို့အထွက် ဘုံမွန်စိုက်ခင်းအနီး လားရှိုး၊ မူဆယ်ပြည်ထောင်စုလမ်းမကြီးပေါ်တွင် သက်သေများနှင့်အတူ မူးယစ်ဆေးဝါးနှိမ်နင်းရေး တာဝန်ထမ်းဆောင်စဉ် မူဆယ်မှ လားရှိုးသို့ ရှမ်းချယ်ရီယာဉ်ငယ်အသင်းမှ ကိုအောင်ကျော်ထူး မောင်းနှင်သည့် ဗင်ကားအမှတ် ၇က/---ကို ရပ်တန့်ရှာဖွေကြသည်။ ယင်းသို့ ဆောင်ရွက်စဉ် မရရှိဒါဘီဘီ၏ ခရီးဆောင်သေတ္တာအတွင်း မှိုင်းကိုင်စက္ကူဖြင့် ထုပ်ထားသည့် တစ်ထုပ်လျှင် (WY) စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၂၀၀၀ စီပါ ၂၅ထုပ် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀၊ အလေးချိန် ၄ ဒသမ ၅ ကီလို၊ တန်ဖိုးငွေကျပ်သိန်း ၁၀၀၀ ကို တွေ့ရှိရသဖြင့် မရရှိဒါဘီဘီ ၄၆ နှစ်အား လားရှိုးအမှတ်(၂) ရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ဝ၇၂)

ရပ်ကွက်လုံးကျွတ် သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက်လုံးကျွတ် သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေးအတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦးနှင့် လူမှုရေးအဖွဲ့အစည်းဝင်များ၊ ရပ်ကွက်ပြည်သူများ စုပေါင်းကာ ရပ်ကွက်အတွင်းရှိ လမ်း ၁၄ လမ်းအား တစ်လမ်းဝင် တစ်လမ်းထွက် ခြင်ဆေးမှုတ်စက်ဖြင့် ဖျန်းမှုတ်ခြင်း ဆောင်ရွက်နေသည်ကို ဇန်နဝါရီ ၁၉ ရက်က တွေ့ရသည်။ **(ယာပုံ)**

ရေတိုင်ကီ၊ ရေအိုးများအတွင်း ပိုးလောက်လမ်းများမရှိစေရန် ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ရေးကိုလည်း လမ်းသာယာရေးအဖွဲ့ဝင်များ၊ ရပ်ကွက်ဆယ်အိမ်မှူးများက အိမ်တိုင်ရာရောက် လိုက်လံအသိပညာပေးဆွေးနွေးပြီး လူမှုရေးအဖွဲ့အစည်းများက လက်တွေ့လုပ်ဆောင်ပြသကြသည်။ သပြေကုန်းရပ်ကွက်တွင် အိမ်ထောင်စု ၃၀၀၀ ကျော်၊ လူဦးရေ ၂၉၀၀၀ ကျော် နေထိုင်ပြီး အခြေခံပညာအထက်တန်းကျောင်း သုံးကျောင်းရှိရာ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း လမ်းသာယာရေးကော်မတီမှ ဝယ်ယူထားသော ခြင်ဆေးမှုတ်စက်ဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဆေးဖျန်းမှုတ် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

(ဝ၂၇)

မြန်မာ့အလင်း
စာတည်းထံပေးစာများ

ကျူးကျော်ဆိုင်နှင့် သုံးဘီးဆိုင်ကယ်များ ရှင်းလင်းပေးပါ

ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း ပြည်မြို့ရှိ ပြည်-အောင်လံကားလမ်း၊ အောင်ဆန်းပြည်သာယာ အဝင်၊ အထွက်လမ်းနှင့် ခုတင်၂၀၀ဆေးရုံ အဝင်၊ အထွက်လမ်းဆုံတွင် လမ်းဘေးဈေးဆိုင်များ၊ ဂိတ်မရှိသောသုံးဘီးဆိုင်ကယ်များကြောင့် လမ်းအကွေ့ကျဉ်းမြောင်းပြီး မကြာခဏယာဉ်တိုက်မှုများ ဖြစ်ပေါ်လျက်ရှိနေပါသည်။ လမ်းသွားလမ်းလာများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယင်းလမ်းဆုံရှိ ကျူးကျော်ဆိုင်များနှင့် ဂိတ်မရှိသောသုံးဘီးဆိုင်ကယ်များကို အမြန်ဆုံးဖယ်ရှားပေးနိုင်ပါရန် တင်ပြအပ်ပါသည်။ **ယာဉ်အန္တရာယ်ကင်းရှင်းစေချင်သူ**

ကျူးကျော်ဈေးဆိုင်နှင့်အရက်ဆိုင် ရှင်းလင်းပေးပါ

ရန်ကုန်တိုင်းဒေသကြီး မြောက်ဒဂုံ (၄၃)ရပ်ကွက် အမက (၂၃) ကျောင်းအနီး ဗိုလ်ထွန်းဇံလမ်းမကြီးပေါ်တွင် ကျူးကျော်ဆိုင်ဆောက်လုပ်ပြီး ဈေးရောင်းခြင်းနှင့် တရားမဝင်အရက်ဆိုင်ဖွင့်လှစ်ရောင်းချလျက်ရှိရာ ဆဲဆိုရမ်းကားခြင်း၊ မူးယစ်သောက်စားသူအချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းများ မကြာခဏဖြစ်ပေါ်နေပါ၍ အများပြည်သူ စိတ်အနှောင့်အယှက်ဖြစ်နေရပြီး ကျောင်းသား ကျောင်းသူများအတုယူမှားကာ အကျင့်စာရိတ္တပျက်စီးနိုင်ပါသဖြင့် သက်ဆိုင်ရာမှရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။ **ကျောင်းသားမိဘ**

ကျူးကျော်အိမ်များ ဖယ်ရှားပေးပါ

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက် နယ်မြေ (၉) (ယခင်တောက်ထိန်)ရှိ ပေ (၄၀)လမ်းသုံးလမ်းတွင် ကျူးကျော်၍ အိမ်များဆောက်လုပ်နေထိုင်သောကြောင့် လမ်းပိတ်နေသည့်အပြင် ဖိုင်ဘာအလုပ်ရုံတစ်ရုံမှ ဓာတုဆေးဝါးများ၏ အနံ့များကြောင့် ပြည်သူများ ကျန်းမာရေးထိခိုက်စေနိုင်ပါသည်။ သို့ပါ၍ လူနေရပ်ကွက်အတွင်းမှ ဖိုင်ဘာလုပ်ငန်းကို ဖယ်ရှားပေးပါရန်နှင့် လမ်းမြေပေါ်မှ ကျူးကျော်အိမ်သုံးလုံးကိုလည်း ပွင့်လင်းရာသီ မီးဘေးအန္တရာယ်ကျရောက်ပါက မီးသတ်ကားများ ဝင်/ထွက်နိုင်ရန်အတွက် သက်ဆိုင်ရာမှလိုအပ်သလို ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သားများ**

ကြက်၊ ဘဲလုပ်ငန်းကြောင့် အနံ့ဆိုးများခံစားနေရ

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့်ရပ်ကွက် (၁) လမ်းထိပ်ရှိ လူနေအိမ်သုံးလုံး၏ ဥပစာရှေ့တွင် ဝါးကပ်များကာရံ၍ လမ်းမကြီးတစ်ဖက်ရှိ ကြက်ဘဲဈေးကြီးမှ ကြက်၊ ဘဲများကိုသယ်ယူပြီး ခွဲခြမ်းစိတ်ဖြာခြင်း၊ ကြက်ရေထိုးခြင်း၊ ရေခဲရိုက်ခြင်းတို့ပြုလုပ်၍ လက်လီလက်ကားရောင်းချသည့် လုပ်ငန်းကြောင့် ဘေးပတ်ဝန်းကျင်ရှိ လူနေအိမ်များမှာ ကြက်အနံ့နှင့် အပုပ်နံ့ဆိုးများကို နေ့စဉ်ခံစားနေရပြီး ဆူညံသံကြောင့်လည်း ကျောင်းသား ကျောင်းသူများ အနှောင့်အယှက်ဖြစ်ပေါ်လျက်ရှိနေပါသည်။ လမ်းဘေးရှိ ရေနုတ်မြောင်းကြီး၏ ပခုံးသားပေါ်တွင်လည်း ပျံ့ကျကျူးကျော် လူနေဈေးဆိုင်များ အခိုင်အမာဆောက်ပြီး ဈေးရောင်းချခြင်း၊ ကြက်သယ်ကားများ၊ အုတ်၊ သဲ၊ ကျောက်ကားများနှင့် အုတ်ပုံကြီးများကြောင့် လမ်းပိတ်ဆို့မှုများဖြစ်ပေါ်နေပါသဖြင့် သက်ဆိုင်ရာမှ အရေးယူပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သူ/ရပ်ကွက်သား**

ရပ်ကွက်အတွင်းမှ ငါးပိအနံ့ ကျန်းမာရေးထိခိုက်

ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း ပြည်ခရိုင် ပေါင်းတည်မြို့ မင်းကွက် (၃) ရပ်ကွက် အနောက်လမ်း(အနောက်ပိုင်း)ရှိ နေအိမ်ဝင်းအတွင်း ငါးပိအစိုလုပ်ငန်းမှ နေ့စဉ်ထွက်ပေါ်နေသည့် အနံ့အသက်များကြောင့် အနီးဝန်းကျင်နေထိုင်သူ သက်ကြီးရွယ်အိုများ၊ ကျောင်းသားလူငယ်များ ကျန်းမာရေးထိခိုက်နေ၍ သင့်လျော်သောနေရာသို့ ပြောင်းရွှေ့ဖယ်ရှားပေးစေရေးအတွက် သက်ဆိုင်ရာမှဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **အနံ့မခံနိုင်သူများ**

အရှိန်ပြင်းဆိုင်ကယ် တိမ်းမှောက်

ကသာ ဇန်နဝါရီ ၂၁

ကသာမြို့ အမှတ်(၆) ရပ်ကွက် တပ်မတော်လမ်းတွင် နေထိုင်သူ ရှိန်းသူ အသက် (၂၇) နှစ် မောင်းနှင်ပြီး အောင်ချမ်းမင်း အသက် (၂၅)နှစ် စီးနင်းလိုက်ပါလာသည့် ထိုင်းနိုင်ငံလုပ် တီနာ-125 ဆိုင်ကယ်သည် ဇန်နဝါရီ ၁၈ ရက် ညနေ ၆ နာရီခန့်တွင် အောင်ချမ်းသာကျေးရွာမှ ကသာမြို့သို့ အရှိန်ဖြင့် မောင်းနှင်လာစဉ် သောက်ရေသန့် စက်ရုံရှေ့ မြေလမ်းမပေါ်၌ တိမ်းမှောက်မှုဖြစ်ပွားရာ ဆိုင်ကယ်စီးဦးထုပ် ဆောင်းမထားသည့် ရှိန်းသူနှင့် အောင်ချမ်းမင်းတို့၏ ဦးခေါင်းများတွင် ဒဏ်ရာများရရှိခဲ့သည်။ ဒဏ်ရာရသူနှစ်ဦးအားဆေးရုံသို့ပို့စဉ် ရှိန်းသူမှာသေဆုံးသွားခဲ့ပြီး အောင်ချမ်းမင်းမှာ အတွင်းလူနာအဖြစ် တက်ရောက်ကုသလျက်ရှိကြောင်း သိရှိရသည်။ **စမ်းဦး (ကသာ)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ရခိုင်ပြည်နယ်ဝန်ကြီးချုပ်အား ICRC ဥက္ကဋ္ဌတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၁

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင်အား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ဥက္ကဋ္ဌ Mr.Peter Maurer ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၁၇ ရက် ညနေ ၃ နာရီက ပြည်နယ်ဝန်ကြီးချုပ်၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ICRCမှ ရခိုင်ပြည်နယ်၏ သက်ဆိုင်ရာနယ်ပယ်များ၌ ပူးပေါင်းပါဝင်ဆောင်ရွက်လိုပါကြောင်းနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

စာပတ်ပရိသတ်ထံ အရောက်ပို့ပေးသည့် သတင်းစာပို့ လုပ်ငန်း

စစ်ကိုင်း ဇန်နဝါရီ ၂၁

နိုင်ငံပိုင်သတင်းစာများကို အသွင်သဏ္ဌာန်နှင့် အနှစ်သာရပါပြောင်းလဲ ထုတ်ဝေလျက်ရှိရာ ပြည်သူ့ဝန်ဆောင်မှု သတင်းစာအဖြစ် ဆောင်ရွက်နေပြီ ဖြစ်ကြောင်းလည်း သိရသည်။

မြန်မာ့အလင်း၊ ကြေးမုံ သတင်းစာများကို မန္တလေးမှ စစ်ကိုင်းသို့ နံနက် ၈ နာရီခွဲခန့်တွင် ရောက်ရှိလာပြီး ၉ နာရီတိတိတွင် သတင်းစာ ကိုယ်စားလှယ်များထံမှ သတင်းစာပို့သူများက သတင်းစာမှာယူသူများထံသို့ အချိန်မီပို့ဆောင်ပေးရန် အဆင်သင့်ဖြစ်နေပြီး အမြန်ဆုံးရောက်အောင် ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။ စစ်ကိုင်းတိုင်းဒေသကြီး သတင်းထောက် ဦးခိုင်ဇေယျကိုယ်တိုင် သတင်းစာများကို အချိန်မီသတင်းစာ ဖတ်ရှုနိုင်ရေးအတွက် သတင်းစာဖတ်သူများထံ ပို့ဆောင်လျက်ရှိကြောင်းလည်း သိရသည်။ **(ယာပုံ)**

ဦးခိုင်ဇေယျက "တခြားမြို့မှ သတင်းထောက်တွေလည်း သတင်းစာပို့စေလိုတယ်ဗျာ။ ဘာလို့လဲဆိုတော့ တချို့သတင်းစာမရောက်တဲ့ နေရာတွေလည်း ရှိမှာပေါ့။ အဲဒီလိုနေရာမျိုးတွေမှာ သတင်းလည်းယူရင်း ပြည်သူတွေရဲ့ အသံကိုနားထောင်ပြီး ပြည်သူ့အကြိုက် သတင်းတွေထည့်ပေးလိုက်ရင် သူတို့ပြောလိုတာကို သတင်းစာကတစ်ဆင့်ပြောပေးလိုက်တော့ သတင်းစာကို အားကိုးလာမယ်။ ဖတ်သူတွေလည်း တိုးပွားလာမှာဖြစ်ကြောင်း၊ ဒါ့ကြောင့် သတင်းစာကိုယ်တိုင်လိုက်ပို့တာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ **(၁၄၀)**

ကြိမ်တောမြောင် သိမ်ကျောင်းဆရာတော်၏ ရုပ်ကလာပ်နှင့် ပတ်သက်၍ စာနယ်ဇင်းရှင်းလင်း

တောင်ငူ ဇန်နဝါရီ ၂၁

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကြိမ်တောမြောင်ကျေးရွာ သိမ်ကျောင်းပဓာန နာယကဆရာတော် ဘဒ္ဒန္တ အာဒိစ္စဝံသ ဆရာတော်ကြီးသည် မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက် နံနက် ၆ နာရီခွဲက ခန္ဓာဝန်ချ ဘဝချုပ်ငြိမ်းသွားခဲ့သည်။ ယနေ့အချိန်အထိ ရက်ပေါင်း ၇၆ ရက်ကျော်အထိ ဆရာတော်၏ ခန္ဓာမှာ ထူးခြားစွာ မပုပ် မသိုး အနံ့မထွက်ဘဲ တည်ရှိနေခဲ့သောကြောင့် အနီးပတ်ဝန်းကျင်ကျေးရွာများနှင့် မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြည်ညို ဖူးမြော်သူ များပြားလျက်ရှိသည်။ ဆရာတော်ကြီး၏ အန္တိမဈာပနနှင့် ထွက်ပေါ်နေသည့် သတင်းများနှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲကို အဆိုပါ ဘုန်းကြီးကျောင်း၌ ဇန်နဝါရီ ၁၅ ရက်က ကျင်းပခဲ့သည်။

ထွက်ပေါ်နေသည့် ကောလာဟလ သတင်းများနှင့်ပတ်သက်၍ မြို့နယ်သံဃနာယကဆရာတော်ကြီးနှင့်ဂေါပက အဖွဲ့ဝင်များက ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသူများက ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ကြည့်ရှုထိတွေ့ ကြည်ညိုဖူးမြော်ခဲ့ကြသည်။ ဆရာတော်ကြီး၏ရုပ်ကလာပ်တော်ကို အများပြည်သူများ ကြည်ညိုဖူးမြော်နိုင်ရန် စံကျောင်းဂူတွင် မှန်ခေါင်း တလားဖြင့်သာ ထားရှိမည်ဖြစ်ပြီး စံကျောင်းချ အန္တိမဈာပန ပူဇော်ပွဲကို ရက်ပေါင်း ၉၅ ရက်ပြည့်မြောက်သည့် ပြာသိုလပြည့် ကျော် ၈ ရက် (ဖေဖော်ဝါရီ ၁၃ ရက်) တွင် ကျင်းပမည်ဖြစ်ပြီး သီတဂူဆရာတော်၏ အထူးတရားပွဲများနှင့် ဇာတ်ပွဲများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

သူရ(တောင်ငူ)

မကွေးတွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးသင်တန်းဆင်း

မကွေး ဇန်နဝါရီ ၂၁

မကွေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် Save the children အဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးသင်တန်းဆင်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၉ ရက် ညနေ ၃ နာရီက မကွေးမြို့ အထက ၁ လမ်းရှိ မူလတန်းကြိုကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်ခင်ခင်ပြုံးက အမှာစကားပြောကြားပြီး သင်တန်းကို ဇန်နဝါရီ ၁၈ ရက်မှ ၁၉ ရက်အထိ ဖွင့်လှစ်ခဲ့သည်။

သင်တန်း၏ရည်ရွယ်ချက်မှာ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ညီလာခံသဘောတူစာချုပ်ပါ ကလေးသူငယ် အကာအကွယ်ပေးရေးဆိုင်ရာ ကိစ္စရပ်များနှင့် အခွင့်အရေးများကို ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှ နားလည်သဘောပေါက်လာပြီး ရပ်ရွာအတွင်း ကလေးသူငယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှု အားကောင်းလာစေရန် ရည်ရွယ်သည်ဟု သိရသည်။ **(ခင်မာလာ-မကွေး)**

လပွတ္တာမြို့ ပညာရေးစုံညီပွဲတော် ကျင်းပ

လပွတ္တာ ဇန်နဝါရီ ၂၁

မိဘ၊ ဆရာ၊ ကျောင်းသား သုံးဦး သုံးဖလှယ် တြိဂံပုံ ပုံဖော်တွင် ပညာရေးစုံညီပွဲတော်ကို လပွတ္တာမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း မြက်ခင်းပြင်၌ ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီက ကျင်းပရာ ရှေးဦးစွာ ကျောင်းသား ကျောင်းသူများက ဘက်စုံပညာရည် တို့လှမ်းချီ သီချင်းဖြင့် အခမ်းအနားကို ဖွင့်သည်။

၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ဘက်စုံထူးချွန်ဆု၊ ဘာသာရပ်အလိုက် ထူးချွန်ကျောင်းသား ကျောင်းသူနှင့် အားကစားနည်းအလိုက် ထူးချွန်ကစားသမားများအား ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးဦးပြည့်ဖြိုးမောင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **ဝင်းကျော်မြင့် (လပွတ္တာ)**

မချမ်းဘောမြို့နယ်တွင် စာကြည့်တိုက်ဖွင့်

မချမ်းဘော ဇန်နဝါရီ ၂၁

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ် နမ်ခမ်ကျေးရွာ(ခါခွမ်) စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁၅ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်က အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်၊ မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဦးစိုးမြင့်အောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးနန်ဇေ့ဖုန်ဆန်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးခေါ့ခွန်းထင်ဆန်းနှင့် ရပ်မိရပ်ဖ ဦးယောဆက်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ စာအုပ်နှင့် ငွေပဒေသာပင်လှူဒါန်းပွဲကျင်းပရာ အလှူရှင်များထံမှ စာအုပ်စင်တစ်လုံးနှင့် ငွေပဒေသာကျပ် ၈၀၀၀၀၊ စာအုပ်၊ ဂျာနယ်ပေါင်း ၁၅၀ ကာလတန်ဖိုးငွေကျပ် ၂၅၀၀၀၀ လှူဒါန်းကြရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌက လက်ခံယူကြောင်း သိရှိရသည်။ **(ပြန်/ဆက်)**

ကျေးလက်ဖွံ့ဖြိုးရေး ဇီးအွန်ကျေးရွာ၌ ဟောပြော

ပူတာအို ဇန်နဝါရီ ၂၁

ကချင်ပြည်နယ် ပူတာအိုမြို့နယ် ဇီးအွန်ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး စုပေါင်းပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၈ ရက်က ခရစ်တော်၏ အသင်းတော် ဘုရားကျောင်းဝင်းအတွင်းရှိ ဟောခန်းမဆောင်၌ ကျင်းပသည်။

ပညာပေးဟောပြော

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်စိုးအောင်က စပါး တစ်ဧကတင်း ၁၀၀ နှုန်း အထက်ထွက်ရန် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် ၁၄ ချက်ကိုလည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးဖုန်းဇီးဒီးကကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်းကောင်း၊ ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်မောင်ဦးက ရေချိုငါးလုပ်ငန်း ဥပဒေအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သူနာပြုအဆင့်-၁ ဒေါ်မြင့်မြင့်သန်းက ငှက်ဖျားရောဂါ၊ ဝက်သက်ရောဂါအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်တရားသူကြီးဦးအေးနိုင်က တရားဥပဒေအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ မွေး/ကုဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနန်ဟီးဆင်က ကျွဲ၊ နွားများတွင် ဖြစ်ပွားတတ်သော ရောဂါများအကြောင်း သိကောင်းစရာများကိုလည်းကောင်း ပညာပေးဟောပြောခဲ့သည်။ **(ပြန်/ဆက်)**

ယူနိုက်တက်အမရဘဏ်လီမိတက် ပခုက္ကူဘဏ်ခွဲဖွင့်

ပခုက္ကူ ဇန်နဝါရီ ၂၁

ယူနိုက်တက်အမရဘဏ် လီမိတက်၏ (၁၂) ဘဏ်မြောက် ပခုက္ကူဘဏ်ခွဲဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့ မြို့မလမ်းရှိ ဘဏ်ရှေ့၌ ကျင်းပသည်။ ရှေးဦးစွာ မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးစိုးလွင်၊ အမရဘဏ်အမှုဆောင်အရာရှိချုပ် ဦးသန်းဝင်းဆွေ၊ ပခုက္ကူမြို့၏ မြို့မိမြို့ဖ ဦးတင့်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်းက ယူနိုက်တက်အမရဘဏ်ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးပြီး ယူနိုက်တက်အမရဘဏ်ခွဲ ဆိုင်းဘုတ်နှင့်အဝင်တံခါးအား တာဝန်ရှိသူများက အမွှေးနံ့သာရည် ပက်ဖျန်းပေးခဲ့သည်။

ဆက်လက်၍ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသော ဧည့်သည်တော်များက ယူနိုက်တက်အမရဘဏ်လီမိတက် ပခုက္ကူဘဏ်ခွဲအတွင်း လှည့်လည်ကြည့်ရှုကြကြောင်း သိရှိရသည်။ **(ကိုမင်းအောင်)**

ဒီးမော့ဆိုမြို့နယ် ဒေါဆော်ဖျကျေးရွာတွင် စိတ်မကျန်းမာသူမီးရှို့၍ မီးလောင်မှုဖြစ်ပွား

လွိုင်ကော် ဇန်နဝါရီ ၂၁

လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် ဒေါတမကျေးရွာအုပ်စု ဒေါဆော်ဖျကျေးရွာတွင် စိတ်ကျန်းမာရေးမကောင်းသူ အမျိုးသားတစ်ဦးက မီးရှို့ခဲ့သဖြင့် လူနေအိမ်ခြေ ၇၁ လုံး၊ ဈေးအဆောက်အအုံ လေးလုံးတို့ မီးလောင်ဆုံးရှုံးခဲ့ပြီး လူနှစ်ဦးနှင့် ခိုင်းနွားတစ်ကောင်တို့ မီးလောင်သေဆုံးသောဖြစ်ရပ်တစ်ခု ဇန်နဝါရီ ၁၆ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါနေ့ နံနက် ၁၀ နာရီခွဲခန့် က လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် ဒီးမော့ဆိုမြို့နှင့် ၂၇ မိုင်ခန့်အကွာရှိ ဒေါတမကျေးရွာအုပ်စု ဒေါဆော်ဖျ ကျေးရွာတွင် ၎င်းကျေးရွာနေ စိတ်ကျန်းမာရေးမကောင်းသူ ဦးမီရယ်အသက်၄၀က မီးရှို့သဖြင့် ဒေါ်မိမယ်နှင့် ဒေါ်ပုလဲမယ်တို့၏ နေအိမ်များမှ စတင်မီးလောင်ကျွမ်းပြီး အခြားနေအိမ်များသို့ မီးကူးစက် လောင်ကျွမ်းခဲ့ကြောင်း၊ ကျေးရွာနေ ပြည်သူလူထုက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့သဖြင့် ယင်းနေ့ နံနက် ၁၁ နာရီခွဲတွင် မီးကို ငြိမ်းသတ်နိုင်ခဲ့ပြီး မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် မီးလုံးဝ ငြိမ်းခဲ့ကြောင်း ပြည်နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

အဆိုပါကျေးရွာတွင် အိမ်ခြေ ၁၃၇ လုံးခန့်၊ လူဦးရေ ၆၉၁ ဦးခန့်ရှိကြောင်း၊ စိတ်ကျန်းမာရေး မကောင်းသူအများ အပြားရှိနေပြီး လွန်ခဲ့သော ရှစ်နှစ်ခန့်က လည်း ယခုလိုဖြစ်ရပ်မျိုးဖြစ်ပွားဖူးကြောင်း၊ ယခုဖြစ်ရပ်တွင် မီးလောင်သေဆုံးရသူ သက်ကြီးရွယ်အို အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ဖြစ်ကြပြီး စိတ်ကျန်းမာရေးမကောင်းသဖြင့် နေအိမ်တွင် ကြိုးချည်၍ ထိန်းသိမ်းစောင့်ရှောက်ထားရာမှ မီးလောင်သေဆုံးရခြင်းဖြစ်ကြောင်း၊ ယခုဖြစ်ရပ်တွင် မျက်မမြင် အဘွားအိုတစ်ဦး မီးလောင်ဒဏ်ရာရရှိမှုနှင့် နေအိမ်များ မီးလောင်ဆုံးရှုံးမှုမရှိသော်လည်း ၎င်းတို့၏ သိုလှောင်ထားသောသီးနှံများ မီးလောင်ဆုံးရှုံးခဲ့ရသည့် အိမ်ထောင်စု ၂၁ စုခန့်ရှိကြောင်း၊ ထိုဖြစ်ရပ်နှင့်ပတ်သက်၍ ဒီးမော့ဆို ရဲစခန်းက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မအရ အမှုဖွင့်ဆောင်ရွက်ကြောင်းနှင့် ပြည်နယ်အစိုးရအဖွဲ့၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များမှ မီးဘေးကယ်ဆယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **ကြီးမြင့်နိုင် (လွိုင်ကော်)**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့



ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ရွှေစင်(၈) လမ်း၊ အမှတ် ၅၃၇၊ မြေအကျယ်ပေ(၄၀×၆၀)အိမ်ခြံမြေကို ဂရန်အမည်ပေါက်ပိုင်ရှင် ဦးတင်ရှိန် ၁၂/မရက(နိုင်)၀၃၀၀၅၃ထံမှ ကျွန်တော်၏မိတ်ဆွေ ဦးခင်ကြွယ် ၇/နတလ(နိုင်)၁၀၅၉၀၉က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ပိုင်းကို ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေး ဆိုင်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်မျိုးအောင် LL.B, D.I.L
အထက်တန်းရှေ့နေ(၂၄၂၈၆)
27/A၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၇၃၀၁၀၉၄၁၊ ၄၂၀၂၆၆၀၆၀

ကျိုင်းတုံတက္ကသိုလ်
ပဉ္စမအကြိမ် ဘွဲ့နှင်းသဘင် ကြေညာချက်

၁။ ကျိုင်းတုံတက္ကသိုလ်က ကျင်းပခဲ့သည့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်၏ (ဘွဲ့)စာမေးပွဲ အသီးသီးကို ဖြေဆိုအောင်မြင်ခဲ့ပြီးသူများသည် ၂၃-၂-၂၀၁၃ ရက်တွင် ကျင်းပမည့် ကျိုင်းတုံတက္ကသိုလ် ပဉ္စမအကြိမ် ဘွဲ့နှင်းသဘင် တက်ရောက်ရန် (သို့) အဝေးရောက် ဘွဲ့ယူရန်အတွက် လျှောက်ထားနိုင်ကြပါသည်။
   ၁။ ပထမပိုင်း ဂုဏ်ထူးဘွဲ့(အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ ရူပဗေဒ)၊ ဝိဇ္ဇာဘွဲ့(အားလုံး)၊ သိပ္ပံဘွဲ့ (ဓာတု၊ ရူပ)
   ၂။ ဒုတိယပိုင်း မဟာဘွဲ့(သင်္ချာ)၊ ဂုဏ်ထူးဘွဲ့(သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ)၊ သိပ္ပံဘွဲ့ (သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ)
၂။ ဘွဲ့နှင်းသဘင် လျှောက်ထားသူ၏ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ အတွက် ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ)ဖြစ်ပြီး အဝေးရောက်ဘွဲ့အတွက် ၁၀၀၀၀/-(ကျပ် တစ်သောင်းတိတိ) ပေးသွင်းရမည်။
၃။ ဘွဲ့နှင်းသဘင်ကြေးငွေကို ကိုယ်တိုင်ပေးသွင်းလိုသူများသည် ကျိုင်းတုံတက္ကသိုလ် ငွေ လက်ခံဌာနသို့ ၂၁-၁-၂၀၁၃ ရက်မှစ၍ ပေးသွင်းနိုင်ပါသည်။ ၁၅-၂-၂၀၁၃ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြပါသည်။
၄။ ရပ်ဝေးမှ ပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေး ပေးပို့ခြင်းဟုဖော်ပြပြီး ပါမောက္ခချုပ် ကျိုင်းတုံတက္ကသိုလ်သို့ လိပ်မူ၍ လျှောက်လွှာရှင်၏ အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့် ခုနှစ်နှင့်လ တက်ရောက်ခဲ့သော တက္ကသိုလ်နှင့် နေရပ်လိပ်စာ အပြည့်အစုံနှင့် တက်ရောက်ဘွဲ့ (သို့မဟုတ်) အဝေးရောက်ဘွဲ့အတွက်ဟု တိကျစွာဖော်ပြရပါမည်။ (ပြည့်စုံစွာ ဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။)
၅။ လျှောက်ထားသူများသည် ကျိုင်းတုံတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင်
   (၁) သတ်မှတ်ထားသည့် လျှောက်လွှာပုံစံ။
   (၂) ခေါက်လအတွင်း မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံတို့ဖြင့် ရိုက်ကူးထားသော (၂"×၁ ၁/၂") အရွယ် ဓာတ်ပုံ သုံးပုံ။
   (၃) မှတ်ပုံတင်မိတ္တူတို့နှင့်အတူ ပူးတွဲ၍ လျှောက်ထားရပါမည်။
၆။ ဘွဲ့ဝတ်စုံ၊ ဘွဲ့နှင်းသဘင် တက်ရောက်ခွင့်လက်မှတ်နှင့် ဧည့်လက်မှတ်၊ လိုအပ်သည့် စာရွက်စာတမ်းများကို ပထမပိုင်း ဘွဲ့ယူမည့်သူများသည် ၁၈-၂-၂၀၁၃ ရက်တွင် လည်းကောင်း၊ ဒုတိယပိုင်း ဘွဲ့ယူမည့်သူများသည် ၁၉-၂-၂၀၁၃ ရက်တွင်လည်း ကောင်း ရုံးချိန်အတွင်း ကျောင်းသားရေးရာဌာနတွင် ငွေသွင်းပြေစာကို ပြသ၍ ထုတ်ယူနိုင်ပါသည်။
၇။ ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားကြသူများအတွက် အစမ်းလေ့ကျင့်ခြင်းကို ၂၁-၂-၂၀၁၃ ရက် နံနက် ၉ နာရီနှင့် ဘွဲ့နှင်းသဘင် အခမ်းအနားကို ပထမပိုင်းဘွဲ့ယူမည့်သူများသည် ၂၃-၂-၂၀၁၃ ရက် နံနက် ၉ နာရီနှင့် ဒုတိယပိုင်းဘွဲ့ယူမည့်သူများသည် ၂၃-၂-၂၀၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။ ဘွဲ့နှင်းသဘင် တက်ရောက်ရန် လျှောက်ထားသူများသည် ၂၁-၂-၂၀၁၃ ရက်တွင် ကျင်းပမည့် အစမ်းလေ့ကျင့်ခြင်းအခမ်းအနားကို မပျက်မကွက် တက်ရောက်ရမည်။
၈။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများသည် ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့် အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။
၉။ အသေးစိတ်အချက်အလက်များကို ကျိုင်းတုံတက္ကသိုလ် ဘွဲ့နှင်းဌာန ၀၈၄-၂၂၅၃၇ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ခင်သန်းဆွေ
မော်ကွန်းထိန်း
ကျိုင်းတုံတက္ကသိုလ်

အားကစားသတင်း

နောက်ကျချေပဂိုးဖြင့် မကွေးထံမှ ရောဝတီအသင်းအမှတ်ခွဲယူ

ရန်ကုန်　ဇန်နဝါရီ　၂၁

MNL Myanmar 2013 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၃) ဒုတိယနေ့ ပွဲစဉ်များကို ဇန်နဝါရီ ၂၀ ရက် ညနေ ၄ နာရီက ဆက်လက်ယှဉ်ပြိုင်ကစားရာ အောင်ဆန်းကွင်း၌ကစားသော ရောဝတီနှင့် မကွေးတို့ပွဲမှာ နှစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားပြီး သုဝဏ္ဏကွင်း၌ လက်ရှိချန်ပီယံ ရန်ကုန်အသင်းက မနောမြေကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ သုံးပွဲဆက်နိုင်ပွဲရရှိခဲ့သည်။

မကွေးအသင်းမှာ ဦးဆောင်ဂိုးနှစ်ဂိုးရရှိပြီးနိုင်ပွဲဆက်မည့် အခွင့်အရေးရရှိခဲ့သော်လည်း ပွဲပြီးခါနီးတွင် ပေးလိုက်ရသော ချေပဂိုးကြောင့် ရောဝတီအသင်းကို အမှတ်ခွဲပေးခဲ့ရသည်။

ပွဲစဉ် (၃) အပြီးတွင် လက်ရှိချန်ပီယံ ရန်ကုန်အသင်းက ထိပ်ဆုံးမှဦးဆောင်နေပြီး ဇေယျာရွှေမြေအသင်းက ရမှတ်ကိုးမှတ်တူ ဂိုးကွာခြားချက်ဖြင့် ဒုတိယနေရာမှ လိုက်နေသည်။

သတင်းနှင့်ဓာတ်ပုံ–စိုးညွန့်

မကွေးနှင့် ရောဝတီတို့ အကြိတ်အနယ်

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို ကာယဗလမောင်ပြိုင်ပွဲနှင့် အမျိုးသမီးကာယကြံ့ခိုင်မှု ပြိုင်ပွဲများကျင်းပမည်

ရန်ကုန်　ဇန်နဝါရီ　၂၁

အားကစားဝန်ကြီးဌာန၏လမ်းညွှန်ချက်ဖြင့် မြန်မာနိုင်ငံကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အကြိုအဖြစ် ကာယဗလမောင်ပြိုင်ပွဲနှင့် အမျိုးသမီး ကာယကြံ့ခိုင်မှု (Model Physique) မယ်ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ကာယဗလမောင်ပြိုင်ပွဲ၌ (၅၅) ကီလိုတန်း၊ (၆၀) ကီလိုတန်း၊ (၇၀) ကီလိုတန်း၊ (၈၀) ကီလိုတန်းနှင့် (၉၀) ကီလိုတန်းများ ပါဝင်မည်ဖြစ်ပြီး အမျိုးသမီး ကာယကြံ့ခိုင်မှု (Model Physique) မယ်ပြိုင်ပွဲတွင် ၅ ပေ ၃ လက်မနှင့် အောက် ပြိုင်ပွဲနှင့် ၅ ပေ ၃ လက်မ အထက်ပြိုင်ပွဲဟူ၍ ခွဲခြားထားကာ ပြိုင်ပွဲများ ကျင်းပမည်ဖြစ်သည်။

ကာယဗလမောင်ပြိုင်ပွဲ၌ ဝိတ်တန်းအလိုက်ဆုများ ချီးမြှင့်မည်ဖြစ်ပြီး အကောင်းဆုံး (Over All) ဆုကိုလည်း ချီးမြှင့်မည် ဖြစ်သည်။

ယင်းပြိုင်ပွဲများသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် ကာယဗလမောင်လောင်းများနှင့် အမျိုးသမီးကာယကြံ့ခိုင်မှု (Model Physique) မယ်လောင်းများသည် မိမိသန်းခေါင်စာရင်း ပါရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနသို့ ဆက်သွယ်၍ ကိုယ်စားပြု ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ထိုပြိုင်ပွဲများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များက ရွေးချယ်ခြင်း မပြုမှသာ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပါဝင်ယှဉ်ပြိုင်ခွင့် ပြုထားကြောင်း သိရှိရသည်။

(ကိုအောင်)

MNL 2 ပြိုင်ပွဲ ဖေဖော်ဝါရီ ၁၅ ရက် စတင်မည်

ရန်ကုန်　ဇန်နဝါရီ　၂၁

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် MNL2 ပထမတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်ရေးဆွဲခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက MFF ရုံး၌ ကျင်းပသည်။

ပြိုင်ပွဲကိုမူလကအသင်း ရှစ်သင်း ယှဉ်ပြိုင်ရန် စီစဉ်ထားသော်လည်း ယခုအခါ တစ်သင်းထပ်တိုးပြီး စုစုပေါင်း ကိုးသင်း ယှဉ်ပြိုင်မည်ဖြစ်သည်။ MNL 2 ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက်မှ ဇွန် ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲကို မြန်မာယူ ၁၉ အသင်း၊ ချင်းယူနိုက်တက်အသင်း၊ မြဝတီအသင်း၊ ဒဂုံအသင်း၊ GFA အသင်း၊ MICHELIA အသင်း၊ HORIZON အသင်း၊ မောရတီအသင်းနှင့် BEST UNITED အသင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးနှစ်သင်းမှာ ၂၀၁၄ MNL ပြိုင်ပွဲကို တန်းတက်ကစားခွင့်ရရှိမည်ဖြစ်ပြီး မြန်မာယူ ၁၉ အသင်းမှာ တန်းတက်ကစားမည် မဟုတ်ပေ။ ဇွန် ၂၈ ရက်တွင် အမှတ်အများဆုံး ရရှိသည့် နှစ်သင်းမှာ ဗိုလ်လုပွဲအဖြစ် ကစားမည်ဖြစ်သည်။

(ဖိုးသော်ဇင်)

ပွဲစဉ် ၁		
	၁၅-၂-၁၃	
BEST	-	မြန်မာယူ ၁၉
	၁၆-၂-၁၃	
ချင်း	-	မြဝတီ
	၁၇-၂-၁၃	
ဒဂုံ	-	GFA
	၁၇-၂-၁၃	
HORIZON	-	MICHELIA

ကွင်းလယ်ကစားသမား ရှနိုက်ဒါ ဂါလာတာစာရေးခေါ်ယူမည်

အင်တာမီလန်ကွင်းလယ်ကစားသမား ဝက်စလေရှနိုက်ဒါအား အင်တာမီလန်အသင်းမှ ခေါ်ယူစာချုပ်ရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း ဂါလာတာစာရေးကလပ်က ပြောကြားသည်။ အသက် ၂၈ နှစ်ရှိ ကွင်းလယ်ကစားသမား ရှနိုက်ဒါအား ဂါလာတာစာရေးက ခေါ်ယူရန် နှစ်ပတ်နီးပါးကြာ ကြိုးစားခဲ့ပြီးနောက် အင်တာမီလန်က လက်ခံလိုက်ခြင်းဖြစ်သည်။ ရှနိုက်ဒါသည် စက်တင်ဘာ ၂၅ ရက်မှစပြီး ၎င်း၏ စာချုပ်အပေါ် အငြင်းပွားမှုကြောင့် အင်တာမီလန်အတွက် ဆက်လက်ကစားပေးခဲ့ခြင်းမရှိပေ။ ရှနိုက်ဒါသည် ၂၀၀၉ ခုနှစ်က ရီးရဲမက်ဒရစ်မှ အင်တာမီလန်သို့ ပြောင်းရွှေ့လာပြီး အီတလီစီးရီးအေ ချန်ပီယံလိဂ်နှင့် အီတာလျံဖလားများ ဆွတ်ခူးပေးနိုင်ခဲ့သည်။

လက်ရှိချန်ပီယံ အဇာရင်ကာ ဩစတြေးလျတင်းနစ်ကွာတားတက်

ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲကို မဲလ်ဘုန်း၌ ကျင်းပလျက်ရှိရာ အမျိုးသမီးပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ဗစ်တိုးရီးယားအဇာရင်ကာသည် အယ်လင်နာဗက်နီနာအား အနိုင်ရပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီ ဖြစ်သည်။

ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ် အဇာရင်ကာသည် ယင်းပြိုင်ပွဲတွင် အယ်လင်နာဗက်နီနာအား ၆-၁၊ ၆-၁ ဖြင့် အနိုင်ရပြီး ကွာတားဖိုင်နယ် တက်ရောက်သွားသည်။ သူမသည် ကွာတားဖိုင်နယ်တွင် ဒိန်းမတ်တင်းနစ်မယ် ဝေါ့ဇ်နီယာစကီအား အနိုင်ရခဲ့သည့် ရုရှားတင်းနစ်မယ် ကုဇ်ညက်ဆိုဗာနှင့် တွေ့မည်ဖြစ်သည်။

မြင့်မောင်စိုး–စုစည်းသည်

ရန်ကုန်မြင်းစီးအသင်း နှစ်(၄၀)ပြည့်အထိမ်းအမှတ် မြင်းစီးပြိုင်ပွဲနှင့်ပျော်ပွဲ ရွှင်ပွဲကျင်းပမည်

ရန်ကုန်　ဇန်နဝါရီ　၂၁

ရန်ကုန်မြင်းစီးအသင်း နှစ်(၄၀) ပြည့် အထိမ်းအမှတ် မြင်းစီးအားကစား ပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲကို ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီမှစတင်၍ ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ရန်ကုန်မြင်းစီးအသင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲတွင် Bare Back ပြိုင်ပွဲ၊ ဒုန်းစီးပြိုင်ပွဲနှင့် နှစ်(၄၀)ပြည့်၏ မျိုးဆက်လေးဆက် မြင်းစီးအားကစားမောင်မယ်များက Parade သရုပ်ပြပွဲ၊ Show Jumping သရုပ်ပြပွဲ၊ မျိုးဆက်သစ်အသင်းသားများ၏ Horse game ပြိုင်ပွဲများ၊ လော်ရာအနုပညာသင်တန်းကျောင်း၏ သင်တန်းသားသင်တန်းသူများ ဖျော်ဖြေတင်ဆက်မှုတို့လည်း ပါဝင်ကြမည်ဖြစ်ကြောင်း သိရှိရသည်။

(ကိုတင့်)

မွေးနေ့ဆုတောင်း

၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင်ကျရောက်သော ချစ်သမီးကြီး ဇင်မီအေးလွင် Grade-5(Multi Language Academy) ၏ (၁၁)နှစ်ပြည့် မွေးနေ့ မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ပြီးပြည့်စုံသောဘဝကို ပိုင်ဆိုင်ပြီး ထူးချွန်ထက်မြက်သော သမီးလိမ္မာလေးအဖြစ် လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ချစ်ဖေဖေ–ဦးအေးမောင် (မန်နေဂျင်းဒါရိုက်တာ)
(GREAT APEX CO., LTD.)လူမှုထူးချွန်ဆုတတိယဆင့်
ချစ်မေမေ–ဒေါ်ဇာဇာလွင်(ဒါရိုက်တာ) (GREAT APEX CO., LTD.)
ချစ်ညီမလေး–ဂျင်မီအေးလွင် Grade- 2(Multi Language Academy)

ရွှေပေါ်ကျွန်းဝေနေယျများသို့

ကျေးဇူးရှင် အရှင်ဇေယျသိဒ္ဓိဓမ္မဉာဏိက (အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) ရွှေပေါ်ကျွန်း ဆရာတော်ကြီး၏ ဝေနေယျအများသို့ သိစေရန် ဗိုလ်မှူးမျိုးဦး(ငြိမ်း)မှ အသိပေးအပ်ပါသည်။ မလှိုင်မြို့နယ်၊ စေတော်ဝင်ကျောင်း၌ ရွှေပေါ်ကျွန်းသာသနာ မော်ကွန်းတိုက်ကို ဆောက်လုပ်လှူဒါန်းရန် အစီအစဉ်ရှိသော်လည်း အခြေအနေအရ ဆောက်လုပ်လှူဒါန်းခြင်းကိစ္စကို ရပ်ဆိုင်းထားပါမည်။ သို့ပါ၍ အမြို့မြို့အနယ်နယ်ရှိ ရွှေပေါ်ကျွန်းဝေနေယျအများတို့မှ မော်ကွန်းတိုက်အတွက် လှူဒါန်းထားသော အလှူငွေနှင့်ပစ္စည်းများကို သေချာစွာ စနစ်တကျ သိမ်းဆည်းထားပါမည်။ မိမိတို့ လှူဒါန်းထည့်ဝင်ထားပြီးသော အလှူငွေနှင့် ပစ္စည်းများကို အလိုရှိပါက ပြန်လည် ပေးအပ်မည်ဖြစ်ပါသည်။

ဗုဒ္ဓသာသနာအနှစ်ငါးထောင်အခွန့်ရှည်ပါစေ၊ ရွှေပေါ်ကျွန်းသာသနာ အခွန့်ရှည်ပါစေ။

ဗိုလ်မှူးမျိုးဦး(ငြိမ်း)၊ ရွှေပေါ်ကျွန်းဝေနေယျ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ နဝရတ်ဥယျာဉ်အိမ်ရာ၊ နဝရတ်ဥယျာဉ် ဖလမ်း၊ ခြံအမှတ် ၇ လိပ်စာတည်ရှိရာ၊ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ် လူနေရပ်ကွက်အမှတ် နဝရတ်ဥယျာဉ်အိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် ၁၄၊ အကျယ်အဝန်း ၇၁၅၀စတုရန်းပေ၊ ဝဒသမ၁၆၇၈က၊ နှစ် ၆၀ဂရန်မြေအမျိုးအစားမြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင်ရှိသော တစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေကွက်အမည်ပေါက် ပိုင်ဆိုင်သူဦးမူဆာဟာရှင်ဒူပလီနှင့် ဒေါ်ရီရီဆန်းတို့ထံ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်၍ အဆိုပါ အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စအတွက် ကန့်ကွက်အရေးဆိုလိုသူရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားအပြည့်အစုံနှင့်တကွ ဤကြော်ငြာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း အောက်ဖော်ပြပါရုံးခန်းတွင် ရုံးချိန်အတွင်း အကြောင်းကြားအသိပေးပြီး တရားဝင်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်အရေးဆိုသူမရှိပါက အရောင်းအဝယ်ကို ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ–

ဒေါ်မေဇင်ဦး LL.B, LL.M
တရားလွှတ်တော်ရှေ့နေ (စဉ်–၈၃၁၄) Myanmar Legal Advisors Group
အမှတ် ၃၃၃၊ အခန်း ၃၊ ပထမထပ်(ယာ)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း–၃၉၂၈၅၁၊ ၃၉၂၇၃၅၊ ၀၉-၅၁၉၂၂၆၀

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၃)၊ မြေကွက်အမှတ် ၁၁၉၅၊ အမည်ပေါက် ဦးရန်အောင် ၁၂/လကန(နိုင်)၂၂၂၀၇၂၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်မြမြသွင် ၁၂/ပဇတ(နိုင်)၀၁၃၁၈၀မှ မြေပါမစ်မူရင်းမှ ဓာတ်ပုံမူရင်း ပျောက်ဆုံးသွားပါသဖြင့် ဓာတ်ပုံမိတ္တူမှန် ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့် ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ဓာတ်ပုံမိတ္တူမှန် ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂အက်ဖ်၊ မြေကွက်အမှတ် ပဥ္စမတန်းစား-၉၉၊ မြေကွက်တည်နေရာ အမှတ် ၅၂၊ ၈၈လမ်း၊ ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဦးတင်ဝင်း၊ ဒေါ်တင်လှိုင်အမည်ပေါက် နှစ်၉၀ဂရန်မြေအားအမည်ပေါက်တစ်ဦးဖြစ်သူ ဦးတင်ဝင်း ကွယ်လွန်သဖြင့် ပူးတွဲအမည်ပေါက် ဒေါ်တင်လှိုင် KLT-၀၀၀၅၈၃၊ ၁၄/ကလန(နိုင်)၀၀၅၀၉၀က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ရွှေနံ့သာအနောက်ရပ်၊ မြေကွက်အမှတ် (၃၉)ဦးထွန်းဟံ ၉/ပမန(နိုင်)၂၅၄၈၆၂ အမည်ဖြင့် ချထားပေးသော ပါမစ်မြေကွက်၏ မြေကွက်နေရာချထားခြင်းယာယီခွင့်ပြုမိန့်မူရင်း ပျောက်ဆုံးသွားသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ မြေပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိက မူရင်းအားပယ်ဖျက်၍ မြေကွက်နေရာချထားခြင်း ယာယီခွင့်ပြုမိန့်မိတ္တူမှန် ထုတ်ပေးသွားမည်ဖြစ်ကြောင်းကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

နိုင်ငံတကာအားကစားသတင်း

စီရိုနယ်ဒို သွင်းဂိုးများဖြင့် ရီးရဲမက်ဒရစ်တို့ နိုင်ပွဲရ

စပိန်လာလီဂါပွဲစဉ် (၂၀)ကို ဇန်နဝါရီ ၂၀ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ရီးရဲမက်ဒရစ်တို့က အဝေးကွင်း၌ ငါးဂိုးပြတ်သွင်းပြီး အောင်ပွဲခံနိုင်ခဲ့ရာ ဝေဖန်ပြစ်တင်မှုများနှင့် ကြုံတွေ့နေရသော နည်းပြမော်ရင်ဟိုအတွက် ချေဖျက်နိုင်စရာဖြစ်ခဲ့သည်။ သို့သော် တန်းစီဇယားထိပ်ဆုံးမှ ဘာစီလိုနာနှင့် ပွဲတူ ၁၅ မှတ် ကွာဟနေမှုကို ကျဉ်းမြောင်းရန် ခက်ခဲနေဆဲဖြစ်ပြီး စိန်ခေါ်မှုများ၊ ကြမ်းတမ်းသောဖြတ်သန်းမှုများနှင့် ရင်ဆိုင်နေရဆဲပင်ဖြစ်သည်။

မောင်မောင်မြင့်ဆွေ - ရေးသည်

ဗလင်စီယာ ၀-၅ ရီးရဲမက်ဒရစ်

ဗလင်စီယာတို့ အိမ်ကွင်း၌ ယခုနှစ်လာလီဂါတွင် ဂိုးအများဆုံးအသွင်းခံခဲ့ရသောပွဲဖြစ်ခဲ့သည်။ အနိုင်ရလိုမှု စိတ်ဓာတ်ပြင်းပြင်းဖြင့် ကစားခဲ့သော ရီးရဲမက်ဒရစ်သည် ပွဲအစ ကိုးမိနစ်မှာပင် ဟီဂူအင်က အဖွင့်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ တိုက်စစ်နှင့် ခံစစ်ပိုင်းအား နည်းနေသော ဗလင်စီယာတို့ ချေပဂိုးရရှိရေးကြိုးစားသော်လည်း အရာမထင်ဖြစ်လျက်ရှိရာ ပွဲချိန် ၃၄ မိနစ်၌ မာရီရာက ရီးရဲမက်ဒရစ်အတွက် ဒုတိယဂိုး သွင်းယူပေးခဲ့ပြန်သည်။ ဗလင်စီယာတို့ ရီးရဲမက်ဒရစ်တိုက်စစ်ကို မထိန်းနိုင်ဘဲရှိနေရာမှ ပွဲချိန် ၃၆ မိနစ်တွင် စီရိုနယ်ဒိုက တစ်ဂိုးသွင်းယူခဲ့သဖြင့် သုံးဂိုးရရှိခဲ့သည်။ ဗလင်စီယာတို့ ခံစစ်ကြောင်း ယိမ်းယိုင်ခဲ့ရာ ပွဲချိန် ၄၁ မိနစ်တွင် စီရိုနယ်ဒိုကပင် တစ်ဂိုးထပ်မံသွင်းယူခဲ့ပြန်သဖြင့် ရီးရဲမက်ဒရစ်တို့ လေးဂိုးရရှိခဲ့သည်။ ရီးရဲမက်ဒရစ်တို့ ဗလင်စီယာဘက်သို့ ဆက်တိုက်ဖိကစားခဲ့ရာ ပွဲချိန် ၄၅ မိနစ်၌ မာရီရာက တစ်ဂိုးသွင်းယူခဲ့ပြန်သဖြင့် ပထမပိုင်းပွဲချိန်အတွင်း၌ပင် ရီးရဲမက်ဒရစ်တို့ ငါးဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဗလင်စီယာအသင်း ဒုတိယပိုင်းတွင် ချေပဂိုးရရှိရေး ကြိုးစားခဲ့သော်လည်း တိုက်စစ်မှူးများက ရီးရဲမက်ဒရစ်ဂိုးဧရိယာအတွင်း ဘောလုံးဆုံးရှုံးမှုများနေခဲ့သဖြင့် ပွဲအပြီးတွင် ရီးရဲမက်ဒရစ်တို့က ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ယခုပွဲအနိုင်ရသဖြင့် ရီးရဲမက်ဒရစ်တို့ တန်းစီဇယား တတိယနေရာ၌ ရပ်တည်လျက်ရှိသည်။

စပိန်လာလီဂါပွဲစဉ် (၂၀) အဖြစ် ဗလင်စီယာနှင့် ရီးရဲမက်ဒရစ်တို့ ဤသို့ အကြိတ်အနယ်ယှဉ်ပြိုင် ကစားခဲ့သည်။

ဗယ်လာဒိုးလစ် ၂-၀ ဇာရာဂိုဇာ

ညံ့သည်ဇာရာဂိုဇာတို့ အမှတ်ပြည့်ရယူရေး ကြိုးစားခဲ့သော်လည်း ဗယ်လာဒိုးလစ်တို့၏ တိုက်စစ်ဆင်ထိုးဖောက် ဂိုးသွင်းမှုများကိုသာ ဟန့်တားကာကွယ်ခဲ့ရသည်။ ဗယ်လာဒိုးလစ်အတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၁၂ မိနစ်၌ ဂွာရာက သွင်းယူပေးနိုင်ခဲ့သည်။ ဇာရာဂိုဇာတို့ ချေပဂိုးသွင်းယူနိုင်ရေး ကြိုးစားခဲ့သော်လည်း ပထမပိုင်း ပွဲချိန်အတွင်း ဂိုးမသွင်းနိုင်ခဲ့ချေ။ ဒုတိယပိုင်းပွဲချိန်အတွင်း အိမ်ရှင်ဗယ်လာဒိုးလစ်တို့ ဂိုးထပ်မံသွင်းယူနိုင်ရေး ကြိုးစားခဲ့ရာမှ ပွဲချိန် ၇၄ မိနစ်၌ ဂွန်ဇာလက်က တစ်ဂိုးသွင်းယူခဲ့ပြန်သဖြင့် ဗယ်လာဒိုးလစ်တို့ ဒုတိယဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ညံ့သည် ဇာရာဂိုဇာတို့ ချေပဂိုးများ သွင်းယူနိုင်ရေး ကြိုးစားခဲ့သော်လည်း အပိုနို၊ လန်ဇာရိုနှင့် မိနီရိုတို့ အဝါကတ်များထိခဲ့ပြီး ဂိုးမသွင်းနိုင်ခဲ့သဖြင့် ပွဲအပြီး ဗယ်လာဒိုးလစ်တို့က နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

အက်သလက်တီကို ၂-၀ လီဗန်တေး

အိမ်ကွင်း၌ အက်သလက်တီကိုတို့သုံးမှတ်အပြည့်ရယူနိုင်ခဲ့သည်။ ဧည့်သည် လီဗန်တေးတို့က အဝေးကွင်းရလဒ်မကောင်းတတ်သည်ဖြစ်ရာ ယခုပွဲ၌ အဝင်အထွက်ရဲရဲဖြင့်ကစားပြီး အမှတ်ရယူနိုင်ရေး ကြိုးစားခဲ့သည်။ သို့သော် အက်သလက်တီကိုတို့က တည်တည်ငြိမ်ငြိမ်ဖြင့် အပေးအယူ အချိတ်အဆက်မိမိ ကစားခဲ့ရာ ပွဲချိန် ၃၂ မိနစ်၌ အက်ဒရင်က ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သည်။ သို့သော် ပထမပိုင်း ပွဲချိန်အတွင်း လီဗန်တေးတို့ တုံ့ပြန်ကစားမှုပြင်းထန်ခဲ့သဖြင့် အက်သလက်တီကိုတို့ ဂိုးထပ်မံမသွင်းနိုင်ခဲ့ချေ။ ဒုတိယပိုင်း ပွဲချိန် မိနစ် ၆၀ ၌ ကိုကီက အက်သလက်တီကိုအတွက် တစ်ဂိုးသွင်းယူပေးခဲ့ရာမှ ဒုတိယဦးဆောင်ဂိုး ရရှိခဲ့ခြင်းဖြစ်သည်။ လီဗန်တေးတို့ ချေပဂိုးရရှိရေး ကြိုးစားခဲ့သော်လည်း လိုပက်စ်၊ မီချေ၊ မူနွာ၊ ဘာလက်တီရော့စ်တို့ အဝါကတ်များသာထိခဲ့ပြီး ဂိုးမသွင်းနိုင်ခဲ့သဖြင့် အက်သလက်တီကိုတို့ နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

ယခုပွဲ အနိုင်ရရှိခဲ့သဖြင့် အက်သလက်တီကိုတို့ ပွဲ ၂၀ ကစားပြီးချိန်တွင် ၄၇ မှတ်ဖြင့် တန်းစီဇယား ဒုတိယနေရာ၌ ရပ်တည်နေဆဲပင်ဖြစ်သည်။

အားကစားသတင်း အတိုအထွာ

- အာဆင်နယ်အသင်းသည် မွန်ပီလီယာအသင်းမှ အသက် ၂၃ နှစ်အရွယ် နောက်ခံကစားသမား အမ်ဘီဝါအား ခေါ်ယူနိုင်ရေး ဆွေးနွေးနေသည်။
- ဝီဂန်အသင်းသည် လီဗာပူးနောက်ခံလူ ကိုရာတက်စ်နှင့် ဝုလ်ဗာအသင်းမှ အသက် ၂၇ နှစ်အရွယ် ဇူဘာတို့အား ခေါ်ယူစာချုပ်နိုင်ရေး ကြိုးစားလျက်ရှိသည်။
- ရက်ဒင်းအသင်းသည် ဘာမင်ဂမ်အသင်းမှ နောက်ခံလူ အသက် ၂၇ နှစ်အရွယ် ဒေးဗစ်အား ပြောင်းရွှေ့ကြေးပေါင် ၁ ဒသမ ၅ သန်းဖြင့် ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။
- အာဆင်နယ်အသင်းက လိုင်ယွန်အသင်းမှ ကွင်းလယ်ကစားသမား ဂိုရာကတ်ဖ်အား တစ်ပတ်လုပ်ခပေါင် ၈၀၀၀၀ ပေး၍ ခေါ်ယူစာချုပ်နိုင်ရေးကြိုးစားလျက်ရှိသည်။
- ဂါလာတာစာရေးအသင်းသည် စီးရီးအေတွင် ကစားနေသော ကွင်းလယ်ကစားသမား ရှနိုက်ဒါအား ခေါ်ယူနိုင်ရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။
- နော့တင်ဟမ်ဖောရက်စ်အသင်းမှ အသက် ၂၈ နှစ်အရွယ် ဂိုးသမား လီကမ့်အား နော့ဝှစ်အသင်းက ခေါ်ယူနိုင်ရေး ဆွေးနွေးလျက်ရှိသည်။
- ချယ်လ်ဆီးအသင်းမှ အသက် ၃၂ နှစ်အရွယ် ကွင်းလယ်ကစားသမား မာလူဒါအား ကျူပီအာအသင်းက ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။
- လီဗာပူးအသင်းသည် အင်တာမီလန်အသင်းမှ အသက် ၂၀ အရွယ် ကွင်းလယ်ကစားသမား ဖီးလစ်ကူတင်ဟိုအား ပြောင်းရွှေ့ကြေးပေါင် ရှစ်သန်းဖြင့် ဈေးပေးထားမှုကို ထပ်မံတိုးမြှင့်ပေးမည်ဟု ဆွေးနွေးလျက်ရှိသည်။
- ခရစ္စတယ်ပဲလေ့စ်အသင်းမှ တောင်ပံကစားသမား ဇာဟာအား လာမည့်လ၌ ဝင်ဘလေကွင်းတွင် ဘာရာဇီးအသင်းနှင့် ခြေစမ်းပွဲကစားရန်အတွက် အင်္ဂလန်အသင်း၌ ပါဝင်ထည့်သွင်းထားသည်ဟု ထုတ်ဖော်ပြောကြားသည်။
- ချယ်လ်ဆီးနောက်ခံလူ အသက် ၃၂ နှစ်အရွယ်ရှိ အက်ရှ်လေကိုးအား ချယ်လ်ဆီးအသင်းက တစ်ပတ်လုပ်ခလစာပေါင် ၂၀၀၀၀၀ ဖြင့် တစ်နှစ်စာချုပ်ထပ်မံချုပ်ဆိုလိုက်ရာ ကမ္ဘာပေါ်တွင် နောက်ခံကစားသမားများအနက် လုပ်ခလစာအမြင့်ဆုံး ကစားသမားတစ်ဦးဖြစ်လာခဲ့သည်။
- ပွဲချိန်နောက်ဆုံးစက္ကန့်၌ တစ်ဂိုးစီသရေပွဲဖြစ်အောင် ကြိုးစားအားထုတ်ခဲ့သော စပါးကစားသမားများ၏ စိတ်ဓာတ်နှင့် စွမ်းဆောင်မှုကို မိမိချီးကျူးပါကြောင်း မန်ယူနည်းပြ ဖာဂူဆန်က ထုတ်ဖော်ပြောကြားသည်။
- မန်ယူကို သရေပွဲဖြစ်အောင် ကစားနိုင်ခဲ့ခြင်းသည် စပါးအသင်း၏ ထက်မြက်သော ခြေစွမ်းအမှန်ကို ပြသခဲ့ခြင်းဖြစ်ကြောင်း စပါးနည်းပြ ဘိုအက်စ်က ပြောကြားသည်။
- ချယ်လ်ဆီးပိုင်ရှင် အေဗရာမိုဗစ်က ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်း ကစားသမားအသစ် ခေါ်ယူတော့မည်မဟုတ်ကြောင်း ပြောကြားသည်။
- စပါးတောင်ပံကစားသမား ဂါရတ်ဘေးအား ရီးရဲမက်ဒရစ်က လာမည့် နွေရာသီဘောလုံးသမားအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန်ကြိုးစားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

မောင်ချစ်ကြည် - စုစည်းသည်

သမဝါယမဝန်ကြီးဌာန
လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သမဝါယမဝန်ကြီးဌာနတွင် အသုံးပြုရန် အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို ဝယ်ယူလိုပါသည်-

1. Computer	29 Nos.
2. Printer	32 Nos.
3. UPS	11 Nos.
4. Laptop Computer	4 Nos.
5. Copier	5 Nos.
6. Overhead Projector	5 Nos.
7. ကွန်ပျူတာနှင့် ရုံးလုပ်ငန်းသုံးဆက်စပ်ပစ္စည်း	၇ မျိုး
8. စက်ရုံ/အလုပ်ရုံသုံးပစ္စည်း	၁၃ မျိုး
9. ဓာတ်ခွဲခန်းသုံးပစ္စည်း	၇ မျိုး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၃-၁-၂၀၁၃ ရက်မှ ၂၅-၁-၂၀၁၃ ရက်အထိ နေ့စဉ်နံနက် ၉း၃၀ နာရီမှ ညနေ ၁၆း၀၀ နာရီအထိ ရုံးဖွင့်ရက်အတွင်း သမဝါယမဝန်ကြီးဌာန၊ ရုံးအမှတ် ၁၆ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၈-၁-၂၀၁၃ ရက် ၁၀ နာရီမှ ၁၁ နာရီအတွင်း သမဝါယမဝန်ကြီးဌာန၊ ရုံးအမှတ် ၁၆၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

သမဝါယမဝန်ကြီးဌာန
တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီနှင့်
ပစ္စည်းဝယ်ယူမှု စိစစ်ရေးကော်မတီ
ရုံးအမှတ် ၁၆၊ နေပြည်တော်
ဖုန်း-၄၁၀၀၃၃၊ ၄၁၀၀၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အားကစားဝန်ကြီးဌာန
အားကစားနှင့်ကာယပညာဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် လိုအပ်လျက်ရှိသည့် အောက်ဖော်ပြပါ ဆေးဘက်ဆိုင်ရာပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

- (က) **ရူပဗေဒအကြောဘက်ဆိုင်ရာ ကုသရေးစက်ပစ္စည်းများ (Physiotherapy Equipments)**
- (ခ) **Fitness Center Equipments**
- (ဂ) **Fitness Testing Equipments**
- (ဃ) **Rebabilitation Equipments**

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့်လိုအပ်သည့် ပစ္စည်းစာရင်းအသေးစိတ်တို့ကို ၂၁-၁-၂၀၁၃)ရက်မှ ၂၇-၁-၂၀၁၃ရက်အထိ အားကစားဝန်ကြီးဌာန၊ရုံးအမှတ် ၃၁၊ နေပြည်တော် အားကစား ဆေးဘက်ဆိုင်ရာဌာနခွဲ၊ ဖုန်း-၀၆၇-၄၀၆၀၃၆၊၀၆၇-၄၂၂၁၃၈ သို့ ဆက်သွယ်စုံစမ်းနိုင်ပြီး တင်ဒါပုံစံများကို လူကိုယ်တိုင်လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၈-၁-၂၀၁၃ရက် ၁၆း၃၀နာရီ နောက်ဆုံးထားပေးသွင်းရန်ဖြစ်ပြီး သတ်မှတ်ချိန်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့
အားကစားနှင့် ကာယပညာဦးစီးဌာန
အားကစားဝန်ကြီးဌာန
ရုံးအမှတ်-၃၁၊ နေပြည်တော်

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

သာစည်မြို့နယ်အသင်း(ရန်ကုန်)၏ နာယကကြီး ဗိုလ်မှူးချုပ်ခင်မောင်(ငြိမ်း)ဒုတိယဝန်ကြီး(ငြိမ်း)၏ ချစ်ဇနီးအား သုဓမ္မသိင်္ဂီ၊ **သီရိသုဓမ္မသိင်္ဂီ**ဘွဲ့တံဆိပ်များနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၃)ဖြင့် သာသနာတော်ဆိုင်ရာ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ချီးမြှင့်ခံရသည့် ဒေါ်အေးအေးချို(အသင်းအလုပ်အမှုဆောင်)အတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိကြပါသည်။

သာစည်မြို့နယ်အသင်း(ရန်ကုန်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နယ်စပ်ရေးရာဝန်ကြီးဌာန
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သောက်သုံးရေရရှိရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်သော အောက်ဖော်ပြပါရေတွင်းတူးလွန်သွားများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

Sr no.	Bit Size & Type	A.P.I pin Shank Size	Qty	Country of Origin
1.	6 ¾" Ø Wing Bit (Drag Bit)	3½'' REG	15 Nos	USA
2.	$8\frac{5}{8}$" Ø Wing Bit (Drag Bit)	4½'' REG	10 Nos	USA
3.	6 ¾" Ø Rock Bit	3½'' REG	15 Nos	USA
4.	$8\frac{5}{8}$"Ø Rock Bit	4½'' REG	10 Nos	USA

၂။ တင်ဒါပုံစံစတင်ရောင်းချသည့်ရက် - ၂၂-၁-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃၁-၁-၂၀၁၃ရက်(၁၂း၀၀)နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းဝယ်ယူနိုင်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ရုံးအမှတ်(၁၄)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၀၂၉၊ ၄၀၈၂၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အားကစားဝန်ကြီးဌာန
အားကစားနှင့်ကာယပညာဦးစီးဌာန
နေပြည်တော်
ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ အားကစားနှင့် ကာယပညာဦးစီးဌာနမှ အောက်ဖော်ပြပါ ပစ္စည်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်-

- (က) **အိပ်ရာသုံးပစ္စည်း** ၃၀၀၀ စုံ
- (ခ) **ပရိဘောဂပစ္စည်းများ**
- (ဂ) **မြက်ဖြတ်စက်များ**
  Camera များ၊ Projector များ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၁-၁-၂၀၁၃ရက်မှ စတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၅-၁-၂၀၁၃ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်သည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့် လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ရုံးအမှတ်(၃၁)၊ အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန နေပြည်တော် ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုသော အချက်များကို ဤဦးစီးဌာန ရုံးအမှတ်(၃၁)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
အားကစားနှင့် ကာယပညာ ဦးစီးဌာန
ရုံးအမှတ်-၃၁၊ နေပြည်တော်

ကားရောင်းမည်

CALDINA, 2003, စက်ရုပ်
BLACk, ၅င/၉ထောင်ကျော်
ZT, ကျပ် ၂၀၇သိန်း
ဖုန်း-၀၉-၄၅၀၀၃၀၅၀၀

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မြောက်ပိုင်းဒေသများ အအေးပိုလာနိုင်

နေပြည်တော် ဇန်နဝါရီ ၂၁

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်နှင့် ဟဲဟိုးမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မြောက်(သို့)အရှေ့မြောက်ဘက်မှ လေပြင်းများ တိုက်ခတ်နိုင်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် အအေးပိုလာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိတ္ထီလာဈေးကြီးအတွင်း လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြ

မိတ္ထီလာ ဇန်နဝါရီ ၂၁

မိတ္ထီလာဈေးကြီးအတွင်း လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြခြင်းကို ဇန်နဝါရီ ၁၉ ရက် နံနက် ၉ နာရီက ကျင်းပကြောင်း သိရသည်။ **(အပေါ်ပုံ)**

"မကြာမီနွေဦးရာသီကို ရောက်လာတော့မှာဖြစ်လို့ မီးဘေးအန္တရာယ်ကြိုတင် သတိပေးလေ့ကျင့်မှုတွေ ပြုလုပ်ပေးရတာပါ။ နွေရာသီရောက်မှ မီးကိုဂရုစိုက်တာထက် နွေရာသီမရောက်မီကြိုတင်ဂရုစိုက် သုံးစွဲသင့်ပါတယ်။ ရာသီအကူးအပြောင်းကာလမှာ မီးလောင်မှုတွေ အများဆုံးဖြစ်တတ်တာမို့ မီးဘေးရှောင် မလောင်ခင်တားဆိုသလို ကြိုတင်တားဆီးကာကွယ်ရမှာပါ" ဟု ခရိုင်မီးသတ်ဦးမှူး ဦးကျော်ဆန်းက ပြောသည်။

မိတ္ထီလာဈေးကြီးအတွင်း လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြပွဲတွင် အဝတ်အထည်ရုံ၊ အလှကုန်နှင့် ဆေးဝါးပစ္စည်းများရုံ၊ ဈေးဆိုင်အဆောက်အအုံများကို မြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးက မီးသတ်ယာဉ်သုံးစီးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းကို ဆောင်ရွက်ပြသရာ ခရိုင်အုပ်ချုပ်ရေးမှူးဦးတင်မောင်စိုး၊ ခရိုင်စည်ပင်အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် ဈေးကြီးအကျိုးတော်ဆောင် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **(၄၃၅)**

ပုသိမ်-မုံရွာကားလမ်းမကြီးပေါ်၌ ဘူးရိုးချောင်းတံတားသစ်တစ်စင်း ထပ်မံတည်ဆောက်

ပန်းတောင်း ဇန်နဝါရီ ၂၁

ပန်းတောင်းမြို့နယ်သည် ပဲခူးတိုင်းဒေသကြီးတွင် မြို့နယ်ပေါင်း ၂၈ မြို့နယ်ရှိသည့်အနက် ဧရာဝတီမြစ်ကြီး၏ အနောက်ဘက်ကမ်း၌တည်ရှိသော တစ်ခုတည်းသော မြို့နယ်ဖြစ်သည်။ ကျန် ၂၇ မြို့နယ်သည် ဧရာဝတီမြစ်ကြီး၏ အရှေ့ဘက်တွင်လည်းကောင်း၊ ၁၄ မြို့နယ်သည် ပဲခူးရိုးမတောင်တန်းကြီး၏ အရှေ့ဘက်ခြမ်းတွင်လည်းကောင်း တည်ရှိသည်။ ပန်းတောင်းမြို့နယ်ကို တောင်ဘက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြောက်ဘက်တွင် မကွေးတိုင်းဒေသကြီး၊ အနောက်ဘက်တွင် ရခိုင်ပြည်နယ်တို့က ဝန်းရံထားပြီး အရှေ့အနောက် သွယ်တန်းနေသော ပန်းတောင်း-တောင်ကုတ်ကားလမ်းနှင့် တောင်မှမြောက်သို့ သွယ်တန်းနေသော ပုသိမ်-မုံရွာကားလမ်းမကြီးတို့ ဆုံတွေ့ရာဒေသ ဖြစ်သည်။ အရှေ့ဘက် ဧရာဝတီမြစ်ကြီးကို နဝဒေးတံတားဖြင့် ဖြတ်ကူး၍ ရန်ကုန်-နေပြည်တော်-မန္တလေးမြို့များသို့ ခရီးဆက်နိုင်သည်။

အဆိုပါလမ်းများအနက် ပုသိမ်-မုံရွာကားလမ်းမကြီးပေါ်တွင် တည်ရှိသော အရှည်ပေ ၆၀၀ ရှိ ဘူးရိုးချောင်းဖြတ်ကူးသည့် ဘေလီတံတားသည် သက်တမ်းအားဖြင့် ဆယ်စုနှစ်သုံးစုတိုင် တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုအခါတွင် ကျိုးပဲ့ပျက်စီးလာ၍ ခရီးသွားပြည်သူများ၊ မော်တော်ယာဉ်များ၊ ကုန်သည်များသည် ဤတံတားကို အသုံးပြုဖြတ်သန်းရာတွင် အန္တရာယ်ရှိနိုင်သဖြင့် အဆိုပါ တံတား၏ ဘေးတစ်ဖက်မှနေ၍ သံကူကွန်ကရစ်တံတားတစ်စင်းကို ၂၀၁၁ ခုနှစ် ဩဂုတ် ၁၂ ရက်တွင် စတင်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၆) မှ တာဝန်ယူတည်ဆောက်ပေးလျက်ရှိသည်။ မိုင်တိုင်အမှတ် (၁၆၀/၅)နှင့် (၁၆၀/၇)ကြားရှိ တံတားချဉ်းကပ် လမ်းနှစ်ဖက်မြေကြီး လုပ်ငန်းဆောင်ရွက်နေမှုကို လမ်းအထူးအဖွဲ့ (၇) က စက်ယန္တရားကြီးများဖြင့် လမ်းအူကြောင်း ဖြောင့်၍ တာပေါင်တင်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ တံတား၏အရှည်သည် ပေ ၆၀၀ ရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့် ဘေးနှစ်ဖက်လူသွားလမ်းအကျယ်သုံးပေစီပါရှိကာ တံတားအမျိုးအစားမှာ တံတားအောက်ထည်သံကူကွန်ကရစ်၊ တံတားအပေါ်ထည် သံကူကွန်ကရစ်+Steel Plate Girter ဖြစ်၍ ရေလမ်းကင်းလွတ် အကျယ်ပေ ၁၀၀၊ အမြင့်ပေသုံးပေ၊ ခန်းဖွင့်ဖွဲ့စည်းပုံ ပေ ၁၂၀×၅ ခန်းဖြစ်ပြီး ခွင့်ပြုယာဉ်အလေးချိန် တန် ၆၀ ဖြစ်ကြောင်း သိရှိရသည်။ **(၁၇၀)**

စားသုံးကုန်များ စားသုံးရန်သင့် မသင့် တာချီလိတ်၌ စစ်ဆေး

တာချီလိတ် ဇန်နဝါရီ ၂၁

ဝိသမလောဘသားအချို့က အများပြည်သူ၏ အသက်အန္တရာယ်ထိခိုက်မှုကို အလေးဂရုမပြုဘဲ ၎င်းတို့၏ ကိုယ်ကျိုးအတွက်သာရှေးရှုလျက် စားသုံးရန် မသင့်သော ဓာတုဗေဒဆေးဝါးများကို စားသောက်ကုန်အတွင်း ထည့်သွင်းရောင်းချနေမှုကို သက်ဆိုင်ရာက စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း ဈေးများ၌ ရောင်းချလျက်ရှိသော ငရုတ်သီးမှုန့်နမူနာ ၁၈ မျိုး၊ နနွင်းမှုန့်နမူနာ ၁၂ မျိုးတို့ကို ဓာတ်ခွဲစစ်ဆေးခဲ့ရာ အဆိုပါ နမူနာ ငရုတ်သီးမှုန့်နှင့် နနွင်းမှုန့်များအနက် အမှတ်တံဆိပ်မပါရှိသော နမူနာတစ်မျိုးနှင့် အမှတ်တံဆိပ်ပါရှိသော နမူနာနှစ်မျိုးတို့တွင် အစားအသောက်၌ သုံးစွဲရန် မသင့်သော ဓာတုဗေဒဆိုးဆေးများပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသည်။

အဆိုပါ စားသုံးရန်မသင့်သော အမှတ်တံဆိပ်မပါ ငရုတ်သီးမှုန့်၊ နနွင်းမှုန့်နှင့် အမှတ်တံဆိပ်ပါရှိသော ငရုတ်သီးမှုန့်၊ နနွင်းမှုန့်များကို တာချီလိတ်မြို့နယ်အတွင်းရှိ ဈေးများတွင် ရောင်းချခြင်းမပြုရန် ဇန်နဝါရီ ၈ ရက်က သက်ဆိုင်ရာမှ သတင်းထုတ်ပြန်ကြေညာခဲ့သည်။ အကယ်၍ ကြေညာခဲ့ပြီးနောက် ရောင်းချမှုများ ဆက်လက်လုပ်ဆောင်ပါက ယင်းပစ္စည်းများကိုသိမ်းဆည်းပြီး အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

မောင်ယဉ်ကျေး(တာချီလိတ်)

သန့်ငွေနှင့်ရောင်းရင်းများ

Ph : 241863, 380141, 09-43043109

SH **မြင့်သူထက်** YU

PGDMA

ပညာဒါန

English 4 Skills

ဦးကျော်ဝေ

အိမ်ခြံမြေဝယ်ရောင်းငှားဥပဒေ

(ထွက်ပါပြီ)

မယ်နဲ့ဇမာင်စာပေ၊ စာအုပ်ဆိုင်တိုင်းမှာပေးဝယ်ပါ။

ဖုန်း ၀၉၇၃၀၄၅၈၁၃၅

အမှတ်(၁) ဒေသကောလိပ် (ရန်ကုန်)
ရန်ကုန်တက္ကသိုလ်၊ ဗိုလ်တထောင်နယ်မြေ၊ ဗိုလ်တထောင်ကောလိပ်
ဒုတိယအကြိမ် အာစရိယပူဇော်ပွဲ

ကို ၁၇-၂-၂၀၁၃ ရက် (တနင်္ဂနွေ) နံနက် ၉ နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပပါမည်။ ၎င်းနေ့ ညနေ ၆ နာရီတွင် မိတ်ဆုံစားပွဲကို အင်းလျားလမ်း၊ တက္ကသိုလ် လေ့လှော်အသင်းအနီး ရွှေရှမ်းကန်စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်ပါ၍ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ အလှူငွေနှင့် မိတ်ဆုံစားပွဲလက်မှတ်များကို အမှတ် ၂၀၄ (A) ဒုတိယအထပ်၊ မဟာဗန္ဓုလလမ်းနှင့် လမ်း ၅၀ထောင့်၊ ပုဇွန်တောင်မြို့နယ်တွင် လှူဒါန်းဝယ်ယူနိုင်ပါသည်။ ဒေါ်မြင့်မြင့်သိန်း ဖုန်း-၀၁-၆၄၆၉၄၄၊ ဒေါက်တာဦးတင့်လွင် ဖုန်း-၀၉-၅၀၀၇၃၃၇၊ ဦးမြင့်သူ ဖုန်း-၀၉-၇၃၀၀၈၇၁၉၊ ဦးစိန်မြ ဖုန်း-၀၉-၄၂၁၀၀၆၂၆၁၊ ဦးဗညားဇော် ဖုန်း-၀၉-၄၅၀၀၁၈၈၈၈၊ ဦးမြင့်သန်း ဖုန်း-၀၉-၅၁၄၄၁၈၁၊ ဦးအောင်သင်း ဖုန်း-၀၉-၄၂၁၀၄၂၃၂၊ ဒေါ်တင်တင်ထွေး ဖုန်း-၀၉-၅၀၈၉၄၁၇၊ ဒေါ်မြမြဝင်း ဖုန်း-၀၉-၄၂၁၀၀၃၁၃၂၊ ဒေါ်နုနုအေး ဖုန်း-၀၉-၄၂၁၀၀၅၄၉၆၊ ဒေါ်နန္ဒာဝင်းလတ် ဖုန်း-၀၉-၃၃၀၅၄၆၅၇၊ ဒေါ်ခင်သန်းနု ဖုန်း-၀၉-၅၁၁၆၀၃၅၊ ဒေါ်သန်းသန်းဌေး ဖုန်း-၀၁-၅၄၅၅၉၂၊ ဒေါ်ကြည်ကြည်မြင့် ဖုန်း-၀၉-၅၀၉၁၈၅၈

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် အဆိုပြုရန်ဖိတ်ခေါ်ခြင်း

၁။ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းသည် မြန်မာနိုင်ငံ၏ ပြောင်းလဲလာသောစီးပွားရေးဝါဒများနှင့်အညီ ပုဂ္ဂလိကဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍအနေဖြင့် ဦးစီးဦးဆောင်ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်၏လိုအပ်ချက်၊ ပြည်သူလူထု၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်မည်ဟုခံယူပါသည်။ အသင်းဝင်များ၏အခက်အခဲ ပြဿနာများ ကို ညှိနှိုင်းအဖြေရှာပြီး အသင်းဝင်များစည်းလုံးညီညွတ်စေရေး ဆောင်ရွက်လျက်ရှိပါသည်။

ခေတ်မီဗိသုကာဒီဇိုင်းများအခြေခံ၍ အရည်အသွေးကောင်းမွန်သော အဆင့်မြင့်အိမ်ရာစီမံကိန်းများကို တည်ဆောက်လျက်ရှိပါသည်။ အာဆီယံဒေသအတွင်း ဆောက်လုပ်ရေးနည်းပညာဖွံ့ဖြိုးမှုနောက်မကျစေရေးလည်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် ဆောက်လုပ်ရေးနည်းပညာဖွံ့ဖြိုးရေးနှင့် ခေတ်ကာလနှင့် လိုက်လျောညီစွာ ပြည်ပဆောက်လုပ်ရေးကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြိုးပမ်းကြရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အသင်းနှင့်အသင်းဝင်များအကျိုးစိတ်ပါဝင်စားစွာ ပါဝင်ဆောင်ရွက်ပေးနိုင်မည့် အပြင် အသင်း၏ရည်ရွယ်ချက်များကို ထိရောက်စွာအကောင်အထည်ဖော်နိုင်သော ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များကို ဖိတ်ခေါ်ပါကြောင်းနှင့် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း၏ ၂၀၁၃ခုနှစ် ဖေဖော်ဝါရီလအတွင်း ကျင်းပပြုလုပ်မည့် နှစ်ပတ်လည်အသင်းသားစုံညီညီလာခံတွင် သင်းဖွဲ့စည်းမျဉ်းအရ နှစ်နှစ်တစ်ကြိမ်ပြုလုပ်သည့် ၂၀၁၃-၂၀၁၄ ခုနှစ် သက်တမ်းအတွက် အလုပ်အမှုဆောင်အဖွဲ့ဝင်များ ရွေးချယ်ခြင်းကိုပါ ပြုလုပ်မည်ဖြစ်ပါသဖြင့် ဗဟိုအလုပ်အမှုဆောင်အဖြစ် အဆိုပြုလိုသူများသည် အသင်းတွင်သတ်မှတ်ထားသော အဆိုပြုလွှာကိုထုတ်ယူပြီး ၁-၂-၂၀၁၃ ရက်(သောကြာနေ့)ညနေ ၄ နာရီနောက်ဆုံးထား၍ အမှတ် ၃/က၊ သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းထောင့်၊ သုဝဏ္ဏလမ်းဆုံရှိ MCEA အသင်းရုံးချုပ်သို့ ပေးပို့နိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက ဖုန်း-၅၇၉၅၆၄၊ ၅၇၉၅၄၇၊ ၅၆၀၇၂၅တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ
လုပ်ငန်းရှင်များအသင်း**

ကန့်ကွက်နိုင်ပါသည်

ဒီဇင်ဘာဥယျာဉ်မြို့တော် အိမ်ရာစီမံကိန်းရှိ မြေကွက်နံပါတ် ၁၃၉ ကို ဝယ်ယူထားသော ဒေါ်ခင်ခင်ဦး ၁၄/မမက(နိုင်)၀၁၄၁၁၅ သည် နာဂစ်၌ မြေကွက်နှင့် ပတ်သက်သော စာရွက်စာတမ်းများ ပျက်စီးဆုံးရှုံးသွားပါသဖြင့် မြေကွက်စာချုပ်မူရင်းအသစ် ထပ်မံချုပ်ဆိုပေးပါရန် ဒီဇင်ဘာဆောက်လုပ်ရေးကုမ္ပဏီတွင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါကအောက်ဖော်ပြပါရုံးသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဒီဇင်ဘာဆောက်လုပ်ရေး
ကုမ္ပဏီလီမိတက်
အမှတ် ၂၇၃(A)၊ ရွှေဂုံတိုင်လမ်း၊
အလယ်ရွှေဂုံတိုင်ရပ်ကွက်၊
ဗဟန်းမြို့နယ်**

သွေးသည် အသက်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ၁ ရပ်ကွက်၊ ဇေယျာသီရိလမ်းပိုင် (ထန်းတပင်လမ်းမ)၊ အမှတ် ၇၉ ဟုခေါ်တွင်သော အခန်း ၁၈ ခန်းပါ ၃ ခန်းတွဲ၊ ခြောက်ထပ်တိုက်၏ အမှတ် ၇၉/ဘီ၊ မြေညီထပ်၊ အလယ်ခန်းအား ပိုင်ဆိုင်သူ ဦးသန်းဇော်စိုး ၉/မနတ(နိုင်)၀၁၇၃၇၄ ထံမှ ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။

အထက်ပါအခန်းနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နန်းသစ္စာ (LL.B)
စဉ်(၂၁၀၆၆) အထက်တန်းရှေ့နေ
ဖုန်း-၀၉-၄၂၁၁၅၈၈၈၀**

ဆောင်းပါးနှင့် နယ်သတင်း

ရခိုင်နေလှန်းဆားကြမ်း ဈေးကွက်ပြန်လည်မြှင့်တင်ရေးကြိုးပမ်း

သတင်းဆောင်းပါး - ကျွန်းသားငမန်း

စစ်တွေ-မောင်တောသွား ရေလမ်းကြောင်းပေါ်ရှိ ရွှေမင်းဂံဆိပ်ကမ်းတွင် အောက်တိုဘာ၊ နိုဝင်ဘာလများက ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လာရောက်နေသည့် ဆားတင်မော်တော်တစ်စင်းစ၊နှစ်စင်းစကို ဆားတင်အလုပ်သမားများဖြင့် တွေ့ခဲ့ရသော်လည်း ဒီဇင်ဘာလဆန်းမှစ၍ မတွေ့ရတော့။ ဆားတင် မော်တော်များ လာရောက်ခြင်းမရှိတော့ကြောင်း သိရသည်။ ရခိုင် နေလှန်းဆားကြမ်းဈေးကွက်မှာ ဘင်္ဂလားဒေ့ရှ် နိုင်ငံဖြစ်သည်။ ၂၀၀၁ ခုနှစ်ခန့်မှစတင်ကာ ဆားကြမ်းများ တင်ပို့ရောင်းချနိုင်ခဲ့ သော်လည်း ၂၀၀၄-၂၀၀၅ ခုနှစ် ဘဏ္ဍာရေးနှစ်အစမှ စတင်ကာ တင်ပို့ခြင်းမပြုနိုင်ခဲ့တော့ပေ။ နိုင်ငံတော်အစိုးရ၏ မီးဖိုချောင်သုံးပစ္စည်းများ ပြည်တွင်းတွင် လုံလောက်စေရေး မူဝါဒနှင့်အညီ နေလှန်းဆား ပြည်ပတင်ပို့ခြင်းကို ခွင့်မပြုတော့ခြင်းကြောင့် ရခိုင်ဒေသမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေလှန်းဆားကြမ်း တင်ပို့မှုကို ရပ်နားခဲ့ရကြောင်း သိရသည်။ ရခိုင် ဆားထုတ်လုပ်သူများသည် ဒေသထွက် နေလှန်းဆားကြမ်းများကို ပြန်လည်တင်ပို့နိုင်ရေး တစိုက်မတ်မတ်ကြိုးစားခဲ့ကြသည်။ နိုင်ငံတော်က ၂၀၀၉-၂၀၁၀ ခုနှစ်မှ စတင်ကာ နေလှန်းဆားကြမ်းများကို ပြည်ပသို့ တင်ပို့ရန် ပြန်ခွင့်ပြုပေးခဲ့သော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရရှိခဲ့ပြီးသော ရခိုင်နေလှန်းဆားဈေးကွက်မှာ ဆုံးရှုံးခဲ့ရသည်။ ရခိုင် နေလှန်းဆားဈေးကွက်သို့ အိန္ဒိယနိုင်ငံမှ ဆားများ ဝင်ရောက်သွားသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံကလည်း မိမိတို့ ဒေသအတွင်း နေလှန်းဆားများကို ထုတ်လုပ်ခဲ့ပြီး နိုင်ငံအကျိုးစီးပွား ကာကွယ်ရေးမူအရ ရခိုင် နေလှန်းဆားကြမ်းများ ဝယ်ယူရန် လိုလိုလားလားမရှိခဲ့ခြင်းကြောင့် ရခိုင် နေလှန်းဆားကြမ်းများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မတင်ပို့နိုင်တော့ပေ။ ရခိုင် နေလှန်းဆားထုတ်လုပ်သူများသည် လုပ်ငန်းမပျက်စေရန် ထိန်း၍ထုတ်လုပ်ခဲ့ကြရသည်။

နေလှန်းဆားဈေးကွက်အဖြစ် ရိုးမအရှေ့ဒေသများကို အားကိုးရောင်းချခဲ့ကြရသည်။ ဧရာဝတီတိုင်းဒေသကြီးမှ ထုတ်လုပ်သည့် ဆားများ၊ တနင်္သာရီတိုင်းဒေသကြီးမှ ထုတ်လုပ်သည့်ဆားများနှင့် ရိုးမအရှေ့ဈေးကွက်တွင် ယှဉ်ပြိုင်ရောင်းချခဲ့ကြရသည်။ သို့ရာတွင် ရခိုင်ဒေသမှ ထုတ်လုပ်သည့်ဆားများမှာ ပိုလျှံနေခဲ့ကြောင်း၊ ရခိုင် နေလှန်းဆားဈေးကွက်သည် ဆယ်စုနှစ် ထက်ဝက်ခန့်မျှ မရေရာ မသေချာသည့် အနေအထားဖြင့်ရှိနေခဲ့ရကြောင်း ဆားထုတ်လုပ်သူလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ရခိုင်နေလှန်းဆားထုတ်လုပ်မှု

ကမ်းရိုးတန်း ဒေသတစ်ခုဖြစ်သည့် ရခိုင်ပြည်နယ်၏ အနောက်ဘက်စွန်းနတ်မြစ်ဝမှသည် အရှေ့ဘက်စွန်း ဂွမြို့နယ် ကျောက်ချွန်ချောင်းဝအထိ အလျားမိုင်ပေါင်း ၄၂၀ ခန့်ရှိသည်။ ရခိုင်ပြည်နယ်တွင် မြို့နယ် ၁၇ မြို့နယ်ရှိပြီး မြို့နယ် ၁၄ မြို့နယ်သည် ပင်လယ်ကမ်းခြေမြို့နယ်များဖြစ်သည်။ အဆိုပါ မြို့နယ်များတွင် နေလှန်းဆားလုပ်ငန်းကို အများအပြား လုပ်ကိုင်လျက် ရှိနေကြသည်။ ၂၀၀၄ ခုနှစ်စာရင်းအရ၊ ကျောက်ဖြူ၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ စစ်တွေ၊ မင်းပြား၊ မြေပုံ၊ သံတွဲ၊ တောင်ကုတ်၊ ဂွ၊ အမ်းနှင့် မောင်တောမြို့နယ်များတွင် ဆားကွင်းပေါင်း ၇၃၈ ကွင်းရှိခဲ့ပြီး ဆားထုတ်လုပ်သည့် ဧရိယာ ၅၁၂၇ ဒသမ ၅၀ ဧက ရှိခဲ့ကြောင်း၊ ထိုစဉ်က ဆားတန်ချိန် ၄၂၀၉၆ ဒသမ ၃၆ တန် ထွက်ရှိခဲ့ကြောင်း သိရသည်။ ရခိုင်ပြည်နယ်မှ နေလှန်းဆားကြမ်းများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့တင်ပို့ခဲ့ရာ ရခိုင် ဆားထုတ်လုပ်မှုသည် တစ်နှစ်ထက် တစ်နှစ် ပိုမိုမြင့်တက်လာခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် ဆားတန်ချိန် တန် ၁၁၁၈၀၊ ၂၀၀၂ ခုနှစ်တွင်တန်ချိန် ၁၀၈၃၀၊ ၂၀၀၃ ခုနှစ်တွင် ၄၀၅၄၃ တန်နှင့် ၂၀၀၄ ခုနှစ်တွင် ၄၂၀၉၆တန်အထိ တိုးမြှင့်ထုတ်လုပ်ခဲ့ကြောင်း စာရင်းများအရ သိရှိရသည်။ ၂၀၀၉ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ဂျပန်နိုင်ငံ ဆူနာမီကြောင့် ဂျပန်အဏုမြူ စက်ရုံများမှ ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်စဉ်က တရုတ်နိုင်ငံမှ ဝယ်လိုအားရှိခဲ့ခြင်းကြောင့် ဈေးကွက်တွင် တစ်ကြိမ်သွက်လက်ခဲ့ပြီး နာဂစ်မုန်တိုင်းအပြီးတွင် တစ်ကြိမ်နှစ်ကြိမ်ခန့် ဆားဈေးကွက်ရှင်သန်သလို ဖြစ်ခဲ့ဖူးကြောင်း သိရသည်။ ၂၀၀၄ ခုနှစ် နောက်ပိုင်း ဆားဈေးကွက် ရှင်သန်သကဲ့သို့ ဖြစ်ခဲ့သော်လည်း အခြားကာလများတွင် ဆားဈေးကွက် အေးနေခဲ့သည်။ ဒေသတွင်း ထုတ်လုပ်မှုနှင့် မလုံလောက်၍ ဧရာဝတီတိုင်းဒေသကြီးမှ မှာယူရကြောင်း၊ ထိုစဉ်က စစ်တွေ နယ်စပ်ကုန်သွယ်ရေးစခန်း ဆိပ်ကမ်းတွင် ဘင်္ဂလားဒေ့ရှ် ဆားတင်မော်တော်ကြီးများကို အမြဲလိုလိုပင်တွေ့ခဲ့ရကြောင်း သိရသည်။ စစ်တွေ ရွှေမင်းဂံ နယ်စပ်ကုန်သွယ်ရေး ဆိပ်ကမ်းသည် အမြဲတမ်း လှုပ်ရှားအသက်ဝင်လျက်ရှိကြောင်း၊ ရခိုင် နေလှန်းဆားဈေးကွက်သည် အိန္ဒိယနိုင်ငံ ဈေးကွက်ကိုလည်း မျှော်မှန်းနိုင်ကြောင်း၊ မကြာမီလှုပ်ရှားအသက်ဝင်လာမည့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖွံ့ဖြိုးရေးစီမံကိန်းပြီးစီးပါက အဆိုပါ လမ်းကြောင်းဖြင့် အိန္ဒိယနိုင်ငံ တောင်ပေါ်ဒေသများသို့ပါ တင်ပို့ရောင်းချနိုင်မည့် အလားအလာကောင်းများ ရှိနေကြောင်းလည်း သိရသည်။

ဆယ်စုနှစ်ထက်ဝက်ကျော်မျှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆားတင်ပို့ခြင်းမရှိခဲ့ရာမှ ၂၀၁၂ ခုနှစ် ဩဂုတ်လက ရခိုင်ဆားများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကုန်သည်များက ဝယ်ယူရန် ကမ်းလှမ်းလာခဲ့ပြီး တန်ချိန် ၁၀၀၀၀ ဝယ်ယူရန် ညှိနှိုင်းသဘောတူညီမှုများ ရရှိခဲ့ကြသည်။ ပထမအသုတ်တန်ချိန် ၃၀၀၀ ကို တစ်ပိဿာကျပ် ၆၀ဖြင့် စတင် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ကတိကဝတ်ဖြင့် သဘောတူညီခဲ့ခြင်းဖြစ်ပြီး တန်ချိန် ၃၀၀၀ ကို နိုဝင်ဘာလဆန်းက အပြီးတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ ကျန်တန်ချိန် ၇၀၀၀ တင်ပို့နိုင်ရန် ဆားဈေးနှုန်း မသတ်မှတ်ရသေးကြောင်း၊ ကုန်သည်များသည် ဆားတစ်ပိဿာ ကျပ် ၅၀ အောက်ဈေးဖြင့် ဝယ်ယူရန်သာ ကမ်းလှမ်းလာကြောင်း သိရသည်။ ဤသို့ ဖြစ်ရခြင်းမှာ ရခိုင်နေလှန်းဆားသည် အရည်အသွေး ညံ့ပြီး သဲနှင့် ရွှံ့ပါဝင်မှု များပြားကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပြန်လည်ဆေးကြော ကြိတ်ခွဲရာတွင် လျော့နည်းမှုများပြားနေခြင်း၊ ၂၀၀၁-၂၀၀၄ ဝန်းကျင်တွင် မိမိတို့နိုင်ငံက တရားဝင် တင်ပို့ခြင်းဖြစ်သော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်မူ မှောင်ခိုဆားဖြစ်နေခြင်းကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံထွက် ဆားများနှင့် အရည်အသွေးတူရန် ဆားများကို ရွှံ့၊ သဲ ရောကာ တင်ပို့ခဲ့ရခြင်းတို့ကြောင့်ဖြစ်ကြောင်း ဆားကုန်သည်တစ်ဦးကဆိုသည်။ ထိုစဉ်က လယ်ကွင်းမှ ကြွက်များကျစ်စာကိုပင် ဈေးပေး၍ ဝယ်ယူခဲ့ရဖူးကြောင်းလည်း သိရသည်။ ၂၀၁၂ ခုနှစ်က တင်ပို့ရာတွင်မူ ယခင်ကကဲ့သို့ တရားမဝင်လက်ခံခြင်းမဟုတ်တော့ဘဲ တရားဝင် လက်ခံတင်ပို့ရောင်းချနိုင်ခဲ့ခြင်းဖြစ်သော်လည်း ရခိုင်ဆား ထုတ်လုပ်သူများသည် ယခင်ကကဲ့သို့ ထင်မှတ်ကာ ရွှံ့နှစ်ရည်လူးဆားများကိုသာ တင်ပို့ခဲ့ခြင်းကြောင့် ဈေးကွက်တွင် ဈေးနှိမ်ခံနေရခြင်းဖြစ်သည်။

ထို့ကြောင့် ရခိုင်ဆားဈေးကွက်မြှင့်တင်ရန်အတွက် ဆားအရည်အသွေးတိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ စစ်တွေခရိုင် ဆားထုတ်လုပ်သူများအသင်း အတွင်းရေးမှူး ဦးသန်းဝင်း(ရွှေပြည့်ဖြိုးကုမ္ပဏီ)က ပြောသည်။ ဆားကောင်း ဆားသန့်များ ထုတ်လုပ်တင်ပို့ခြင်းဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဝင်ရောက်နေသည့် အိန္ဒိယနိုင်ငံထုတ် ဆားများနှင့် ဈေးကွက်ယှဉ်ပြိုင်ရောင်းချနိုင်အောင်ကြိုးစားကြရန်လိုကြောင်းလည်း ၄င်းက သုံးသပ်ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်လည်း ဆားများထုတ်လုပ်လျက်ရှိနေရာ ၄င်းတို့ ကိုယ်၌ကပင် ဆားကောင်းဆားသန့်များ ရရှိရေးအတွက် ထုတ်လုပ်မှုနည်းစနစ်များကို ပြောင်းလဲနေကြပြီ ဖြစ်ကြောင်း၊ နေလှန်းဆားများကို မြေသားပေါ်တွင် နေလှန်းထုတ်ယူခြင်း မပြုကြတော့ဘဲ ပလတ်စတစ်အခင်းဖြင့်သာ ထုတ်ယူနေကြပြီဖြစ်သည်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဆားကွင်းများသို့ သွားရောက်လေ့လာခဲ့စဉ်က တွေ့ရှိခဲ့ရကြောင်းဖြင့်လည်း ပြောပြသည်။ အနာဂတ် ရခိုင်ဆားဈေးကွက်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ တစ်ခုတည်းသာ မဟုတ်တော့။ တည်ဆောက်ပြီးစီးတော့မည့် စစ်တွေပင်လယ်ကူး ဆိပ်ကမ်းမှ တစ်ဆင့် စင်ကာပူ၊ တရုတ် (တိုင်ပေ) ဒေသများသို့ တင်ပို့လာနိုင်မည်ဖြစ်သည့် အပြင် ကုလားတန်မြစ်ကြောင်း ဖွံ့ဖြိုးရေး စီမံကိန်းဖြင့် အိန္ဒိယနိုင်ငံတောင်ပေါ် ဒေသများသို့ပါ တင်ပို့နိုင်ကြမည်ဖြစ်ရာ အထွေထွေသော ဈေးကွက်များကို ယခုကတည်းက ကြိုတင်လေ့လာပြင်ဆင်သွားကြရန် လိုအပ်မည်ဖြစ်သည်။

အနာဂတ်ဆားထုတ်လုပ်နိုင်မှု အလားအလာ

ရခိုင်ပြည်နယ်တွင် ကမ်းရိုးတန်းမြို့နယ် ၁၄ မြို့နယ်ရှိသော်လည်း မာန်အောင်မြို့နယ်မှအပ ကျန်မြို့နယ်များတွင် နေလှန်းဆားများကို ထုတ်လုပ်လျက်ရှိကြောင်းသိရသည်။ လက်ရှိ ဆားလုပ်ကိုင်နေသည့်မြို့နယ်များမှာ စစ်တွေ ဧက ၇၀၊ ပေါက်တော ဧက ၅၀၀၊ ပုဏ္ဏားကျွန်း၂၅ ဧက ၊ ရသေ့တောင် ၂၅ ဧက၊ မင်းပြားဧက ၂၀၊ မြေပုံဧက ၂၀၀၊ ကျောက်ဖြူဧက ၁၅၀၀၊ ရမ်းဗြဲဧက ၁၀၀၊ အမ်း ၁၀ ဧက၊ သံတွဲဧက ၅၀၊ တောင်ကုတ်ဧက ၂၀၊ ဂွဧက ၃၀နှင့် မောင်တောဧက ၂၀၀ဖြစ်ပြီး စုစုပေါင်း ရခိုင်ပြည်နယ်အတွင်း ၁၃ မြို့နယ်၌ ဆားလုပ်ကွက် ဧက ၂၇၅၀ ခန့်ရှိကြောင်း သိရသည်။ ဆား ထွက်ရှိမှုမှာ တစ်ဧက ၁၀ တန်မှ တန် ၂၀ ခန့်ရှိသည်။ လူတစ်ဦး ဆားစားသုံးမှုသည် တစ်နှစ်အတွက် ၁ ဒသမ ၉ ပိဿာခန့်ရှိပြီး လက်ရှိရခိုင်ပြည်နယ် လူဦးရေ သိန်း၃၀အတွက် တစ်နှစ်စားသုံးရန်ဆားလိုအပ်ချက်မှာ တန်ချိန် ၁၀၀၀၀ခန့်သာဖြစ်ရာ နှစ်စဉ်ဆားတန်ချိန် ၃၀၀၀၀ မှ ၄၀၀၀၀အထိ ပိုလျှံကြောင်းလည်းသိရသည်။ အကယ်၍ ဆားဈေးကွက်ကောင်းမွန်လာပါက ဆားကွင်းဧက ၇၀၀၀ အထိတိုးတက်လုပ်ကိုင်လာနိုင်မည်ဖြစ်ကြောင်းလည်း ဆားလုပ်ငန်းရှင်များအသင်းက ဆိုသည်။ ဆားထုတ်လုပ်မှုမှရရှိသည့် အခွန်ဝင်ငွေကို လက်ရှိပြဋ္ဌာန်းထားသော ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြည်နယ်အစိုးရ၏ စီမံခန့်ခွဲပိုင်ခွင့်ရှိနေရာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အနေဖြင့်လည်း ဆားဈေးကွက် ပြန်လည်ရှင်သန်လာရေးနှင့် ဖြစ်ပေါ်လာမည့် ဈေးကွက်သစ်များကို မျှော်မှန်းကာ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ပြောင်းလဲလာသည့်ခေတ်စနစ်နှင့် အညီ အရည်အသွေးမြင့်မားသော ဆားများထုတ်လုပ်နိုင်ရေးတို့ကို အလေးထားတွန်းအားပေး ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း တိုက်တွန်းရေးသားရပေသည်။ တစ်ဆက်တည်းမှာပင် ရခိုင်ဆားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် တရားမဝင် လုပ်ကိုင်နေကြသည့် ဆားကွင်းများ၊ တရားဝင် လုပ်ကိုင်ခွင့် ရရှိနိုင်ရေးကိုလည်း အလေးဂရုပြုသွားရန် လိုအပ်ကြမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

မန္တလေးမြို့၌ hTC Authorised Service Center ဖွင့်

နေပြည်တော် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံတွင် အိုင်တီနှင့် မိုဘိုင်းလ်ပစ္စည်းများ ဖြန့်ချိနေသည့် ထိပ်တန်းကုမ္ပဏီတစ်ခုဖြစ်သော KMD Computer Groupနှင့် မိုဘိုင်းလ်ဆန်းသစ်တီထွင်မှုနှင့် ဒီဇိုင်းတွင် ကမ္ဘာ့ဦးဆောင် ကော်ပိုရေးရှင်းကြီးတစ်ခုဖြစ်သော hTC Corporation (TWSE 2498) တို့သည် hTC Smart Phone များကို မြန်မာနိုင်ငံတွင် တရားဝင် ဖြန့်ချိရန် သဘောတူ လက်မှတ်ရေးထိုးထားပြီး မန္တလေးမြို့၏ hTC Authorised Service Center ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် နံနက် ၁၁ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၇ လမ်း၊ ၂၇×၂၈လမ်းကြား 77 Mobile & IT Mall ၌ကျင်းပရာ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးအောင်မောင်း၊ hTC ၏ CEO ဦးဝင်းသန်း(ခ) Mr. Peter Chou နှင့် KMD Computer Group ဥက္ကဋ္ဌ ဒေါ်တင်တင်အေးတို့က hTC Authorised Service Center ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က hTC Authorised Service Center ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ 77 Mobile & IT Mall အတွင်း IT နှင့် Mobile ပစ္စည်းကုမ္ပဏီအသီးသီးတို့၏ ဆိုင်ခန်းများ ဖွင့်လှစ်ထားရှိမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

အထက်ပါ hTC Authorised Service Center တွင် hTC Mobile Phone များ၊ ဖုန်းအပိုပစ္စည်းများကို ဈေးနှုန်းသက်သာစွာရောင်းချပေးလျက်ရှိသည့်အပြင် သက်တမ်းကုန်ဆုံးသွားသည့် ဖုန်းများကိုလည်း အမြန်ဆုံးနှင့် ဈေးနှုန်းအသက်သာဆုံးဖြင့် ပြန်လည်ပြုပြင်ပေးမည်ဖြစ်ကြောင်းသိရသည်။

ဆက်လက်၍ မန္တလေးမြို့ ဆီဒိုးနားဟိုတယ် အမရပူရခန်းမ၌ hTC Smart Phone များကို မြန်မာနိုင်ငံတွင် တရားဝင် ဖြန့်ချိသွားမည့်အခြေအနေနှင့် တိုးတက်လာသော မိုဘိုင်းလ်နည်းပညာများအကြောင်းကို hTC ၏ CEO က ရှင်းလင်းပြောကြားပြီး မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးအတွက် ငွေကျပ်သိန်း ၁၀၀၀ ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

စာပေဟောပြောပွဲ ကျင်းပမည်

နွားထိုးကြီး ဇန်နဝါရီ ၂၁

နွားထိုးကြီးဈေးသူဈေးသားများ ပရဟိတအဖွဲ့က ကြီးမှူး၍ ပြာသိုလပြည့် အမေနေ့အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် ဓမ္မသဘင်တရားပွဲများကို ဇန်နဝါရီ ၂၄ ရက်မှ ၂၇ ရက်အထိ လေးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဟောကြား

အမေနေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၂၄ ရက် ည ၈နာရီတွင် မြို့နယ်အားကစားခန်းမ၌ မန္တလေး စာရေးဆရာဦးဘုန်း(ဓာတု)က ဟောပြောမည်ဖြစ်ပြီး ၂၅ ရက်တွင် ဆရာတော်ဦးပညာနန္ဒ (သီတဂူကြယ်တစ်ပွင့်- မန္တလေး) ဆရာတော်၊ ၂၆ ရက်တွင် ဆရာတော်အရှင် ဗုဒ္ဓပီယ (ရွှေရောင်မျိုးဆက်သစ်-အင်းကုန်း-ကျောက်ဆည်)နှင့် ၂၇ ရက်တွင် ဆရာတော်ဦးပညာဝံသ (ပုလဲဆရာတော်-မန္တလေး)တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **(ခင်ဇာမွန်မြင့်)**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	အကြောင်းအရာ
(က)	၅၉/မမ/(CE)	အိမ်မဲ-ပန်းတနော်-စက္ကော့လမ်းပိုင်းအတွက် 1" x 1 ½" လမ်းခင်းကျောက် (၁၀၆၅၀)ကျင်း ဝယ်ယူရန်
(ခ)	၆၀/မမ/(CE)	Points & Crossings(42)Sets ,Diamond X'ing (12)Sets , Gauntlet Track (6)Sets ဝယ်ယူရန်
(ဂ)	၆၁/မမ/(CE)	Glyphosate (2640)Liter,Hicote (132)Liter ပေါင်းသတ်ဆေး(၂)မျိုး ဝယ်ယူရန်

တင်ဒါပိတ်မည့်နေ့/အချိန် - ၃၁. ၁. ၂၀၁၃(ကြာသပတေးနေ့)(၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၂၁.၁.၂၀၁၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၄င်းဌာနသို့ စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ကုန်သည်လမ်း နှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့ ဖုန်း - 294352,291994

ပညာမြိုင်းမိုရ်၏စည်းကမ်း၊ပညာ၊အစဉ်အလာကို စုံစမ်းပြီးမှ အပ်နှံပါ။
ပညာမြိုင်းမိုရ်
ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အမှတ်
ကက - ၁၃/၀၉/၀၁၆
မုဂ္ဂလိကအထက်တန်းကျောင်း နှင့်
ကျောင်းသားသီးသန့် ကျောင်းသူသီးသန့်အဆင့်မြင့်ဘော်ဒါ
- ကျောင်းကြီးတက်ရန်မလို၊ကျူရှင်ထပ်တက်ရန်မလို၊တစ်နေရာတည်းတွင် ပြီးပြည့်စုံသည့်ကျောင်း
- နေ့တက်သင်တန်း၊ဘော်ဒါ၊ကျောင်းချိန်လွတ် ညနေပိုင်းဝိုင်း (Grade 9,10,11) ကြိုက်နှစ်သက်ရာ ရွေးချယ်အပ်နှံနိုင်ပါသည်။
- နေ့တက်သင်တန်းနှင့်ဝိုင်းအား လစဉ်ကြေးဖြင့် လက်ခံပေးပါသည်။
- လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်အပ်နှံမှ စိတ်ချရပါလိမ့်မည်။ ကျောင်းကားကြို/ပို့စီစဉ်ပေးသည်၊

၅-တန်းမှ ၁၀-တန်းအထိ
၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ကြို အ ပ် လ က် ခံ ပါ ပြီ ။

၅၉/၃၈၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့။ (အောင်ရတနာဆေးရုံဝင်း)
Phone - 09 73004720, 09 5001158, 09 500 2947, 01 561321

FAME
GynuHerb®
Natural medicine for diabetes
ပျားမြီးရွက်ဆေး
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 009054 (0814)
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၇)

FAME
Aloeheal®
Herbal cracked heels cream
ခြေဖနောင့်ကွဲအက်ပျောက်ဆေး
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
0313 YR 008394
၂/၂၀၀၂၊ တဆထလ/တိုး(၀၆၅၇) ခြေဖနောင့် နှင့် တံတောင်ဆစ် ကွဲအက်ခြင်း၊ အသားမာဖြစ်ခြင်း၊ ခြေဖနောင့်တွင် မှိုစွဲနာဖြစ်ခြင်းတို့ကို ကာကွယ်ကုသရန်

ကြော်ငြာ

စိုးစံ မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် သူငယ်ချင်းမိသားစုများတွေ့ဆုံပွဲ

ပြင်ဦးလွင်မြို့ စိုးစံဘော်ဒါဆောင်၏ မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲအခမ်းအနားကို ၁၉၉၂-၁၉၉၃ ပညာသင်နှစ်တွင် ၈၊ ၉၊ ၁၀ တန်း၌ ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်း သူငယ်ချင်းများမှ ဦးဆောင်ကျင်းပပါမည်။ အခုအချိန်ဆို ဘဝသံသရာထဲမှာ မိသားစုကိုယ်စီနှင့် ဘဝတိုက်ပွဲကို ရင်ဆိုင်ယှဉ်ပြိုင် အနိုင်နွဲ့နေလောက်ပြီပေါ့။ ဘဝဆိုတာ ဘာမှနားမလည်သေးခင် အသိ၊ ပညာ၊ ယဉ်ကျေးလိမ္မာအောင် သင်ကြားပေးခဲ့ကြသော ဆရာ ဆရာမများကို ကန်တော့ရင်း တို့တစ်တွေ ခွဲခွာခဲ့ကြတာ နှစ်ပေါင်း(၂၀)ပြည့် အထိမ်းအမှတ်အနေနဲ့ တို့တစ်တွေရဲ့ မြတ်ဆရာပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲ အစီအစဉ်လေးတစ်ခုကို သူငယ်ချင်းတို့နှင့်အတူ ပြန်လည်ဆုံစည်းရအောင် စီစဉ်ထားတယ်ကွာ။

အနယ်နယ်အရပ်ရပ်ရှိ ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အားလုံးမပျက်မကွက် တက်ရောက်ကြပါရန်၊ အဆိုပါမြတ်ဆရာပူဇော်ကန်တော့ပွဲ ကျင်းပနိုင်ရေးနှင့် အလှူငွေရှာဖွေနိုင်ရေးအတွက် ကိုဇော်မြင့်အောင် ဖုန်း-၀၉-၂၀၄၆၁၀၅၊ ကိုတင့်နိုင် ဖုန်း-၀၉-၄၂၀၁၁၂၀၃၅၊ ကိုသိန်းအောင် ဖုန်း-၀၉-၄၄၄၀၀၀၇၁၁၊ ကိုသူရဇော် ဖုန်း-၀၉-၅၁၂၇၅၆၉၊ ကိုသူရသော် ဖုန်း-၀၉-၂၀၂၂၇၇၉၊ ကိုမြင့်စိန် ဖုန်း-၀၉-၄၃၀၃၈၁၈၈ တို့ထံ ဇန်နဝါရီ ၃၁ ရက်နောက်ဆုံးထားပြီး ကြိုတင်ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ပါသည်။ နေထိုင်တည်းခိုရန်အတွက် စီစဉ်ရမည်ဖြစ်ပါသောကြောင့် အခမ်းအနားသို့ တက်ရောက်မည့်သူများ ကြိုတင်စာရင်းပေး အကြောင်းကြားပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၃ရက် (တနင်္ဂနွေနေ့)

ကျင်းပမည့်အချိန် - ညနေ ၅ နာရီ

ကျင်းပမည့်နေရာ - သီရိမြန်မာဟိုတယ်၊ သစ်တောလမ်း၊ ရပ်ကွက်ကြီး(၆)၊ ပြင်ဦးလွင်မြို့

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၅

ဒေါ်သီတာဦး **နှင့်** ဦးအုန်းလှိုင်

တရားလို **တရားပြိုင်**

ဦးအုန်းလှိုင် အမှတ် ၃၈၀(ခ)၊ စွယ်တော်လမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်သီတာဦးက ၄င်းပိုင်မြေဖြစ်ကြောင်း မြွက်ဟကြေညာပေးပါရန်နှင့် လက်ရောက်ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၄ရက် (၁၃၇၄ခုနှစ် ပြာသိုလပြည့်ကျော် ၉ရက်) နံနက် ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇန်နဝါရီ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးပေးလိုက်သည်။

ခင်သန်းကြည်(တ/၂၀၇၀)
တွဲဖက်မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

IT COMPUTER & LANGUAGE CENTER
VIDEO EDITING

Premiere CS3, After Effect CS3, Cinema4D, Photoshop CS3, Poser, Flash MX စသည့် Software များဖြင့် တည်းဖြတ်ဖန်တီးမှုများသင်ကြားပေးမည်။ Video Edit ရုပ်သံဖန်တီးမှု နည်းပညာ နှင့် ရုပ်သံ Station များတွင် လုပ်ကိုင်လိုသူများ၊ အလှူ၊ ရှင်ပြု၊ မင်္ဂလာဆောင်၊ MTV, Karaoke, TV ကြော်ငြာ၊ Animation 3D ကြော်ငြာများ ပြုလုပ်ခြင်းများကို Video File များ၊ Tutorial များစွာဖြင့် သင်ကြားရမည်။ သင်တန်းသားများ အနေဖြင့် သင်တန်းမှ Video Camera ဖြင့် Out Door ထွက်၍ ရိုက်ကူးတည်းဖြတ်ထုတ်လုပ်ဖန်တီးမှုတွေကို စနစ်တကျ သင်ကြားပေးပါသည်။

အမှတ် - ၃၅၆၊ မဟာဗန္ဓုလလမ်းမကြီး၊ ဆိပ်ကမ်းသာလမ်းထိပ်။ ဖုန်း - ၀၉၄၉၂၉၀၇၇၇ - ၃၇၃၇၉၃ - ၂၅၃၂၉၃

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၂၇၇၀၂ ယာဉ်လက်ဝယ်ရှိသူ ဦးခင်စိုး ၁၂/တမန(နိုင်)၀၄၃၈၄၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရမည်းသင်းမြို့)**

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးသန်းလှိုင်-ဒေါ်မြင့်မြင့်စိန်တို့၏သား မောင်မြတ်နဒီ(ခ)မောင်နဒီသည် မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်သဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဒေါ်မြင့်မြင့်စိန် ၉/မထလ(နိုင်)၁၃၆၉၂၄

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ ၅၀၀ ကေဗွီ သပြေဝ (မိတ္ထီလာ)-တောင်ငူ မဟာဓာတ်အားလိုင်း တည်ဆောက်ခြင်းစီမံကိန်းအတွက် လိုအပ်သော Tool & Equipment များကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၄-၁-၂၀၁၃ရက်

တင်ဒါပိတ်မည့်ရက် - ၁၄-၂-၂၀၁၃ရက်

တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၃၉၁၊ ၀၆၇-၄၁၀၂၈၂

ဟင်္သာတ G.T.I မြတ်ဆရာပူဇော်ပွဲ

ပဉ္စမအကြိမ်မြောက် ဟင်္သာတ **G.T.I** မြတ်ဆရာပူဇော်ပွဲကို ယခုနှစ်တွင် ယခင် **G.T.I** ကျောင်းဟောင်းကြီး (ယခုကွန်ပျူတာတက္ကသိုလ်ကြီး)၏ ဧရာထွန်းခန်းမကြီးတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အောက်ပါပုဂ္ဂိုလ်များထံသို့ ဆက်သွယ်လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၃-၂-၂၀၁၃ ရက် (စနေနေ့)

ကျင်းပမည့်အချိန် - နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ

နေပြည်တော်- ၁။ ကိုသောင်းရင်းဦး **(87-MP)** ဖုန်း-၄၂၀၇၁၀၇၈၉၊ ၂။ ကိုခင်မောင်ဦး **(92-EP)** ဖုန်း-၄၃၀၁၅၆၄၄

ရန်ကုန်- ၁။ ကိုဝင်းခင် **(85-C)** ဖုန်း-၅၀၈၅၇၈၇၊ ၂။ ကိုသန်းတုတ် **(86-C)** ဖုန်း-၅၁၂၃၀၀၂၊ ၃။ ကိုစဖုန်းအောင် **(87-C)** ဖုန်း-၈၅၆၈၁၁၁၊ ၄။ မစန်းယုမော် **(91-C)** ဖုန်း-၄၃၀၄၁၄၀၉၊ ၅။ ကိုအေးနိုင် **(92-MT)** ဖုန်း-၅၀၇၀၅၇၃၊ ၆။ ကိုစိုးနိုင် **(82-EP)** ဖုန်း-၅၁၂၃၆၆၉၊ ၇။ မသန်းဆင့်ဝင်း **(93-C)** ဖုန်း-၀၁-၃၇၄၂၆၉၊ ၈။ ကိုဆန္ဒမောင် **(96-EP)** ဖုန်း-၇၃၀၁၇၃၃၄၊ ၉။ မတင်မိုးခိုင် **(96-C)** ဖုန်း-၅၁၇၈၂၆၁၊ ၁၀။ ကိုကျော်စွာဝင်း **(97-C)** ဖုန်း-၅၀၄၂၉၉၈၊ ၁၁။ ကိုဝင်းထွန်း **(97-C)** ဖုန်း-၅၁၂၅၈၅၇၊ ၁၂။ ကိုဇော်ဇော် **(96-MP)** ဖုန်း-၅၀၇၉၅၈၄၊ ၁၃။ မစိမ့်စိမ့်မျိုး **(97-MT)** ဖုန်း-၇၃၀၂၄၁၆၇၊ ၁၄။ မတိုးကြီး **(97-MT)** ဖုန်း-၄၉၃၂၇၇၅၂၊ ၁၅။ မမာလေး **(98-MT)** ဖုန်း-၄၅၀၀၄၂၁၆၇

ဟင်္သာတ- ၁။ ကိုဆန်းထွန်းဦး **(87-EP)** ဖုန်း-၈၅၈၀၁၅၅၊ ၂။ ကိုတင်ဝင်း**(91-MP)** ဖုန်း-၄၀၁၅၃၈၈၄၂၊ ၃။ ကိုအောင်ကျော်သာ **(2000-EP)** ဖုန်း-၅၂၀၈၄၂၆

ဘဏ်အကောင့်နံပါတ်-**U Song Oo- 0041210194871-KBZ (PH-5171112)**သို့လည်း ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

သွားလာရေးအစီအစဉ်

၁။ စုရပ်(၁) ဒဂုံစင်တာ **II** ရှေ့၊ မြေနီကုန်း- ထွက်။ ။ နံနက် ၄ နာရီ

၂။ စုရပ်(၂) စီးတီးမတ်ရှေ့၊ သမိုင်းလမ်းဆုံ- ထွက်။ ။ နံနက် ၄း၁၅ နာရီ

၃။ စုရပ်(၃) ဒဂုံဇရာအဝေးပြေးရှေ့၊ လှိုင်သာယာ- ထွက်။ ။ နံနက် ၄း၃၀ နာရီ

ဇလွန်ပြည်တော်ပြန်ဘုရားကြီးအား ဝင်ရောက်ဖူးမြော်၍ နေ့ချင်းပြန်ဖြစ်ပြီး ကားအရေအတွက် ကြိုတင်စီစဉ်ရမည်ဖြစ်သောကြောင့် လိုက်ပါကြမည့် ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး ခုနစ်ရက်ကြိုတင်၍ အောက်ပါဖုန်းနံပါတ်များသို့ အကြောင်းကြားပေးပါရန် လေးစားစွာ အသိပေးအပ်ပါသည်။

ဖုန်း-၀၉-၅၁၀၀၀၃၂၊ ၀၉-၅၁၇၅၀၄၇၊ ၀၉-၇၃၀၁၇၃၃၄၊ ၀၉-၇၃၉၀၀၇၈၈

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဋ္ဌဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

မန္တလေးခရိုင်တရားရုံး

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၄၇၅

ဒေါ်ဝင်းဝင်းကြည် **နှင့်** ဒုတိယဗိုလ်မှူးကြီးညွန့်စိန်

တရားလို **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ညည-၁၀/၁၆-၆၁၊ လမ်းကျောကပ်နေ ဒုတိယဗိုလ်မှူးကြီးညွန့်စိန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဝင်းဝင်းကြည်က အစုရှယ်ယာထည့်ဝင်ငွေနှင့် မြေယာပြုပြင်စရိတ် ကျပ်သိန်း ၃၅၀ ပြန်လည်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၁ရက် (၁၃၇၄ခုနှစ် ပြာသိုလပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇန်နဝါရီ ၁၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

နန်းခမ်းဆာ
ဒုတိယခရိုင်တရားသူကြီး(၃)
မန္တလေးခရိုင်တရားရုံး

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ခ/၉၈၀၂ Isuzu ELF လိုက်ထရပ် (4x2)ယာဉ်လက်ဝယ်ရှိသူ ဦးဇော်နိုင်ဦး ၉/မရမ(နိုင်)၀၈၆၅၂၄က (ကမ-၃) စာအုပ်ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

"စိုင်းစွန်နောင်" ကုမ္ပဏီမှ (ပြည်တွင်း၌သာ ခန့်ထားရန်)

၁။ (အိမ်၊ခြံ၊မြေ)စိတ်ဝင်စားသူ ကျား/မ - (၂၀) ဦး
အသက်(၂၅)နှစ်မှ (၄၀)နှစ် အတွင်းဖြစ်ရမည်။
ရုပ်ရည်ပြေပြစ်ရမည်။

၂။ အင်ဂျင်နီယာ B.E (Civil) ကျား/မ - (၅) ဦး
လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၅)နှစ် ရှိရမည်။

မှတ်ချက် ။ ။ အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။

အမှတ်(၁)၊ မြေညီထပ်၊ ပင်ရွှေညောင်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

Ph: 541501, 551197, 400781,
09 73029696,09 73165656, 09 73104200

ဖခင်အမည်မှန်

ပေါက်ခေါင်းမြို့ အထက အိုးဘိုကုန်း နဝမတန်း(A)မှ မဆုမွန်ကျော်၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၇/ပခတ(နိုင်)၀၄၉၅၃၀အရ ဦးကျော်ဇင်ဝင်းဖြစ်ပါကြောင်း။ **ဦးကျော်ဇင်ဝင်း**

ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၁-၂၀၁၃ရက်နေ့ မြန်မာ့အလင်းသတင်းစာ စာ-၁၈ ပါ ဒေါ်သန်းရုံ(ယုံ) သိရှိစေရန် ကြေညာချက်၌ တာမွေမြို့နယ်၊ ဘယသုဒ္ဓိလမ်း၊ အမှတ် ၁၅ ဟု ပြင်ဆင်ဖတ်ရှုပါရန်။**ဦးမျိုးမော် ဖုန်း-၀၉-၅၁၅၆၆၈၃**

KBJ (ကိုရီးယားဘာသာစကားသီးသန့်သင်တန်းကျောင်း)

EPS-TOPIK စာမေးပွဲဖြေဆိုပြီး ကိုရီးယားသွားမည့်သူများအတွက် တန်းခွဲသစ်များစပြီ။

52(b), ၄လွှာ၊ အင်းစိန်လမ်း၊လှည်းတန်း၊ စံရိပ်ငြိမ် ၃ လမ်းနှင့် ၄ လမ်းကြား H.P: 09-51-66258; 09-430-97510

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၁၊မြေကွက်အမှတ် ၅၂၂၊ မြေကွက်တည်နေရာအမှတ် ၅၂၂၊ (၁၅၁)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဦးအေးမောင်အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးအေးမောင်ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဒေါ်ကေခိုင်ထွန်းမှ ဝယ်ယူ၍ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ ဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှား(ဂရန်)လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၃)၊ မြေကွက်အမှတ် ၁၃၄၇ အမည်ပေါက် ဦးသန်းဝင်း ကေတီအန်-၀၇၈၂၄၂၏ မြေကွက်ကို ဝယ်ယူပိုင်ဆိုင်သူ ဒေါ်မြတ်ခိုင်သွယ် ၁၂/ကတန(နိုင်)၀၆၄၆၇၉က မြေကွက်စလစ်(မူရင်း)နှင့် ငွေသွင်းချလန်(မူရင်း)တင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အများပြည်သူသိရှိရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၈(က)၊ မောင်းမကန်ကမ်းသာလမ်း၊ မြေကွက်အမှတ်(၂၃၇)ဟုခေါ်တွင်သော အကျယ်အဝန်းပေ (၄၀×၆၀)ရှိမြေနှင့် ၄င်းမြေပေါ်ရှိ အိမ်နှင့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးစိန်လင်း ၁၂/သဃက(နိုင်)၀၀၃၅၇၉ထံမှ ကျွန်မ ဒေါ်မြမြကျင် ၁၂/သဃက(နိုင်)၀၉၂၈၆၈က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စကို ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်မထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မြမြကျင် ၁၂/သဃက(နိုင်)၀၉၂၈၆၈
အမှတ် ၅၂၊ လေးဒေါင့်ကန်လမ်း၊
လေးဒေါင့်ကန်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၅၇၇၆၅၄၊၀၉-၅၄၀၈၀၇၅

ကြော်ငြာစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)

မန္တလေးခရိုင်တရားရုံး၌

၂၀၁၃ခုနှစ် တရားမအထွေထွေအမှုအမှတ်-၄

(ကွယ်လွန်သူ ဦးရန်ရှင်းနှင့် ဒေါ်ကျင်ဝင်း(ခ)ဒေါ်အေးအေးစု ကျန်ရှိရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု)

ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်၊ ၂၆×၇၈လမ်းထောင့်၊ အခန်း ၁၁၊ တိုက်(A)၊ ပထမထပ်၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးရန်ရှင်းနှင့် ဒေါ်ကျင်ဝင်း(ခ)ဒေါ်အေးအေးစု ကျန်ရှိသောပစ္စည်းနှင့်စပ်လျဉ်း၍ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်း မောင်အောင်ဖြိုးပိုင်က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားလာသဖြင့် ဤအမှုကို ၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၆ရက် (၁၃၇၄ခုနှစ် ပြာသိုလပြည့်ကျော် ၁၁ရက်)တွင် ကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးရန်ရှင်းနှင့် ဒေါ်ကျင်ဝင်း(ခ)ဒေါ်အေးအေးစု၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးသက်ဆိုင်သည်ဟု အဆိုရှိသူ မည်သူမဆို အဆိုပါအမှုတွင် လာရောက်အမှုဆိုင်လိုပါက ချိန်းဆိုထားသော ၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၆ရက်၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နည်းလမ်းတကျလွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း လာရောက်အမှုဆိုင်ရန်နှင့် အမွေထိန်းလက်မှတ် ထုတ်ပေးခြင်းမပြုမီ သက်ဆိုင်ရာအမှုတွဲကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ ယင်းကဲ့သို့ လာရောက်အမှုဆိုင်ရန် ပျက်ကွက်ခဲ့လျှင် တရားရုံးက လျှောက်ထားသူ မောင်အောင်ဖြိုးပိုင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးကြားနာ၍ စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၁၃ခုနှစ် ဇန်နဝါရီ ၁၆ရက်တွင် ဤတရားရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စိုးစိုး
တွဲဖက်ခရိုင်တရားသူကြီး
မန္တလေးခရိုင်တရားရုံး

ကြော်ငြာ

Tah lee Gold Tah lee Gold Tah lee Gold Tah lee Gold Tah lee Gold Tah lee Gold

စိန်ရွှေရတနာဆိုင်

ဤဆိုင်မှ ၁၅ပဲရည်၊ ၁၆ပဲရည် ရွှေထည်ပစ္စည်းများ အရောင်မကျစေရ မဖြူစေရ၊ မနီစေရ လုံးဝလုံးဝအာမခံပါသည်။

ဤဆိုင်မှဝယ်သော စိန်ထည်များကို နားလည်တတ်ကျွမ်းသူမှကြည့်၍ ဈေးမတန်ဟုဆိုက ဝယ်သည့်နေ့မှ (၃)ရက်အတွင်း ပြန်လာပေးနိုင်ပါသည်။ ဝယ်သည့်တန်ဖိုးတစ်ပြားမှ မနုတ်ဘဲပြန်ပေးပါမည်။

ဤဆိုင်မှဝယ်သော စိန်ထည်များကို ပြန်ရောင်းလျှင် ကာလတန်ဖိုး၏၉၀% လဲလျှင်ကာလတန်ဖိုး၏၉၅% ပြန်ပေးပါသည်။ (အလျော့တွက်မနုတ်ပါ)

စိန်ထည်ရွှေထည်များကိုပန်းထိမ်ကြေးဖြင့် ဖောက်သည်ပေးပါသည်။

● အမှတ်(၇၅)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ဖုန်း - ၅၂၆၂၁၄၊ ၅၁၂၉၂၂၊ ၅၀၅၁၄၄၊ ၅၁၂၆၉၆

အမည်ဖြည့်စွက်ခေါ်ပါရန်

ဦးချစ်လေး၏သား (VIII A)တွင် ပညာသင်ကြားနေသော မောင်ကျော်ဇာက် ချစ်အား ကျော်ဇာက်ချစ်(ခ)ဇင်မင်းခန့်ဟု ဖြည့်စွက်ခေါ်ပါရန်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၄၈၅၀၆ Hi Bird 110 MIC ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်ခိုင် ၈/နမန(နိုင်)၁၁၅၀၄၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

FAME

Starnise®

Natural medicine for influenza

နာနတ်ပွင့်ဆေး

TMR 009069 (0714)

၂/၂၀၀၂၊ တဆထလ/တိုး(၀၆၅၇)

ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

စီးပွားရေးတက္ကသိုလ်(ရန်ကုန်)
1st Batch ဘွဲ့ရ (၁၉၆၅-၁၉၆၆) ကျောင်းသားကျောင်းသူဟောင်းများ၏
ဒုတိယအကြိမ်ဆရာကန်တော့ပွဲ

၂၀၁၃ခုနှစ် မတ်လ နောက်ဆုံးအပတ်တွင် ကျင်းပရန်နှင့် နေ့ရက်၊ အချိန်နှင့် နေရာတို့ကို ထပ်မံကြော်ငြာပါမည်။ အောက်ပါကျောင်းသား ကျောင်းသူဟောင်းများထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ ဦးအောင်သိန်း ဖုန်း-၀၉-၅၀၀၁၆၁၉၊ ဦးအေးဆွေ ဖုန်း-၅၀၂၃၆၃၊ ဦးဆန်း ၅၁၁၈၉၅၊ ဒေါ်အေးသန့် ဖုန်း-၅၃၄၆၆၃၊ ဒေါ်ကြည်ကြည်မြိုင် ဖုန်း-၆၆၇၄၈၀၊ ဒေါ်သန်းတင့် ဖုန်း-၆၆၇၇၉၃၊ ဦးစိုးတင့်အောင် ဖုန်း-၅၆၅၇၂၃၊ ဦးသန်းထွန်းလွင် ဖုန်း-၃၈၇၇၂၉၊ ဦးအောင်မြိုင် ဖုန်း-၅၃၆၉၃၄၊ ဒေါ်နွဲ့နွဲ့ဆွေ ဖုန်း-၅၅၅၂၉၃၊ ဒေါ်မာမာအေး ဖုန်း-၀၉-၅၁၆၈၈၉၁၊ ဒေါ်စန်းစန်းနု ဖုန်း-၀၅၂-၂၂၈၂၂၊ ဒေါ်ခင်အေးနွယ် ဖုန်း-၅၅၇၇၆၄၊ ဒေါ်ခင်ခင်စု ဖုန်း-၅၅၅၂၇၇၊ ဦးခင်မောင်လွင် ဖုန်း-၀၉-၅၃၅၂၁၂၇၊ ဒေါ်ကြည်ကြည်သော် ဖုန်း-၅၇၃၀၉၀၊ဦးသန်းထွန်း ဖုန်း-၃၉၂၁၄၅၊ ၀၉-၅၀၀၅၀၉၇၊ဒေါ်ခင်ခင်ညွန့် ဖုန်း-၂၁၂၈၈၁၂။

ဖြစ်မြောက်ရေးအဖွဲ့

ဖိတ်ကြားအပ်ပါသည်

N.T.W အမှတ်စဉ် ၁ မှ ၁၆ BNSC အမှတ်စဉ် ၁ မှ ၄ အထိ BNSC Brother များအားလုံး၏ စတုတ္ထအကြိမ် သက်ကြီးပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲအား အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ အစ်မကြီးများ၊ ညီမများ၊ သူငယ်ချင်းများ Brother များအားလုံး မပျက်မကွက်(မပျက်မကွက်)တက်ရောက်ကြပါရန်နှင့် ဆက်သွယ်ရန် ဖိတ်ကြားအပ်ပါသည်။

ကန်တော့ခံ အစ်မကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် လေးစားစွာပန်ကြားအပ်ပါသည်။

နေ့ရက် - ၁၇-၃-၂၀၁၃ ရက်
အချိန် - နံနက် ၉း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီအထိ
နေရာ - တပ်မတော်သူနာပြုနှင့် ဆေးဘက်ဆိုင်ရာတက္ကသိုလ်၊ မင်္ဂလာဒုံ

အလှူဖြစ်မြောက်ရေးအဖွဲ့

အထူးကျေးဇူးတင်ရှိခြင်း
ဒေါ်ကုလားမ(ခ) ဒေါ်ခင်မမ (မုံရွာ)
အသက် (၉၀)

၁၁-၁-၂၀၁၃ရက် (သောကြာနေ့)က ကွယ်လွန်သွားသော ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်မမ၏ နာရေးတွင် လူကိုယ်တိုင်လည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း၊ Email ဖြင့်လည်းကောင်း၊ သတင်းမေးဝမ်းနည်းစကားပြောခဲ့ကြသော ဆွေမျိုးမိတ်ဆွေသူငယ်ချင်းများ အားလည်းကောင်း၊ နာရေးကိစ္စအဝဝကို လိုလေသေးမရှိ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော ဆွေမျိုးမိတ်ဆွေသူငယ်ချင်းများ၊ မုံရွာမြို့ တရုတ်အမျိုးသားအသင်းများမှ ပုဂ္ဂိုလ်များ၊ ဒေဝဂတိ နာရေးကူညီမှုအသင်းနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း ကျေးဇူးအထူးတင်ရှိပါကြောင်း။

ခင်ပွန်း-ဦးတိုက်ငါး(ခ)တန်တိုက်ငါး
သားသမီးများ-ဒေါက်တာအောင်ကျော်မြင့်-အစော(ခ)ဒေါ်သင်းကြူ
ကိုသူရ၊ (ကိုအောင်နိုင်)-ဒေါ်တင်တင်မြ၊
ပို့ပို့(ခ)ဒေါ်အေးအေးမာ၊
ကိုဇော်ဇော်-မခင်မာဆွေ၊
မြေး-ကိုတိုးဝင်းထွန်း-မစောစုစုအောင်၊
မစောယုယုအောင်၊ မောင်ပိုင်မင်းဟန်၊
မောင်ရဲဝင့်အောင်၊ မောင်ညီညီအောင်၊
မြစ်-မောင်သစ်လွင်ဝင်းသန့်

တိုင်းရင်းသား/တိုင်းရင်းသူ
သင်တန်းသား/သူများဖိတ်ခေါ်ခြင်း

မြန်မာရုပ်ရှင်လုပ်ငန်းနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့၏ ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ခဲ့သော စကားဝါ သရုပ်ဆောင်သင်တန်းသည် ကွယ်လွန်သူ စာရေးဆရာဒါရိုက်တာကြီး ရှမဝဦးကျော်၏နှစ်(၁၀၀)ပြည့် ပညာဒါန သရုပ်ဆောင်သင်တန်းနှင့်ကွယ်လွန်သူ စာရေးဆရာ ဒါရိုက်တာကြီး ဦးသုခ၏ နှစ်(၁၀၀)ပြည့် ပညာဒါနသရုပ်ဆောင် သင်တန်းများဖြင့် ဖွင့်လှစ်သင်ကြားပေးခဲ့ရာ၄င်းသင်တန်းများတွင် သင်ကြားပြသပေးခဲ့သော ပညာရှင်ကြီး အသီးသီး၏သင်ကြားပို့ချချက်များနှင့်အတူ ပြည်ပမှပညာရှင်ကြီးများ မြန်မာနိုင်ငံသို့လာရောက်သင်ကြားပေးခဲ့ရာတွင် စကားဝါသင်တန်းမှလေ့လာတက်ရောက်သင်ယူခဲ့သည်များကို စုဆောင်းလျက် ပြည်ထောင်စုနေ့အားရည်မှန်း၍ တိုင်းရင်းသားလူငယ်မောင်မယ်များအတွင်းသရုပ်ဆောင်အခြေခံများ သိရှိစေရန်ရည်သန် သင်ကြားပေးမည် ဖြစ်ပါသဖြင့် တိုင်းရင်းသား/တိုင်းရင်းသူ သင်တန်းသားများဆက်သွယ် တက်ရောက် ကြပါရန် လှိုက်လှဲသောစေတနာဖြင့် နွေးထွေးစွာဖိတ်ခေါ်အပ်ပါသည်။
(ကန့်သန့်ဦးရေကိုရွေးချယ်လက်ခံပါမည်)
(ပညာဒါနဖြစ်၍မည်သည့်ငွေကြေးတစ်စုံတစ်ရာမှကောက်ခံမည်မဟုတ်ပါ)
အမှတ်(၂) မိုးကောင်းလမ်း၊ စကားဝါခန်းမ၊ ရန်ကင်း။ဖုန်း- ၅၄၁၀၀၂

လှူဒါန်းနိုင်ပါသည်

ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်ကျေးရွာအုပ်စု၊ မြို့ဦးကျောင်းတိုက်အတွင်း **ဝင်းရွှေစင်** စိန်ရွှေရတနာဆိုင်မှ မတည်ငွေကျပ် သိန်း ၁၀၀ နှင့် အလှူရှင်များ စုပေါင်း၍ ဓမ္မဗိမာန်တော်ကြီး စတင်တည်ဆောက်နေပြီဖြစ်ရာ (၁၁)ပေပတ်လည် တစ်ခန်းလျှင် ကျပ်သုံးသိန်းဖြင့် လှူဒါန်းလိုပါက ဖုန်း-၀၉-၄၉၄၄၀၄၁၉၊ ၀၉-၄၂၈၀၁၈၀၅၄၊ ၀၉-၄၂၈၁၂၀၂၉၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်မ ဒေါ်နန်းပုံ့န်း ၁၃/တခလ(နိုင်)၀၀၉၀၃၃သည် တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ) ရပ်ကွက် ၅ လမ်း၊ အိမ်အမှတ် (၆/၂၇)ရှိ ဧရိယာ ၀ ဒသမ ၀၆၁၄ဧကရှိ မြေကွက်အား မြေငှားဂရန်လျှောက်ထားရန်အတွက် မြေစာရင်းပုံစံ (၁၀၅)ရေးကူးခွင့်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ သတင်းစာကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဒေါ်နန်းပုံ့န်း ၁၃/တခလ(နိုင်)၀၀၉၀၃၃

ပြင်ဆင်ဖတ်ရှုပါရန်	၁၇-၁၀-၂၀၁၂ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၁ပါ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာဇယားအမှတ်စဉ် ၁၄ပါ မြေကွက်အမှတ် ၂၁ဘီ၂ အစား ၂၁ဘီ၁ ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်သန်းလှိုင်(နီနီ)
တာဝန်ခံမန်နေဂျာ(ဘဏ္ဍာရေး)
မြန်မာ့သစ်လုပ်ငန်း
ဧရာဝတီတိုင်းဒေသကြီး

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အမှတ်(၁၁)၊ကန့်ကော်လမ်းသွယ်၊ငါးထပ်ကြီး ဘုရားလမ်းနေ(ဦးထွန်းစိန်)၏ဇနီး ဒေါ်ခင်သန်းလှိုင် ကွယ်လွန်ခြင်းအတွက် အလုပ်အပေါ် စေတနာထား စိတ်ထားဖြူသူ လုပ်ဖော်ကိုင်ဖက်တစ်ဦးဆုံးရှုံးခြင်းကြောင့် ကျန်ရစ်သူမိသားစု နှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

အထွေထွေမန်နေဂျာ(ဘဏ္ဍာရေး)နှင့် အရာထမ်း/အမှုထမ်းများ
ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန
မြန်မာ့သစ်လုပ်ငန်း

